# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော် (၈)ရက် ၊ အင်္ဂါနေ့ ၊ (14-10-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၁၆၇)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro–based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကအရေးအတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပဲခူးတိုင်းဒေသကြီး ကရင်တိုင်းရင်းသားရိုးရာအကအဖွဲ့ကို ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် အောက်တိုဘာ ၁၃**

၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိ ဗိမာန်သဘင်ဆောင်၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး ဆုများ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊


စာမျက်နှာ ၁၆ ကော်လံ ၁





ရတနာပုံ
၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၄ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံသားတစ်ဦး၏တာဝန်ကျေပွန်ဖို့ မဲပေးကြစို့

မြန်မာနိုင်ငံတွင် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပမည်ဖြစ်ရာ ရွေးကောက်ပွဲကျင်းပရန် ယနေ့မှစ၍ ၇၅ ရက်သာလိုတော့သည်။ ထို့ကြောင့် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် နိုင်ငံသားတစ်ဦး၏တာဝန်ဖြစ်သည့် မဲပေးခြင်းကို ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာဖော်ဆောင်နိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတစ်နိုင်ငံတွင် ရွေးကောက်ပွဲသည် အရေးကြီးသည့်အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ရွေးချယ်လိုက်သည့် ရွေးကောက်ပွဲစနစ်တစ်ခုသည် နိုင်ငံ၏အနာဂတ်နှင့် နိုင်ငံရေးပုံရိပ်တို့အပေါ်တွင် များစွာသောအကျိုးသက်ရောက်မှုရှိမည်ဖြစ်သည်။ ရွေးကောက်ပွဲစနစ်နှင့် ရွေးကောက်ပွဲများသည် နိုင်ငံတော်နှင့် ပြည်သူတို့အတွက် အလွန်အရေးကြီးသည့်အတွက် နိုင်ငံသားတိုင်းသည် ရွေးကောက်ပွဲတွင် ပါဝင်ရန်လိုအပ်ပေသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းများကို စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၁၃ ရက်ထိ ၁၄ ရက်ကြာ ကပ်ထားကြေညာထားမည်ဖြစ်ပြီး ယခုအခါ အောက်တိုဘာ ၂၀ ရက်ထိ ခုနစ်ရက် ထပ်မံတိုးမြှင့်၍ သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများနှင့် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများတွင် ပထမအကြိမ်အဖြစ် ကပ်ထားကြေညာမည်ဖြစ်သည်။ အကြောင်းအမျိုးမျိုးကြောင့် ရပ်ကွက်နှင့်ကျေးရွာအုပ်စုများတွင် ကပ်ထားကြေညာနိုင်ခြင်းမရှိပါက သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးများတွင် မဲစာရင်းကြည့်ရှုနိုင်ရေး ဆောင်ရွက်ထားမည်ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများကပ်ထားကြေညာစဉ် မဲဆန္ဒရှင်များက မဲစာရင်းလာရောက်ကြည့်ရှုမှသာ ပြည့်စုံမှန်ကန်သောမဲစာရင်းရရှိနိုင်မည်ဖြစ်သည်။

ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးသည့်နိုင်ငံများတွင် ရွေးကောက်ပွဲသည် အဓိကအကျဆုံးဒီမိုကရေစီကျင့်စဉ်တစ်ရပ်ဖြစ်သည်။ ယခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို စတင်ကျင်းပပြုလုပ်တော့မည်ဖြစ်သည်။ ပြည်သူများလိုလားတောင့်တခဲ့သည့် ပါတီစုံဒီမိုကရေစီစနစ်ကို တပ်မတော်က ပြန်လည်ဖော်ဆောင်ခိုင်မာစေပြီး ပြည်သူ့လက်ကို အရောက်အပ်နှင်းတော့မည်ဖြစ်သည်။ ထို့ကြောင့် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး၊ ပြည်သူ့လုံခြုံရေးကို အလေးထားဆောင်ရွက်ကြရန်နှင့် ပြည်သူအားလုံးဝိုင်းဝန်းပူးပေါင်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ ယခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင်ကျင်းပမည့် ရွေးကောက်ပွဲသည် ယခင်ရွေးကောက်ပွဲများကဲ့သို့ သမာရိုးကျမဲလက်မှတ်နှင့် မဲပေးရခြင်းမျိုးမဟုတ်ဘဲ မြန်မာအီလက်ထရောနစ်(MEVM)မဲပေးစက်တွင် မိမိဆန္ဒပြုလိုသည့် ပါတီ၊ ကိုယ်စားလှယ်ကို ခလုတ်နှိပ်မဲပေးရခြင်းမျိုးဖြစ်သည့်အတွက် မဲပေးရာတွင်လည်းကောင်း၊ မဲရလဒ်ထုတ်ယူရာတွင်လည်းကောင်း၊ မြန်မာအီလက်ထရောနစ်(MEVM) မဲပေးစက်၏ ပွင့်လင်းမြင်သာရှိမှု၊ တိကျမှန်ကန်မှုတို့ကို တွေ့ရှိရမည်ဖြစ်သည်။ ထိုသို့မဲပေးခြင်းသည် ကိုယ်စားလှယ်လောင်းများကို ရွေးချယ်ရာတွင်လည်း အထောက်အကူပြုစေမည်ဖြစ်ပြီး မဲဆန္ဒရှင်ပြည်သူများအနေဖြင့် လွတ်လပ်၍တရားမျှတသောရွေးကောက်ပွဲတွင် နိုင်ငံသားတစ်ဦး၏တာဝန်ကျေပွန်ဖို့ မဲပေးကြပါစို့ဟုတိုက်တွန်းရေးသားလိုက်ရပေသည်။

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန်
၇၅
ရက်
သာ လိုတော့သည်။

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

- ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင်စတင်၍ အပိုင်းလိုက်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို လေ့လာလိုသည့် ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် လေ့လာလိုသည့် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်အလိုက် သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခွင့်ကို ၁၆-၉-၂၀၂၅ ရက်နေ့မှစတင်ကာ ၅-၁၂-၂၀၂၅ ရက်နေ့အထိ လျှောက်ထားနိုင်ကြောင်း၊
- လွှတ်တော်ရွေးကောက်ပွဲများ စောင့်ကြည့်လေ့လာရာတွင် ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ လိုက်နာရမည့်ကျင့်ဝတ်ကို အမိန့်ကြော်ငြာစာအမှတ် (၆၈/၂၀၂၅)ဖြင့်လည်းကောင်း၊ ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို အမိန့်ကြော်ငြာစာအမှတ် (၆၉/၂၀၂၅)ဖြင့်လည်းကောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၆-၉-၂၀၂၅ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။ အဆိုပါ အမိန့်ကြော်ငြာစာများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ Official Website ဖြစ်သည့် www.uec.gov.mm တွင် ဝင်ရောက်ကြည့်ရှု၍ Download ရယူနိုင်ကြောင်း၊
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် သက်ဆိုင်ရာနိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကို တိုက်ရိုက်ဖိတ်ကြားစာ ပေးပို့၍သော်လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် သံတမန်ဆက်သွယ်မှုပြုထားသည့် နိုင်ငံခြားသံရုံးများ၊ ကောင်စစ်ဝန်ရုံးများနှင့် အမြဲတမ်းကိုယ်စားလှယ်ရုံးများမှ ကိုယ်စားလှယ်များကိုလည်း နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ဖိတ်ကြား၍သော်လည်းကောင်း နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအဖြစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို စောင့်ကြည့်လေ့လာခွင့်ပြုသွားမည်ဖြစ်ကြောင်း။

# မြောင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၉၀၄၁ ဧက စိုက်ပျိုးမည်


ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**စစ်ကိုင်း အောက်တိုဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် မြောင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၉၀၄၁ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း စစ်ကိုင်းခရိုင်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၉၀၄၁ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလ စတုတ္ထပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မြောင်မြို့နယ်မှာ နှမ်း ၁၉၀၄၁ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်သွားမယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် ပိုတိုးတက်လာပြီး အောင်မြင်တဲ့အနေအထားမှာ ရှိပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

မြောင်မြို့နယ်တွင် ယခုနှစ် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေး အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဆီထွက်သီးနှံနှမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ ဆီထွက်သီးနှံနှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ကွမ်းရွက်ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဓနုဖြူ အောက်တိုဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ်စက်တင်ဘာလအတွင်း ကွမ်းရွက်ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ်မှ ကွမ်းရွက်နှင့်ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ညိုညိုကပြောပြ၍ သိရသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဩဂုတ်လအတွင်း ကွမ်းရွက်ပိဿာချိန် ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း ကွမ်းရွက်ပိဿာချိန် ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသထွက် ကွမ်းရွက်များသည် အရည်အသွေးကောင်းမွန်ပြီး လူကြိုက်များကြောင်း သိရသည်။

"ဓနုဖြူမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ဒေသထွက်ခြံထွက်ကုန်တွေ အဆက်မပြတ်တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့တစ်လအတွင်းမှာတော့ ရန်ကုန်ဈေးကွက်ဘက်ကို ဒေသထွက် ကွမ်းရွက်ပိဿာချိန် အများအပြား တင်ပို့ ရောင်းချခဲ့ရပါတယ်။ ပိဿာချိန်အနေနဲ့ဆိုရင် ပြီးခဲ့တဲ့ တစ်လအတွင်း ကွမ်းရွက်ပိဿာချိန် ၇၃၀၀၀ ထိကို ရန်ကုန်ဈေးကွက်ထဲကို တင်ပို့ရောင်းချခဲ့ရတယ်။ ဒေသထွက်ကွမ်းရွက်တွေ ဝယ်လိုအားကောင်းလာတဲ့အတွက် ကွမ်းစိုက်တဲ့ တောင်သူတွေ အဆင်ပြေနေပါတယ်"ဟု ဓနုဖြူမြို့နယ် ကွမ်းရွက်နှင့်ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ညိုညိုက ပြောပြသည်။

ဓနုဖြူမြို့နယ်မှ ကွမ်းနှင့်ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက်ကွမ်းရွက်များကို စနစ်တကျရွေးထုတ်သန့်စင်ပြီး ခြင်းများဖြင့်ထည့်သွင်းကာ ရန်ကုန်ဈေးကွက်အပြင် ဒေသဈေးကွက်နှင့် အခြားမြို့နယ်ဈေးကွက်များသို့လည်း တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ဒေသထွက် ကွမ်းရွက် ၁၀ ပိဿာလျှင် ငွေကျပ် ၁၄၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဘုတ်ပြင်းမြို့နယ် အေးချမ်းမြိုင်ကျေးရွာ၌ စတုတ္ထအကြိမ် RBF စီမံကိန်းရန်ပုံငွေထုတ်ချေး

**ဘုတ်ပြင်း အောက်တိုဘာ ၁၃**

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းခရိုင် ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အေးချမ်းမြိုင်ကျေးရွာ၌ စတုတ္ထအကြိမ် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (RBF) စီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို အောက်တိုဘာ ၁၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာစုရပ်ဆောင်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်က RBF စီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ စီမံကိန်းရန်ပုံငွေများဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုရှင်းလင်းပြောကြားပြီး အေးချမ်းမြိုင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ထံသို့ စီမံကိန်းရန်ပုံငွေကျပ် ၁၆ ဒသမ ၃၅ သန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့် အေးချမ်းမြိုင်ကျေးရွာရှိ RBF စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကျေးရွာရှိ အသက်မွေးဝမ်းကျောင်း လုပ်ငန်းအဖွဲ့ နှစ်ဖွဲ့ထံသို့ ရန်ပုံငွေကျပ် ၁၆ ဒသမ ၃၅ သန်းကို စနစ်တကျ လွှဲပြောင်းပေးအပ်ပြီး မြို့နယ်ဦးစီးမှူးက RBF စီမံကိန်းအသင်းဝင်များကို စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ လည်ပတ်ဆောင်ရွက်နိုင်ရေး ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖွဲ့ နှစ်ဖွဲ့မှ ထည့်ဝင်ငွေကျပ် ၈ ဒသမ ၄၄ သန်းနှင့် စီမံကိန်းရန်ပုံငွေကျပ် ၁၆ ဒသမ ၃၅ သန်း စုစုပေါင်း ငွေကျပ် ၂၄ ဒသမ ၇၉ သန်းမတည်၍အစုအဖွဲ့စနစ်ဖြင့် အသားတိုးဝက်များမွေးမြူပြီး ဈေးကွက်များ ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်ထံမှ သိရသည်။

**အထွေး**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ဦးအောင်မျိုးဝင်း- ဒေါ်မင်းမင်းဖြူစင် မိသားစုက အဘွား ဒေါ်မိုးမိုး၊ ဒေါ်နန်းခမ်းဆာ နှင့် ဖခင်ကြီး ဦးမောင်မောင်ဝင်းမင်း တို့အားရည်စူး၍ ဆွမ်းအလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# မြောင်းမြမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၄၇၉၁ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ငရုတ်စိုက်ခင်းကို တွေ့ရစဉ်။

**မြောင်းမြ အောက်တိုဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၄၇၉၁ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍သိရသည်။

မြောင်းမြမြို့နယ်တွင် ယခုနှစ် ဆောင်းစိုက်ပျိုးရာသီ၌ ငရုတ် ၄၇၉၁ ဧကကို နိုဝင်ဘာလ ပထမပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ငရုတ်သီးနှံများ အခက်အခဲမရှိ စနစ်တကျ စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ မြောင်းမြမြို့နယ်မှာ ငရုတ်တွေ လျာထားချက်အတိုင်း ရာနှုန်းပြည့် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ငရုတ်စိုက်ပျိုးရာမှာ မျိုးကောင်းမျိုးသန့်တွေကို စနစ်တကျ ရွေးချယ်စိုက်ပျိုးလာတာ တွေ့ရပါတယ်။ ပိုးမွှားအန္တရာယ်ကင်းရှင်းဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ စိုက်နည်းစနစ်မှန်ကန်စေဖို့ စတဲ့အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

ငရုတ်ကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ပြည်ပသို့ပို့ကုန်အဖြစ် တင်ပို့ရောင်းချနိုင်မည်ဖြစ်သောကြောင့် ငရုတ်ကို ဒေသမရွေးပိုမိုတိုးချဲ့စိုက်ပျိုးသင့်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ဝမ်းတွင်းမြို့နယ် ထန်းပင်ကုန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**ဝမ်းတွင်း အောက်တိုဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထန်းပင်ကုန်းကျေးရွာအုပ်စု ထန်းပင်ကုန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကို အောက်တိုဘာ ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦး၊ မြို့နယ်တာဝန်ခံအင်ဂျင်နီယာများ၊ ကျေးရွာမှ တာဝန်ရှိသူများနှင့်အတူ ထန်းပင်ကုန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက ဆောင်ရွက်ပြီး လုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် လိုကြောင်း ဆွေးနွေး မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ အရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ ချင်းမြေခြောက်လက်မရှိ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် ၂၆ ဒသမ ၄၇ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇွန်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးထံမှ သိရသည်။

**အောင်ရဲကျော်**

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီကစိုက်ပျိုးခဲ့သော မြေပဲ ၅၈၂၈ ဧကထိ နုတ်သိမ်းပြီးစီးပြီဖြစ်

**စစ်ကိုင်း အောက်တိုဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီကစိုက်ပျိုးခဲ့သော မြေပဲ ၅၈၂၈ ဧကထိနုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၉၄၂၉ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော မြေပဲစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လဒုတိယ ပတ်မှစတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် ၅၈၂၈ ဧကနုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၄၅ ဒသမ ၁၂ တင်းထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ မြေပဲ ၉၄၂၉ ကေထိစိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့မြေပဲခင်းတွေ လက်ရှိရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ၅၈၂၈ ဧကကျော်နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်" ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် မြေပဲစိုက်ပျိုးရာတွင် တစ်ဧကကို မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများ၊ မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများအပါအဝင် ငွေကျပ်နှစ်သိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း၊ တစ်ဧကစိုက်ပျိုးပါက တင်း ၅၀ ကျော်ထွက်ရှိကြောင်း သိရသည်။

ဆီထွက်သီးနှံမြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းဆီစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကိုပြည်ပသို့ ပို့ကုန်အဖြစ် တင်ပို့နိုင်မည်ဖြစ်ရာ ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဆီထွက်သီးနှံ မြေပဲကို ဒေသမရွေးတိုးချဲ့စိုက်ပျိုးရန် ကြိုးပမ်းသင့်ကြောင်း စစ်ကိုင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)



# ပျို့ကဗျာလင်္ကာများထဲက ဥပစာ

ပြေအေးသက်

ဥပစာဆိုသည်မှာ မာဂဓဘာသာစကားအရ တင်စားမှုဟုဆိုသည်။ သက္ကတဘာသာအရ မွမ်းမံသည့်အရာ၊ အလှတန်ဆာဆင်သည့်အရာ၊ အသုံးအနှုန်း ထူးခြားသည့်ဝေါဟာရစကား၊ ပုံနှိုင်း၍ဆိုသောစကား၊ ချီးမွမ်းစကားဟုဆိုသည်။ ဥပစာကို စကားလှတစ်မျိုးဟုလည်း အဓိပ္ပာယ်ဖွင့်ဆိုကြသည်။ ဥပစာ ၁၀ မျိုးရှိရာ ၎င်းတို့မှာ ပါဠိဘာသာစကားဖြင့် ကာရဏူပစာ၊ ဖလူပစာ၊ သဒိသူပစာ၊ ဌာနူပစာ၊ ဌာနျူပစာ၊ ဂုဏူပစာ၊ ဧကဒေသူပစာ၊ သမီပူပစာ၊ တဒ္ဓမ္မူပစာနှင့် အဘေဒဘေဒူပစာတို့ဖြစ်ကြသည်။

**ကာရဏူပစာ**

ကာရာဏနှင့် ဥပစာပေါင်းသော် ကာရဏူပစာဖြစ်ပြီး ကာရာဏဟူသည်မှာ အကြောင်းနှင့် ဥပစာသည် တင်စားမှုဖြစ်သည်။ ကာရဏူပစာသည် အကြောင်းဟောသဒ္ဒါကို အကျိုးအနက်ရရှိအောင် တင်စားပြောဆိုခြင်းဖြစ်သည်။ တစ်နည်းဆိုသော် အကြောင်းပြော အကျိုးကောက် ဥပစာဖြစ်သည်။ ပုံစံကား နှုတ်ချိုသျှိုတစ်ပါးဟူသော စကားမျိုးဖြစ်သည်။ ထိုဝါကျတွင် နှုတ်ခမ်းအနက်ကိုမဆိုလိုဘဲ နှုတ်ခမ်းဖြင့်ပြောသောစကားကိုသာ ဆိုလိုသည်။ နှုတ်ကား စကားသံကို ဖြစ်စေသောအကြောင်း၊ စကားသံကား အကျိုးဖြစ်ကြပြီး နှုတ်နှင့်စကားသံတို့သည် အကြောင်းအကျိုးအားဖြင့် တစ်ခုနှင့်တစ်ခု ဆက်စပ်နေကြသည့် ဥပစာဖြစ်သည်။ မီးလင်းသည်၊ လသာသည်တို့လည်း အကြောင်းနှင့်အကျိုးဖြစ်နေကြပြီး ကာရဏူပစာများဖြစ်ကြသည်။ နဝဒေးကြီး၏ မနော်ဟရီပျို့တွင် "ပန်းမာလ်များကို၊ ထွေပြားမျက်စိ၊ မြင်သည်ရှိသော်"အဖွဲ့၌ မျက်စိမြင်သည်ဟူသည်မှာ ကာရဏူပစာဖြစ်သည်။ ထို့အတူ ရှင်မဟာရဋ္ဌသာရ၏ ကိုးခန်းပျို့တွင် "မွေးဘမျက်ရှု၊ သားတစ်စုကား၊ စက္ခုရသာ၊ ရှုရာနိုးဘွယ်၊ ရူပကာယ်ဖြင့်"ဟု စပ်ဆိုမှု၌ စက္ခုရသာသည် ကာရဏူပစာဖြစ်သည်။

**ဖလူပစာ**

ဖလနှင့် ဥပစာတို့ ပေါင်းထားခြင်းဖြစ်ပြီး ဖလသည် အကျိုး၊ ဥပစာသည် တင်စားမှုဖြစ်သောကြောင့် ဖလူပစာဟူ၍ခေါ်သည်။ အကျိုးပြဝေါဟာရကို အကြောင်းပြအနက်၌ တင်စားသုံးစွဲခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် အကျိုးပြော အကြောင်းကောက် ဥပစာဟုခေါ်ရပေမည်။

ပုံစံအားဖြင့် ထမင်းချက်သည်တွင် ထမင်းဆိုသည့် အကျိုးဖြစ်သော ဝေါဟာရပေါ်တွင် အကြောင်းဖြစ်သော ဆန်ပေါ်၌ တင်စား၍ ဆိုသောကြောင့်ဖြစ်သည်။ ထို့အတူပင် အိမ်၊ ပုဆိုးစသည်တို့သည် ဖလူပစာများဖြစ်ကြသည်မှာ အကြောင်းဖြစ်သော သစ်တို့၊ သံတို့၊ ချည်တို့ပေါ်၌ တင်စား၍ ဆိုသောကြောင့်ဖြစ်သည်။ ရှင်မဟာရဋ္ဌသာရ၏ ဟတ္ထိပါလပျို့တွင် "ဉာဏ်ဝါဆီမီး၊ ညှိထွန်းပြီးသော်၊ အတီးဇာတက၊ ပေါင်းလထတည်း"ဟုရေးစပ်ထားရာ အကြောင်းဖြစ်သော ညှိခြင်းအပေါ်တင်စား၍ အကျိုးဖြစ်သော ဆီမီးသည် ဖလူပစာဖြစ်သည်။ ထို့ပြင် ရှင်မဟာသီလဝံသ၏ ပါရမီတော်ခန်းပျို့တွင် "လူ့မွန်ရသေ့၊ ဖွားသည့်နေ့နိုက်၊ အကိုက်အညောင့်၊ မြေကပေါက်သည်"ဟု ရေးစပ်ထားရာ အကြောင်းဖြစ်သော ဖွားခြင်းအပေါ် အကျိုးဖြစ်သော ရသေ့သည် ဖလူပစာပင်ဖြစ်သည်။

**သဒိသူပစာ**

သဒိသနှင့် ဥပစာတို့ ပေါင်းစပ်ထားခြင်းဖြစ်ပြီး သဒိသသည် တူညီနည်းနှင့် ဥပစာသည် တင်စားမှုဖြစ်၍ သဒိသူပစာဟုခေါ်သည်။ အတူဖြစ်သော အမည်ကို အတူရှိသောအမည်၌ တင်စား၍သုံးလျှင် သဒိသူပစာဖြစ်ပေသည်။ ပြောရမည်ဆိုလျှင် အနှိုင်းပြောအနှိုင်းခံကောက် ဥပစာဖြစ်သည်ဟုဆိုရမည်။ ပုံစံအားဖြင့် လူမိုက်ကိုနွားနှင့်ခိုင်းနှိုင်းခြင်းဖြစ်သည်။ လူမိုက်ကို အသိဉာဏ်ကင်းမဲ့ပုံတူသော နွားနှင့်တင်စား၍သုံးသောကြောင့် သဒိသူပစာဖြစ်ပေသည်။ တူညီပုံတူညီနည်း ကိုးနည်းရှိပြီး အနှစ်သာရချင်း၊ အထည်ဒြပ်ချင်း၊ အသွင်အပြင်ချင်း၊ အမှုအရာချင်း၊ လိမ္မာချင်း၊ မိုက်မဲချင်း၊ လှပချင်း စသောဂုဏ်ချင်း၊ အမည်ဝေါဟာရချင်း၊ မျိုးရိုးဇာတိချင်း၊ အရေအတွက်ချင်းနှင့် အခြေခံအကြောင်းအရာချင်းတို့ဖြစ်သည်။ ရှင်မဟာရဋ္ဌသာရ၏ စတုဓမ္မသာရပျို့တွင် "နှိုင်းတုကင်းအောင်၊ လွန်ကျူးဆောင်သား၊ ညဉ့်မှောင်မောဟ၊ တိယာမ၌"ဟူသောအဖွဲ့၌ ညဉ့်မှောင်မောဟသည် မောဟ၏ ပညာမျက်စိကန်းခြင်း၏အဖြစ်နှင့် မှောင်မဲခြင်းသဘောကို ညဉ့်အမှောင်၏မှောင်မဲခြင်းသဘောနှင့် တင်စားသုံးသည့် အနှစ်သာရချင်း တူညီခြင်းအသုံးဖြစ်သော သဒိသူပစာဖြစ်သည်။ သဒိသူပစာ၊ ဥပမာနှင့် ရူပကတို့အသုံးကွဲပြားမှုလည်းရှိနေသည်။

**ဌာနူပစာ**

ဌာနနှင့်ဥပစာတို့ ပေါင်းစပ်ထားခြင်းဖြစ်ပြီး ဌာနသည် တည်နေရာဖြစ်ကာ ဥပစာသည် တင်စားမှုဖြစ်၍ ဌာနူပစာဟုခေါ်ခြင်းဖြစ်သည်။ တည်နေရာ၏ အမည်ဝေါဟာရကို ထိုနေရာအပေါ်၌တည်နေသော သက်ရှိ သက်မဲ့ဝတ္ထုပစ္စည်းတစ်ခုခုအပေါ် တင်စားသုံးနှုန်းလျှင် ဌာနူပစာဖြစ်ပေသည်။ ရွှေတောင်နန္ဒသူ၏ ငွေတောင်ရကန်တွင် "ရွှေနန်းတော်ရိပ်၊ ခိုအိပ်ခစား၊ ရွှေဓားကျောက်စီ၊ မြင်စလီမွမ်း၊ ကွမ်းရွက်ထွေးအင်၊ ဆင်လည်းပေါက်မ၊ ရွှေထီးစလွယ်၊ မင်းဖွယ်စိုးရ၊ ဉာဏ်နည်းကျမ၊ စာအဆီညှစ်၊ ရသာတစ်ကို၊ လှစ်၍ကိုးတော်မူသည်"ဟုရေးစပ်ထားရာ ရွှေနန်းတော်ရိပ်ခိုသည် ဌာနဖြစ်သော ရွှေနန်းတော်တွင် ဌာနီဖြစ်သည့်ဘုရင်ဟူသော သက်ရှိဝတ္ထုပစ္စည်းတစ်ခုအပေါ် တင်စားသုံးနှုန်းသဖြင့် ဌာနူပစာဟုခေါ်၍ရပေသည်။ ထို့ပြင် မင်းဗေယျရန္တမိတ်၏ ညိုရွှေနှစ်၍ချီ တောင်ငူမြို့ဘွဲ့ရတုတွင် "တပေါင်းသာခေါင်၊ လများနောင်ဝယ်၊ တောတောင်စုံပေါင်း၊ ညွန့်သစ်လောင်းသည်"ဟု ရေးစပ်ထားရာ ဌာနဖြစ်သော တောတောင်၏အမည်ကို ဌာနီဖြစ်သော သက်မဲ့ဖြစ်သည့် သစ်ပင်ပန်းပင်များ၌ တင်စားသဖြင့် ဌာနူပစာမြောက်ပေသည်။

**ဌာနျူပစာ**

ဌာနီသည် လူဌာနအပေါ်တည်မှီနေသည့် လူ၊ အရာဝတ္ထုနှင့် ဥပစာသည် တင်စားမှုဖြစ်ကာ ဌာနျူပစာသည် စွဲမှီတည်ရှိသော သက်ရှိသက်မဲ့တို့၏ အမည်ရင်း၊ အနက်ရင်းကို ၎င်းတို့တည်ရှိရာ ဌာနအပေါ်၌ တင်စားချက်ဖြစ်သည်။ ပုံစံအားဖြင့် "အောင်လံတို့သည် တရွေ့ရွေ့ ချဉ်းကပ်လာကြ၏" ဆိုသည်တွင် အောင်လံသည် ဌာနီဖြစ်ပြီး အောင်လံစွဲကိုင်သူတို့သည် တည်နေရာဌာနဖြစ်သည်။ သို့ဖြစ်၍ အတည်ခံနှင့် အမှီခံဒြပ်ဝတ္ထုတို့ကိုဖော်ပြလျှင် ထိုစကားသည် ဌာနျူပစာဖြစ်ပေသည်။ ဦးကြင်ဥ၏ ကဆုန်လဘွဲ့ လေးချိုးသဖြန်တွင် "ခွေနုန်းတဲ့ဗျာသီ။ သူလဲမြင်တော်လာနှင့်၊ ကန္တာမှာဖန်ရာ ကြုံ့ပါဘိ၊ လွမ်းပုံ့ပွေလီ။ ထီးတရာ၊ ပဏ္ဏာကြို့ပါတဲ့၊ မင်းနေမြို့ဌာနီ၊ သည်ဆီထင့်ရော်ရမ်း။ နယ်ရှစ်ခွင်၊ နတ်စစ်ကယ်ဗျူဟာဆင်လို့၊ မြော်အမြင်ထင်အတွေးနှင့်၊ ဝေးကမောင်ပန်း။"ဟု ရေးစပ်ထားရာ ထိုကဗျာတွင် ပါရှိသည့် "ထီးတရာ၊ ပဏ္ဏာကြို့ပါတဲ့၊ မင်းနေမြို့ဌာနီ"သည် ဘယ်လိုမင်းနေသည့်မြို့ဌာနီလဲ ဆိုသည်ကို ထီးတရာပဏ္ဏာကြို့ဟူသော မင်းပေါင်းတစ်ရာ ခယရသည့်မြို့ဟု တင်စားရေးဖွဲ့ထားရာ အတည်ခံနှင့် အမှီခံဒြပ်ဝတ္ထုကို ဖော်ပြပါရှိသည့် ဌာနျူပစာဖြစ်ပေသည်။

**ဂုဏူပစာ**

ဂုဏသည် ဂုဏ်၊ ကျေးဇူးနှင့်အပေါင်းအစုဟူ၍လည်းကောင်း၊ ဥပစာသည် တင်စားမှုဟူ၍လည်းကောင်း အဓိပ္ပာယ်ရပြီး ဂုဏူပစာသည် ဂုဏ်၏အမည်ကို ဂုဏ်ရှိသောဒြပ်ဝတ္ထု၌ တင်စား၍ ခေါ်ဝေါ်ခြင်း ဖြစ်သည်။ ဝတ္ထုဒြပ်တစ်ခုခုကို ပြောလိုသည့်အခါ ၎င်းဝတ္ထု၏ ဂုဏ်ဒြပ်ကိုသာပြော၍ ထိုဂုဏ်၏ ဝတ္ထုဒြပ်ကို ကောက်ယူရသောစကားကို ဂုဏ်ပြော ဒြပ်ကောက် ဥပစာ၊ သို့မဟုတ် ဂုဏူပစာဟုခေါ်သည်။ ပုံစံအားဖြင့် လှသောပန်းတွင် လှခြင်းက ဂုဏ်နှင့် အလှဂုဏ်တည်ရှိရာ ဒြပ်ဝတ္ထုသည် ပန်းဖြစ်သည်။ နတ်သျှင်နောင်၏ မိုးတောမယ်ဘွဲ့အလွမ်းရတု၌ "မြကုံးဆင့်သို့၊ နိမ့်မြင့်ပင်တိုင်း၊ ဆိုင်းဆိုင်းလူလူ၊ ဖြူဖြူပြာပြာ၊ အဝါတချို့၊ မိုးပန်းတို့သည်၊ ခါသို့လိုက်ကြ"ဟု ရေးစပ်ထားရာ အဖြူအပြာအဝါ စသည့်ပန်းတို့သည် အရောင်၏ဂုဏ်ကိုပြပြီး မိုးအခါက အလှပန်းတို့ တည်မှီရာဥတုဖြစ်ပေရာ ဝတ္ထုဒြပ်ဖြစ်သဖြင့် ဂုဏူပစာမြောက်ပေသည်။ နတ်သျှင်နောင်၏တစ်ဆယ့်နှစ် ခွေချီရတုတွင်ပါရှိသည့် ညိုမွတ်လှ ဆိုသည်မှာ ဂုဏ်ဟောသဒ္ဒါများဖြစ်ပြီး ချစ်သူဖြစ်သည့် ဝတ္ထုဒြပ်ကိုညွှန်းဖွဲ့သည်ဖြစ်ပေရာ ဂုဏူပစာ မြောက်ပေသည်။

❖ နှုတ်ကား စကားသံကိုဖြစ်စေသောအကြောင်း၊ စကားသံကား အကျိုးဖြစ်ကြပြီး နှုတ်နှင့်စကားသံတို့သည် အကြောင်းအကျိုးအားဖြင့် တစ်ခုနှင့်တစ်ခုဆက်စပ်နေကြသည့် ဥပစာဖြစ်သည်။ မီးလင်းသည်၊ လသာသည်တို့လည်း အကြောင်းနှင့်အကျိုးဖြစ်နေကြပြီး ကာရဏူပစာများဖြစ်ကြသည်။ နဝဒေးကြီး၏ မနော်ဟရီပျို့တွင် "ပန်းမာလ်များကို၊ ထွေပြားမျက်စိ၊ မြင်သည်ရှိသော်"အဖွဲ့၌ မျက်စိမြင်သည်ဟူသည်မှာ ကာရဏူပစာဖြစ်သည်။ ထို့အတူ ရှင်မဟာရဋ္ဌသာရ၏ကိုးခန်းပျို့တွင် "မွေးဘမျက်ရှု၊ သားတစ်စုကား၊ စက္ခုရသာ၊ ရှုရာနိုးဘွယ်၊ ရူပကာယ်ဖြင့်"ဟုစပ်ဆိုမှု၌ စက္ခုရသာသည် ကာရဏူပစာဖြစ်သည်။ ❖

**ဧကဒေသူပစာ**

ဧကဒေသသည် အစိတ်အပိုင်း၊ ဧကဒေသီသည် အပေါင်း၊ တစ်ခုလုံးဖြစ်ကာ ဥပစာသည် တင်စားမှုဖြစ်၍ ဧကဒေသူပစာသည် အပေါင်း၏အမည်၊ တစ်ခုလုံး၏အမည်ကို တစ်စိတ်တစ်ဒေသ တင်စား၍ ခေါ်ဝေါ်ခြင်းမျိုးကို ဆိုလိုပေသည်။ သဒ္ဒါသည် တစ်ခုလုံးကိုဆိုလိုပြီး အနက်အဓိပ္ပာယ်ကား ယူလိုသည့် အစိတ်အပိုင်းကိုသာ ယူခြင်းမျိုးဖြစ်သည်။ ရှင်အဂ္ဂသမာဓိ၏ နေမိဘုံခန်းပျို့တွင် "ဗိမာန်ဘုံကို၊ လှတုံမှီဝင်၊ ဇမ္ဗူပြင်ဝယ်၊ အရှင်လတ်လတ်"ဟု ရေးစပ်ထားရာ ဗိမာန်ဘုံမှာ ဧကဒေသူပစာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် တစ်ခုလုံး၏အမည်ကို ခေါ်ဝေါ်သော်လည်း မြင်ရသည်မှာ ဗိမာန်၏တစ်စိတ်တစ်ဒေသသာ ဖြစ်သည်။ ဦးပွန်း၏ ဥမ္မာဒန္တီပျို့တွင် " ထိုကုသလ၊ အဖို့မှုလည်း၊ မိဘသခင်၊ ရေမြေရှင်နှင့်"ဟုရေးစပ်ထားရာ ရေမြေရှင်သည် ဧကဒေသူပစာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အပေါင်းဖြင့်အစိတ်ကို ဖော်ပြခြင်းဖြစ်သည့် ရေမြေအပေါင်းမှ ထိုဘုရင်ပိုင်သည့် ရေမြေတစ်စိတ်တစ်ဒေသကို တင်စား၍ ဖွဲ့ဆိုထားခြင်းဖြစ်သည်။

**သမီပူပစာ**

သမီပသည် အနီးအနားဖြစ်ပြီး ဥပစာသည် တင်စားမှုဖြစ်ကာ သမီပူပစာသည် အနီးတွင် ထင်ရှားသောအမည်ဖြင့် တင်စားခေါ်ဝေါ် သုံးနှုန်းမှုဖြစ်သည်။ ပုံစံအားဖြင့် ရွှေဘိုပေါ်ဆန်းမွှေးဟုဆိုကြသော်လည်း ရွှေဘိုမြို့ကထွက်သည်မဟုတ်ဘဲ ရွှေဘိုနယ်ကထွက်ခြင်းဖြစ်၍ ရွှေဘိုနယ်ပေါ်ဆန်းမွှေးဟုမပြောကြဘဲ ရွှေဘိုပေါ်ဆန်းမွှေးဟု ဆိုကြခြင်းသည် သမီပူပစာဖြစ်ပြီး အနီးတွင်ထင်ရှားသော အမည်ဖြင့် ခေါ်ဝေါ်သုံးနှုန်းခြင်းဖြစ်ပေသည်။ ပဲခူးမိဖုရား၏ မတော်ပဲးသားချီရတုတွင် "ပြည်ဆံတော်စစ်၊ မြတ်ရှင်ချစ်ကို၊ ဖြစ်သစ်ဖြစ်ဟောင်း၊ ပေါင်း၍ကြိမ်ခေါက်၊ ကျွန်ုပ်လျှောက်အံ့"ဟု ရေးစပ်ထားရာ ပြည်ဆံတော်သည် သမီပူပစာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဘုရားတည်ရှိရာ သုဒဿနတောင်ထိပ် ဆံတော်ဟုမဆိုဘဲ ပြည်ဆံတော်ဟု ဖွဲ့ဆိုသောကြောင့်ဖြစ်သည်။ စိန္တကျော်သူ၏ ခနုဖြူချီရတုတွင် "ခနုဖြူတွင်၊ ထွတ်တိုက်ဝင်လျှင်၊ စက်ရှင်ရွှန်းတောက်၊ စံကွန်းထောက်က"ဟု ရေးစပ်ထားရာ ခနုဖြူတွင် ဆိုက်ကပ်ကြသည်ဆိုသော်လည်း ဧရာဝတီမြစ်ကမ်းက လှေဆိပ်တွင်သာ ဆိုက်ကပ်ကြခြင်းဖြစ်ပြီး အနီးအနားတင်စားမှုသာဖြစ်သည်။

**တဒ္ဓမ္မူပစာ**

တဒ္ဓမ္မဟူသည် လောက၌ အမှန်တကယ်တည်ရှိသော ဒြပ်ဝတ္ထုတို့၏ အမည်နာမ သဘောသဘာဝပင်ဖြစ်သည်။ တစ်နည်းအားဖြင့် အမှန်တကယ်မရှိသော ဒြပ်ဝတ္ထုကိုပင် အမှန်တကယ်ရှိသော ဝတ္ထုနှင့်နှယ်၍ တဒ္ဓမ္မဟု ဆိုလိုကြသည်။ ပုံစံအားဖြင့် ယုန်ချိုဆိုလျှင် တဒ္ဓမ္မူပစာဖြစ်သည်။ ယုန်တွင်မရှိသောချိုကို ရှိသည်ဟု ဆိုသောကြောင့်ဖြစ်သည်။ အမြဲမသားသည်လည်း တဒ္ဓမ္မူပစာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အမြဲမတွင် သားမရှိနိုင်ဘဲ တစ်စုံတစ်ရာအကြောင်းကြောင့် အဓိပ္ပာယ်လေးနက်စေလို၍ သုံးစွဲကြခြင်းဖြစ်သည်။ ဤသို့မရှိကို အရှိလုပ်၍ တင်စားရာတွင် သဘာဝအခြေအနေနှင့် နီးစပ်သည်များရှိကြသကဲ့သို့ မဖြစ်နိုင်သည်များကို ကတ်သီးကတ်သတ်ကြံ၍ ပြောသည်များလည်း ရှိကြသည်။ စလေဦးပုည၏ ပြန်ပေးမေတ္တာစာတွင် "စေတနာ ဗလပွ၊ သိနေပကြောင့်၊ မေတ္တာသုတ်တစောင်လုံး၊ ပုဒ်မပါ ကျုံးပြီးလျှင်၊ မေတ္တာတုံးကြီးကြီးဖြင့်"ဟု ဖွဲ့ဆိုထားရာ မရှိသည်ကို အရှိလုပ်သည့် မေတ္တာတုံးကြီးကြီးသည် တဒ္ဓမ္မူပစာ မြောက်ပေသည်။ စာမျက်နှာ ၅ သို့ ➝

# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိ တို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်း တယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော် မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက် လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာ စေတဲ့ဟော်မုန်းပါ။ အန်ဒေါ်ဖင် ဟော်မုန်းထွက်ရှိလေ မိမိတို့မှာ ရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျ လေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေး ကို အထောက်အပံ့ဖြစ်စေတဲ့ အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရှုံးသွပ်ခြင်း ရောဂါနဲ့ အယ်ဇိုင်းမားရောဂါ တို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျော့ချပေးနိုင်ပါတယ်။

# မုံရွာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၁၂၉၂၁ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ဂျုံစိုက်ခင်းကို တွေ့ရစဉ်။

**မုံရွာ အောက်တိုဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာ ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဂျုံ ၁၂၉၂၁ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာခရိုင်တွင် ယခုနှစ် ဆောင်း သီးနှံစိုက်ပျိုးရာသီ၌ ဂျုံစိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေ ဖြင့် မုံရွာမြို့နယ်တွင် ဧက ၂၅၀၊ ဘုတလင်မြို့နယ်တွင် ၄၅၃ ဧက၊ အရာတော်မြို့နယ်တွင် ၁၈ ဧက၊ ချောင်းဦးမြို့နယ်တွင် ဧက ၁၂၂၀၀ စုစုပေါင်း ၁၂၉၂၁ ဧကဖြစ်ပြီး အဆိုပါဂျုံစိုက်ပျိုးမှုကို အောက်တို ဘာလစတုတ္ထပတ်တွင် စတင် စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

"မုံရွာခရိုင်အတွင်း ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဂျုံ ဧက ၁၂၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးဖို့ ဆောင် ရွက်ပေးသွားမယ်။ ဂျုံစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တောင်သူပညာပေး တာတွေလုပ်မယ်။ ဂျုံအထွက်တိုး အောင် ရေသွင်းပြီး မြေဩဇာကျွေး ဖို့၊ ပေါင်းရှင်းဖို့၊ မျိုးကောင်း မျိုးသန့်တွေသုံးစွဲဖို့ ဆောင်ရွက် ပေးသွားမယ်"ဟု မုံရွာခရိုင် စိုက် ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

မုံရွာခရိုင်တွင် ဂျုံစိုက်ပျိုးမည့် တောင်သူများကို သက်ဆိုင်ရာ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဂျုံများ အထွက်နှုန်းတိုးတက် ကောင်းမွန်စေရေး၊ အရည်အသွေး ကောင်းဂျုံများစနစ်တကျ စိုက်ပျိုး ထုတ်လုပ်နိုင်ရေး၊ ပိုးမွှားအန္တရာယ် ကင်းရှင်းစေရေး စသည့်လုပ်ငန်း များ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ဂျုံသီးနှံကို အောက်တိုဘာလ၊ နိုဝင်ဘာလ၊ ဒီဇင်ဘာလတွင် စိုက်ပျိုးကြပြီး ဖေဖော်ဝါရီလ၊ မတ်လ၊ ဧပြီလတွင် ထွက်ပေါ် ကြောင်း သိရသည်။

မုံရွာခရိုင်အတွင်းရှိ သက်ဆိုင် ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဂျုံသီးနှံစိုက်ပျိုးမည့်တောင်သူများ ကို ဂျုံအထွက်နှုန်းတိုးရေးအတွက် ပညာပေးသင်တန်းများ ပို့ချပေး ခြင်း၊ မျိုးကောင်းမျိုးသန့်များ ရရှိ ရေး ဆောင်ရွက်ပေးခြင်း၊ ပုလဲ ဓာတ်မြေဩဇာများကို ဈေးနှုန်း ချိုသာစွာ ရောင်းချပေးခြင်း တို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ် ကြောင်း သိရသည်။

ဂျုံသီးနှံကို အထွက်နှုန်းတိုး တက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့် အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက် လာမည် ဖြစ်သောကြောင့် ဂျုံသီးနှံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင် ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။ (၂၀၆)

á စာမျက်နှာ ၄ မှအဆက်

**အဘေဒ ဘေဒူပစာ**

ဘေဒဟူသည် ကွဲပြားခြားနားခြင်း၊ အဘေဒဟူသည် မကွဲပြား မခြားနား အတူတူအရာဝတ္ထုတစ်ခုတည်းဖြစ်၍ ကွဲပြားခြားနားမှု မရှိပါဘဲနှင့် ကွဲပြားခြားနားသကဲ့သို့ တင်စားသုံးနှုန်းလျှင် အဘေဒဘေဒူပစာဟုခေါ်သည်။ ပုံစံအားဖြင့် ငါ၏ကိုယ်ဆိုသည့် စကားတွင် ငါနှင့်ကိုယ်သည် ဒြပ်တစ်ခုတည်းဖြစ်ပြီး ကွဲပြားမှုမရှိချေ။ သို့ဖြင့်လျက်ပင် ငါနှင့်ကိုယ်ကို တသီးတခြားစီဖြစ်အောင် ပြောဆို သောကြောင့် အဘေဒဘေဒူပစာမြောက်ပေသည်။ မန်လည်ဆရာတော် ဘုရား၏ မဟာသုတကာရီ မာဃဒေဝလင်္ကာသစ်ကျမ်းတွင် "ဝသုန္ဒရီ၊ မဟီတလာ၊ မြေမျက်နှာထက်၊ ဓရာဓရီ၊ မြေကြီးအလုံး"ဟုဖွဲ့ဆိုထားရာ မြေနှင့်မြေမျက်နှာသည် ကွဲပြားမှုမရှိသည်ကို ကွဲပြားခြားနားဘိသကဲ့သို့ ဖွဲ့ဆိုထားသဖြင့် အဘေဒဘေဒူပစာမြောက်ပေသည်။ ထို့ပြင် ဝက်မစွတ် ဒုတိယနဝဒေး၏ တရုတ်သံရောက်မော်ကွန်းတွင် "မဟာမိတ်စစ်၊ ဖြစ်၍ကြိုးပမ်း၊ မှုထမ်းလိုရာ၊ ကိုယ်ပါစိတ်ရောက်"ဟုဖွဲ့ဆိုထားရာ ကိုယ်ပါစိတ်ရောက် ဟူသောအသုံးသည်လည်း ကိုယ်နှင့်စိတ်ခွဲခြား ရောက်လေဟန် ရေးဖွဲ့ထားသဖြင့် အဘေဒဘေဒူပစာမြောက်ပေသည်။

**ဥပစာတို့၏နယ်ပယ်**

ဥပစာတို့၏နယ်ပယ်သည် အမှန်တကယ်တော့ ကျယ်ပြန့်လှပေ သည်ဟုဆိုရပေမည်။ အတ္တဗေဒပညာရှင်များက ဥပစာတင်စားမှု အခြေခံရာ နယ်ပယ်အမျိုးမျိုးကို စနစ်တကျခွဲခြားထားရာ တိရစ္ဆာန် အမည်များကိုအခြေပြုသော ဥပစာများ (ခွေးခြေ၊ ဝက်အူ၊ ဆင်နားရွက်တံခါး စသည်)၊ သစ်ပင်အမည်များကို အခြေပြုသော ဥပစာများ (ရွက်ပုန်းသီး၊ အညွန့်ကျိုး၊ အညှာလွယ် စသည်)၊ အသုံးအဆောင်အမည်များကိုအခြေပြုသော ဥပစာများ (အိုးနင်း ခွက်နင်း၊ ရွှေပေါ်မြတင်၊ မီးမောင်းထိုး စသည်)၊ အချိန်နှင့်နေရာကို အပြန်အလှန် ပြောင်းလဲတင်စားသော ဥပစာများ (မြို့နှင့် ဝေးသေးသည်၊ သီတင်းကျွတ်ဖို့ ဝေးသေးသည် စသည်)၊ အာရုံခံစားမှုများကို ပြောင်းလဲတင်စားသုံးသော ဥပစာများ (ပူသောအသံ၊ ချိုသောစကား၊ ချဉ်သောအနံ့၊ အေးသောအသွင် စသည်)၊ အကောင်အထည်မှ ဒြပ်မဲ့သဘောသို့ ပြောင်းလဲသုံးသော ဥပစာများ (စိတ္တ၊ ဉာဏ်ထက်၊ အမြင်ကျဉ်း စသည်) စသည်ဖြင့် ခွဲခြားတင်ပြထားပါသည်ဟု မောင်ခင်မင်(ဓနုဖြူ)၏ ထွေထွေရာရာဥပစာတွင် ဖော်ပြထားပေ သည်။ သိစရာများလှသည့် ဥပစာများအကြောင်းကို ဆက်လက်လေ့လာ သွားရပေမည်ဖြစ်သည်။

**ကိုးကား**

- **နှစ်ဖက်လှ၏ ကဗျာလင်္ကာနှင့် နည်းဥပစာ**
- **မြန်မာ့စွယ်စုံကျမ်း၊ အတွဲ (၁၄)**

# ကမ်းဆင့်လက်များ ဖွင့်ထားပေးပြီ

- ကမ္ဘာပေါ်မှာ ရှိခဲ့ပါသည်  
  တစ်ပြည်ထောင်ထဲ နှစ်ခြမ်းကွဲပြီး  
  လက်တွဲဖြုတ်ကြ သာဓက။

- ဗီယက်နမ်ပြည် ဂျာမနီတို့  
  နှစ်ပြည်ကွဲပြီး ရှေ့ခရီးတွင်  
  ကြီးမားစုဝေး လူမှုရေးထိ  
  ရှုပ်ထွေးရောကာ ကွဲပြားလာမို့  
  ခုခါသော်မှ တူညီစိတ်ဓာတ်  
  ပြန်ပေါင်းစပ်လျက် ဖြောင့်မတ်အတူ  
  တိုင်းသူပြည်သား ညီနောင်ဖွားတို့  
  တစ်သားရေပြင် ခြားမထင်သို့  
  ပျော်ရွှင်နေကြ သူတို့ဘဝ။

- တို့ပြည်တို့ရွာ ခုအခါဝယ်  
  သူကတစ်လူ ငါမှုတစ်မင်း  
  အချင်းချင်းကွဲ ရှိနေဆဲမို့  
  ရင်ထဲမရွှင် စိတ်စဉ်ခွေနွမ်း မငြိမ်းချမ်း။

- သို့တစ်စေလည်း ဖြေသာသေးသည်  
  ဆိုရမည်တည့် အင်န်စီအေမှာ  
  ညီညာစွာလျှင် ပြည်ရွာအတွက်  
  ချင့်မြော်တွက်လျက်  
  လက်မှတ်ကိုယ်စီ ထိုးခဲ့ပြီ။

- ယနေ့ချိန်ခါ မျက်မှောက်မှာမူ  
  ကမ်းလာလက်များ ဖွင့်ပေးထားပြီး  
  တူညီစိတ်ရင်း နှလုံးသွင်း၍  
  သွေးချင်းပီပီ ဦးတည်ဆွေးနွေး  
  ငြိမ်းချမ်းရေးကို  
  ပိုက်ထွေးသိမ်းမြန်းရစေကြောင်း  
  တို့များပြည်သူ ဆုခြွေတောင်း။

- ညီညွတ်ငြိမ်းချမ်း စိတ်ဝမ်းအတူ  
  ချစ်ကြည်ဖြူမှ ရယူနိုင်ဖွယ်  
  ဖက်ဒရယ်လျှင် လက်ဝယ်ပိုင်ပိုင် တို့မျှော်မှန်း  
  ဒီမိုကရေစီ ခေတ်ဆီလှမ်း။ ။

NCA ချုပ်ဆိုခြင်း (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့ကို ကြိုဆိုလျက်။

ဘိုမျိုး(ရွှေဘို)

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင် ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

# နိုင်ငံတကာ သတင်းများ

## အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် အစ္စရေးပါလီမန်တွင် မိန့်ခွန်းပြောကြား

ဂျေရုဆလင် အောက်တိုဘာ ၁၃

အစ္စရေးနှင့် ဟားမတ်စ်အဖွဲ့ကြားဖြစ်ခဲ့သည့် လက်နက်ကိုင်ပဋိပက္ခသည် လက်ရှိအချိန်တွင် ပြီးဆုံးခဲ့ပြီဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အစ္စရေးပါလီမန်၌ ယနေ့ မိန့်ခွန်းပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

သမ္မတ ဒေါ်နယ်ထရမ့်၏ ခရီးစဉ်သည် အစ္စရေးနှင့် ဟားမတ်စ်ကြား အကျဉ်းသားများ လဲလှယ်နေသည့်အချိန်တွင် သွားရောက်သည့် ခရီးစဉ်ဖြစ်သည်။

လက်ရှိအချိန်တွင် ဂါဇာဒေသ၌ ဖြစ်ပွားသည့် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းသွားခဲ့ကြောင်းနှင့် ယခုရရှိခဲ့သည့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်သည် အစ္စရေးနှင့် ပါလက်စတိုင်းအတွက်သာမက ဂါဇာဒေသခံများအားလုံးအတွက်ဖြစ်ကြောင်း သမ္မတ ဒေါ်နယ်ထရမ့်က အစ္စရေးပါလီမန်၌ မိန့်ခွန်းပြောကြားရာတွင် မှတ်ချက်ပြုပြောကြားခဲ့သည်။

အမေရိကန်၏ အကူအညီပေးမှုကြောင့် အစ္စရေးသည် စစ်ရေးအင်အား ကောင်းလာခဲ့ကြောင်း သမ္မတဒေါ်နယ်ထရမ့်က ပြောကြားခဲ့သည်။

သို့ရာတွင် ပါလီမန်အတွင်း ပါလက်စတိုင်းနိုင်ငံကို အသိအမှတ်ပြုကြောင်း တက်ရောက်လာသူတစ်ဦးက ဆန္ဒဖော်ထုတ်ခဲ့သည်။

Ref : Xinhua

Trs : KKO

## ပါကစ္စတန်နှင့် အာဖဂန်နယ်စပ်ပဋိပက္ခများအတွက် စိုးရိမ်မိကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောကြား



ပေကျင်း အောက်တိုဘာ ၁၃

ပါကစ္စတန်နှင့်အာဖဂန်နစ္စတန်တို့ကြားဖြစ်ပွားခဲ့သည့် နယ်စပ်ပဋိပက္ခများနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မိကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

တရုတ်နိုင်ငံအနေဖြင့် ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်နှစ်နိုင်ငံ ဆက်ဆံရေးတိုးတက်ကောင်းမွန်လာစေရေးအတွက် အပြုသဘောဆောင်သည့် အခန်းကဏ္ဍမှ ဆက်လက်ပါဝင်ရန် တရုတ်နိုင်ငံအနေဖြင့် ဆန္ဒရှိကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ကြေညာချက်၌ ဖော်ပြထားသည်။

အလားတူ ဒေသတွင်းရှိ တရုတ်နိုင်ငံသားများနှင့် တရုတ်ရင်းနှီးမြှုပ်နှံမှုများကို အကာအကွယ်ပေးရန်လည်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနကြေညာချက်၌ ဖော်ပြထားသည်။

တရုတ်နိုင်ငံသည် အနောက်ဘက်ဒေသ၌ အာဖဂန်နစ္စတန်၊ ပါကစ္စတန်နိုင်ငံများနှင့် နယ်မြေချင်းထိစပ်နေသည့်နိုင်ငံဖြစ်သည်။

ပါကစ္စတန်နှင့် အာဖဂန်နယ်စပ်တစ်လျှောက် အနည်းဆုံးနေရာပေါင်း ခြောက်နေရာတို့၌ အောက်တိုဘာ ၁၁ ရက် ညပိုင်းက ပဋိပက္ခများဖြစ်ပွားခဲ့ရာ သေဆုံးသူအများအပြားရှိခဲ့ကြောင်း ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်နှစ်ဖက်စလုံးက အတည်ပြုထားသည်။

ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်နိုင်ငံတို့အနေဖြင့် နှစ်နိုင်ငံကြားပြဿနာများကို တွေ့ဆုံဆွေးနွေးရေး နည်းလမ်းဖြင့် ဖြေရှင်းမည်ဟု မိမိတို့မျှော်လင့်ထားကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားထားသည်။Ref:Xinhua

Trs : KKO

## ဆလိုဗက်ကီးယားနိုင်ငံ အရှေ့ပိုင်း၌ ရထားနှစ်စီး ဝင်တိုက်မှုကြောင့် အနည်းဆုံး ဦးရေ ၂၀ ဒဏ်ရာများ ရရှိ

ဘရာတီဆလာဗာ အောက်တိုဘာ ၁၃

ဆလိုဗက်ကီးယားနိုင်ငံ အရှေ့ပိုင်း၌ ယနေ့တွင် ရထားနှစ်စီး ဝင်တိုက်ခဲ့ရာ အနည်းဆုံး လူဦးရေ ၂၀ ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

ရထားနှစ်စီး ဝင်တိုက်မှုတွင် စက်ခေါင်းတွဲတစ်တွဲနှင့် လူစီးတွဲတစ်တွဲလမ်းချော်ထွက်ခဲ့ရကြောင်း ဆလိုဗက်ကီးယားမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ရထားနှစ်စီးဝင်တိုက်ရာ နေရာသို့ ရဟတ်ယာဉ်နှစ်စင်းနှင့် သူနာပြုယာဉ်အများအပြား စေလွှတ်ထားကြောင်း ဆလိုဗက်ကီးယားအစိုးရတာဝန်ရှိသူများက ပြောကြားထားသည်။

အဆိုပါ ရထားနှစ်စီးပေါ်တွင် ခရီးသည် စုစုပေါင်း ဦးရေ ၈၀ ခန့် လိုက်ပါလာကြောင်း ဆလိုဗက်ကီးယား ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

ရထားနှစ်စီး ဝင်တိုက်မှုသည် ဆလိုဗက်ကီးယားနိုင်ငံ အရှေ့ပိုင်း ကိုးဆစ်မြို့အနောက်ဘက် ၃၄ မိုင်ခန့်အကွာ ရထားလမ်းဆုံတစ်ခု၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် ရထားနှစ်စီး ဝင်တိုက်မှုဖြစ်စဉ်၏ နောက်ခံအကြောင်းရင်းကို ဆလိုဗက်ကီးယား တာဝန်ရှိသူများက စုံစမ်းစစ်ဆေးလျက် ရှိကြောင်း သိရသည်။

Ref : RT

Trs : KKO



## တောင်အာဖရိက၌ ဘတ်စကားတိမ်းမှောက်မှုဖြစ်ပွား အနည်းဆုံး ၄၂ ဦးသေဆုံး၍ ၃၆ ဦး ဒဏ်ရာရရှိ

ဂျိုဟန်နက်စဘတ် အောက်တိုဘာ ၁၃

တောင်အာဖရိကနိုင်ငံမြောက်ပိုင်း တောင်ပေါ်လမ်းတစ်လမ်း၌ ခရီးသည်တင် ဘတ်စကားတစ်စီး လမ်းချော် တိမ်းမှောက်ခဲ့ရာ အနည်းဆုံး လူ ၄၂ ဦး သေဆုံးခဲ့ကြောင်း တောင်အာဖရိက တာဝန်ရှိသူများက ယနေ့တွင် ပြောကြားခဲ့သည်။

အဆိုပါ ယာဉ်မတော်တဆမှုသည် ပရီတိုးရီးယားမြို့ မြောက်ဘက် ၂၄၈ မိုင်ခန့်အကွာ အဝေးပြေးလမ်းပေါ်၌ အောက်တိုဘာ ၁၂ ရက်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အဆိုပါ ခရီးသည်တင် ဘတ်စကားသည် မောင်းနှင်နေစဉ် ရုတ်တရက်လမ်းချော်၍ လမ်းဘေးမြောင်ထဲ ထိုးဆင်းတိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။



ယာဉ်မတော်တဆမှုအတွင်း အနည်းဆုံး ၄၂ ဦး သေဆုံး၍ ၃၆ဦး ဒဏ်ရာများရရှိခဲ့ကြောင်း တောင်အာဖရိကတာဝန်ရှိသူများက ပြောကြားခဲ့သည်။

လမ်းချော်တိမ်းမှောက်ခဲ့သော ခရီးသည်တင် ဘတ်စကားသည် ဇင်ဘာဘွေနိုင်ငံသို့ ဦးတည်မောင်းနှင်နေသော ဘတ်စကားဖြစ်ပြီး ဇင်ဘာဘွေနိုင်ငံသားများနှင့် မာလာဝီနိုင်ငံသားများလိုက်ပါလာကြောင်း သိရသည်။

ယာဉ်မတော်တဆမှု ဖြစ်ပွားရခြင်း၏ နောက်ခံအကြောင်းရင်းကို တောင်အာဖရိက တာဝန်ရှိသူများက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

Ref : RT

Trs : KKO

## အရပ်သားများအတွက် နျူကလီးယားတိုက်ခိုက်မှုဒဏ် ခံနိုင်ရည်ရှိသော မြေအောက်ဘန်ကာ ဆိုးလ်မြို့၌ တည်ဆောက်မည်

ဆိုးလ် အောက်တိုဘာ ၁၃

ဆိုးလ်မြို့၏ ပထမဆုံးသော နျူကလီးယား တိုက်ခိုက်မှုဒဏ်ခံနိုင်ရည်ရှိသည့် ပထမဆုံး အရပ်ဘက် မြေအောက်ဘန်ကာကို ၂၀၂၈ ခုနှစ်တွင် တည်ဆောက်ရန် ဆိုးလ်မြို့ တာဝန်ရှိသူများက စီစဉ်ထားကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါအရပ်ဘက်နျူကလီးယား တိုက်ခိုက်မှုဒဏ်ခံ မြေအောက်ဘန်ကာကို ဆိုးလ်မြို့၌ အကောင်အထည်ဖော်မည့် အိမ်ရာစီမံကိန်းတစ်ခုတွင် ထည့်သွင်းတည်ဆောက်ရန် ဆိုးလ်မြို့ တာဝန်ရှိသူများက စီစဉ်ထားခြင်းဖြစ်သည်။

အဆိုပါနျူကလီးယားတိုက်ခိုက်မှုဒဏ်ခံမြေအောက်ဘန်ကာသည် အကျယ်အဝန်း စတုရန်းမီတာ ၂၁၄၇ မီတာရှိပြီး လူဦးရေ ၁၀၂၀ ကို ၁၄ ရက်ကြာ အကာအကွယ်ပေးထားနိုင်မည်ဖြစ်သည်။

အိမ်နီးချင်း မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားခြိမ်းခြောက်မှုမြင့်တက်လာချိန်တွင် ဆိုးလ်မြို့၌ အရပ်သားများအတွက် ပထမဆုံး နျူကလီးယားတိုက်ခိုက်မှုဒဏ်ခံ မြေအောက်ဘန်ကာ တည်ဆောက်ရန် ဆိုးလ်မြို့ တာဝန်ရှိသူများက စီစဉ်ထားခြင်းဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံတစ်ဝန်း၌ ဗုံးခိုကျင်းပေါင်း ၁၇၀၀၀ နီးပါးရှိပြီး ၃၂၀၀ ကျော်ကို ဆိုးလ်မြို့၌ တည်ဆောက်ထားခြင်းဖြစ်သည်။

သို့ရာတွင် ယင်းဗုံးခိုကျင်းအများစုမှာ နျူကလီးယား တိုက်ခိုက်မှုဒဏ် ခံနိုင်ရည်မရှိသော ဗုံးခိုကျင်းများဖြစ်ကြကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## တရုတ်အမျိုးသား အာကာသအေဂျင်စီက ဂရာဗတီ-၁ ဒုံးပျံဖြင့် ဂြိုဟ်တုသုံးစင်းကို အောက်တိုဘာ ၁၂ ရက်တွင် လွှတ်တင်



**ပေကျင်း အောက်တိုဘာ ၁၃**

တရုတ်အမျိုးသား အာကာသအေဂျင်စီသည် ဂရာဗတီ-၁ အမည်ရှိ ဒုံးပျံဖြင့် ဂြိုဟ်တုသုံးစင်းကို အောက်တိုဘာ ၁၂ ရက်တွင် အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း သိရသည်။

ဂရာဗတီ-၁ ဒုံးပျံကို တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်တုန်းပြည်နယ် အိုင်ယန်မြို့ ကမ်းရိုးတန်းကမ်းလွန်ရေပြင်ရှိ သင်္ဘောတစ်စင်းပေါ်မှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး မကြာမီမှာပင် ဂရာဗတီ-၁ ဒုံးပျံသည် သယ်ဆောင်ထားသည့် ဂြိုဟ်တုသုံးစင်းကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့သည်ဟု တရုတ်အမျိုးသား အာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

ဂရာဗတီ-၁ ဒုံးပျံသည် ကမ္ဘာပေါ်၌ စွမ်းဆောင်ရည်အကြီးမားဆုံး လောင်စာခဲသုံး ဒုံးပျံဖြစ်ကြောင်း သိရသည်။

တရုတ်အမျိုးသား အာကာသအေဂျင်စီသည် ဂရာဗတီ-၁ ဒုံးပျံကို ၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင် ပထမဆုံးအကြိမ် လွှတ်တင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အလေးချိန် ၄၀၅ တန်ရှိသော ဂရာဗတီ-၁ ဒုံးပျံသည် အလေးချိန် ၆ ဒသမ ၅ တန်ရှိ ဂြိုဟ်တုနှင့် အာကာသယာဉ်များကို ကမ္ဘာပတ်လမ်း အနိမ့်ပိုင်းသို့ ပို့ဆောင်ပေးနိုင်ပြီး အလေးချိန် ၄ ဒသမ ၂ တန်ရှိသည့် ဂြိုဟ်တုနှင့် အာကာသယာဉ်များကို ကမ္ဘာမြေပြင်အထက် အမြင့်ကီလိုမီတာ ၅၀၀ အကွာတွင်ရှိသည့် ပတ်လမ်းပေါ်သို့ ပို့ဆောင်နိုင်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO


## စနေဂြိုဟ်၏ ဂြိုဟ်ရံလတစ်စင်းဖြစ်သော မီးမက်စ်ဂြိုဟ်ရံလပေါ်တွင် မြေအောက်သမုဒ္ဒရာတစ်စင်းတည်ရှိနိုင်

**ဝါရှင်တန် အောက်တိုဘာ ၁၃**

စနေဂြိုဟ်၏ ဂြိုဟ်ရံလတစ်စင်းဖြစ်သော မီးမက်စ်ဂြိုဟ်ရံလပေါ်တွင် မြေအောက်သမုဒ္ဒရာတစ်စင်းတည်ရှိနေနိုင်ကြောင်း သိပ္ပံပညာရှင်များက အောက်တိုဘာ ၁၂ ရက်တွင် ပြောကြားသည်။

မီးမက်စ်ဂြိုဟ်ရံလကို မြေအောက်သမုဒ္ဒရာရှိနိုင်ခြေ မရှိသည့် ဂြိုဟ်ရံလတစ်စင်းအဖြစ် သိပ္ပံပညာရှင်များက ရှေးယခင်က ယူဆခဲ့ကြသည်။

သို့ရာတွင် ဆောက်သ်ဝက်စ် သုတေသနအင်စတီကျူမှ အမေရိကန်သိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ မီးမက်စ်ဂြိုဟ်ရံလမျက်နှာပြင်အောက်တွင် မြေအောက်သမုဒ္ဒရာတစ်စင်းရှိနေနိုင်ကြောင်း သိရသည်။



အဆိုပါ မြေအောက်သမုဒ္ဒရာသည် သက်တမ်းအားဖြင့် နှစ်ပေါင်း ၁၀ သန်းမှ ၁၅ သန်းထိရှိနိုင်သော သက်နုသမုဒ္ဒရာတစ်စင်း ဖြစ်နိုင်ကြောင်း အမေရိကန်သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

အမေရိကန်သိပ္ပံပညာရှင်များသည် မီးမက်စ်ဂြိုဟ်ရံလနှင့် စနေဂြိုဟ်တို့ကြား ဒြပ်ဆွဲအားအပြန်အလှန် သက်ရောက်မှုပုံစံများကို လေ့လာပြီးနောက် တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

မီးမက်စ်ဂြိုဟ်ရံလသည် အချင်းမိုင် ၈၀ ရှိသော ဟာရှမ်လ်အမည်ရှိ ဥက္ကာချိုင့်ဝှမ်းကြောင့် ထင်ရှားကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားသည်။

Ref : Russia Today

Trs : KKO

## နေအဖွဲ့အစည်းအတွင်းဝင်ရောက်လာသည့် အာကာသဒြပ်ထည်ဖြစ်သော 31/ATLAS ကြယ်တံခွန်က ရေဓာတ်များမှုတ်ထုတ်နေ

**ဝါရှင်တန် အောက်တိုဘာ ၁၃**

နေအဖွဲ့အစည်းအတွင်း ဝင်ရောက်လာသည့် ကြယ်တာရာဟင်းလင်းပြင်ဖြတ် အာကာသဒြပ်ထည်ဖြစ်သော 31/ATLAS ကြယ်တံခွန်သည် ရေဓာတ်များမှုတ်ထုတ်နေကြောင်း သိပ္ပံပညာရှင်များက အောက်တိုဘာ ၁၂ ရက်တွင် ပြောကြားသည်။

31/ATLAS ကြယ်တံခွန်က မှုတ်ထုတ်နေသည့် ရေဓာတ်အခြေခံဓာတုပစ္စည်းများကို အမေရိကန်သိပ္ပံပညာရှင်များက အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဂျီရယ်ဆွစ်ဖ် ရေဒီယိုတယ်လီစကုပ်ဖြင့် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

နေရောင်ခြည်ကြောင့်ပေါ်ထွက်လာသည့် ကြယ်တံခွန်၏ လှုပ်ရှားမှုများနှင့် အခြားဓာတ်ငွေ့များမှုတ်ထုတ်မှုတို့ကို တိုင်းတာရာတွင် ရေဓာတ်သည် အခြေခံကျသော ပစ္စည်းတစ်မျိုးဖြစ်သည်။

31/ATLAS ကြယ်တံခွန်၏ ရေဓာတ်များကိုထောက်လှမ်းတွေ့ရှိထားခြင်းဖြင့် ၎င်းကြယ်တံခွန်ကို နေအဖွဲ့အစည်းဝင် ကြယ်တံခွန်များနှင့် နှိုင်းယှဉ်လေ့လာနိုင်မည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

31/ATLAS ကြယ်တံခွန်သည် ဟိုက်ဒရိုဆီးလ် (OH)ခေါ် ရေမော်လီကျူးများကို တစ်စက္ကန့်လျှင် ကီလိုဂရမ် ၄၀ နှုန်းဖြင့် မှုတ်ထုတ်နေကြောင်း အမေရိကန်သိပ္ပံပညာရှင်များ၏အဆိုအရ သိရသည်။

31/ATLAS ကြယ်တံခွန်သည် နေအဖွဲ့အစည်းအတွင်း ဝင်လာသည့် တတိယမြောက် ကြယ်တာရာဟင်းလင်းပြင်ဖြတ် အာကာသဒြပ်ထည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# HEALTH

## သကြားအစားထိုး ဓာတုပစ္စည်းတစ်မျိုးက ဆံပင်များပြန်ထွက်လာရေး အားပေးစေ့ဆော်နိုင်

**ကင်ဘာရာ အောက်တိုဘာ ၁၃**

သကြားလုံးနှင့် အားဖြည့်အချိုရည်များတွင်ပါဝင်သည့် သကြားအစားထိုးဓာတုပစ္စည်း တစ်မျိုးသည် ဆံပင်များပြန်ထွက်လာရေးအတွက် အားပေးစေ့ဆော်နိုင်ကြောင်း သုတေသနပညာရှင်များက အောက်တိုဘာ ၁၂ ရက်တွင် ပြောကြားသည်။

စတီဗီယာခေါ် သကြားအစားထိုးပစ္စည်းတွင် အချိုဓာတ်ကိုပေးနိုင်သည့် Steviosides ခေါ် ဓာတုဒြပ်ပေါင်းတစ်မျိုး ပါဝင်ကြောင်း သိရသည်။

သြစတြေးလျသုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Steviosides ဓာတုဒြပ်ပေါင်းကို Minoxidil ခေါ် ဆံပင်ပေါက်ဆေးတစ်မျိုးနှင့် ပေါင်းစပ်အသုံးပြုပါက ဆံပင်များပြန်ထွက်လာရေးအတွက် အားပေးစေ့ဆော်နိုင်ကြောင်း သိရသည်။

သြစတြေးလျ သုတေသနပညာရှင်များသည် ကျောမွေးပြောင်နေသော ကြွက်များကို Minoxidil နှင့် Steviosides ဆေးနှစ်မျိုးပေါင်းစပ်၍ ကုသပေးခဲ့ရာ စမ်းသပ်ကာလ ပြီးဆုံးချိန်တွင် ကျောပြင်တစ်ခုလုံး၏ ၆၇ ဒသမ ၅ ရာခိုင်နှုန်းတွင် အမွေးအမှင်များ ပြန်ထွက်လာကြောင်း သိရသည်။

သို့ရာတွင် Minoxidil ဆေးတစ်မျိုးတည်းဖြင့် ကုသထားသည့် ကြွက်များတွင်မူ ကျောပြင်၏ ၂၅ ရာခိုင်နှုန်းတွင်သာ အမွေးအမှင်များ ပြန်ထွက်လာကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

စမ်းသပ်မှုများမှပေါ်ထွက်လာသည့် ရလဒ်များအရ Steviosides ဓာတုဒြပ်ပေါင်းသည် ဆံပင်ကျွတ်ထိပ်ပြောင်မှု ပြဿနာအတွက် ကုထုံးတစ်ခု ဖြစ်လာနိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO

## အမေရိကန်အမျိုးသမီးလူငယ်များကြား ရင်သားကင်ဆာတစ်မျိုးဖြစ်ပွားနှုန်း မြင့်တက်

**နယူးယောက် အောက်တိုဘာ ၁၃**

အမေရိကန်အမျိုးသမီးလူငယ်များကြား ရှားပါးသော်လည်း အသက်အန္တရာယ်ကြီးမားသည့် ကင်ဆာရောဂါတစ်မျိုး ဖြစ်ပွားနှုန်း မြင့်တက်လာကြောင်း သုတေသန ပညာရှင်များက အောက်တိုဘာ ၁၂ ရက်တွင် ပြောကြားသည်။

သုတေသန ပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Invasive Lobular Carcinoma (ILC) ခေါ် ရင်သားကင်ဆာတစ်မျိုးမှာ အမျိုးသမီး လူငယ်များကြား ဖြစ်ပွားနှုန်းမြင့်တက်လာကြောင်း သိရသည်။

အမေရိကန်အရွယ်ရောက် အမျိုးသမီးလူငယ်များကြား ILC ရင်သားကင်ဆာရောဂါ ဖြစ်ပွားနှုန်းမှာ အခြားရင်သားကင်ဆာများဖြစ်ပွားနှုန်းထက် သုံးဆပိုမြင့်မားကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ၂၀၁၂ ခုနှစ်နှင့် ၂၀၂၁ ခုနှစ်ကြား ကာလအတွင်း အသက် ၅၀ နှင့် အထက် အမျိုးသမီးများ၌ ILC ရင်သားကင်ဆာရောဂါ ဖြစ်ပွားနှုန်းမှာ ၂၂ ဒသမ ၈ ရာခိုင်နှုန်းမြင့်တက်လာခဲ့ပြီး အသက် ၅၀ အောက် အမျိုးသမီးများကြားတွင်မူ ၂ ဒသမ ၉ ရာခိုင်နှုန်းထိ နှစ်စဉ်မြင့်တက်လာကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# Buick LPGA Shanghai ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို သီတီကူလ် ဆွတ်ခူး

**ရှန်ဟိုင်း အောက်တိုဘာ ၁၃**

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် ကျင်းပခဲ့သည့် Buick LPGA Shanghai ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့်(၁) ဂေါက်သီးရိုက်မယ် သီတီကူလ်က ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ထိုင်းဂေါက်သီးရိုက်မယ် သီတီကူလ်သည် နောက်ဆုံးနေ့အပြီးတွင် ဂျပန်ဂေါက်သီးရိုက်မယ် ကက်ဆူနှင့်အတူ စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၂၄ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့ပြီးနောက် ချန်ပီယံအဆုံးအဖြတ်အတွက် Play-off အဆင့်ကို ဆက်လက် ယှဉ်ပြိုင်ကစားခဲ့ရာ သီတီကူလ်က အနိုင်ရရှိခဲ့သည်။

ကက်ဆူက ဒုတိယနေရာဖြင့်သာ ကျေနပ်ခဲ့ရပြီး ဩစတြေးလျ ဂေါက်သီးရိုက်မယ် မင်ဂျီလီက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၉ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။ ရာသီကုန်ရန် ပြိုင်ပွဲခြောက်ရပ်ထိ ကျန်ရှိနေသေးသော်လည်း သီတီကူလ်အနေဖြင့် ယခုနှစ်၏ တစ်နှစ်တာအကောင်းဆုံး ဂေါက်သီးရိုက်မယ်ဆုကို ဆွတ်ခူးနိုင်ရန် ရေပန်းစားလာခဲ့သည်။

သီတီကူလ်က "နောက်ဆုံးပြိုင်ပွဲမှာ အောင်မြင်မှုရခဲ့ပြီးတဲ့နောက်ပိုင်း ကျွန်မအနေနဲ့ယုံကြည်မှုတွေ မြင့်တက်လာပါတယ်။ အခုဒီပြိုင်ပွဲမှာလဲ အောင်မြင်မှုရခဲ့တဲ့အတွက် ဝမ်းသာပါတယ်။ ကျွန်မရဲ့အိပ်မက်တွေ အမှန်တကယ်ဖြစ်လာခဲ့ပြီ။ ဒီပြိုင်ပွဲဟာ ပြိုင်ဆိုင်မှုပြင်းထန်ခဲ့သလို နောက်ဆုံးနေ့ထိကို ခက်ခက်ခဲခဲ ယှဉ်ပြိုင်ကစားခဲ့ရပါတယ်။ နောက်ဆုံးနေ့အပြီးမှာလဲ ချန်ပီယံဆုအဆုံးအဖြတ်အတွက် Play-off အဆင့်ကို ဆက်လက် ယှဉ်ပြိုင်ကစားခဲ့ရတယ်။ တကယ်ကို စိတ်လှုပ်ရှားစရာကောင်းတဲ့ ပြိုင်ပွဲတစ်ရပ်ဖြစ်ခဲ့ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Golf Magic**
**Trs : AZL**



# တိုက်စစ်မှူးဆွာရက်ဇ် ကစားသမားဘဝ သွင်းဂိုး ၆၀၀ ပြည့်မြောက်




**မီယာမီ အောက်တိုဘာ ၁၃**

မေဂျာလိဂ် အမှတ်ပေးပွဲစဉ်အဖြစ်ကစားခဲ့သည့် အင်တာမီယာမီအသင်းနှင့် အတ္တလန်တာအသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့သည့် တိုက်စစ်မှူး ဆွာရက်ဇ်က ကစားသမားဘဝ သွင်းဂိုး ၆၀၀ ပြည့်မြောက်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် အင်တာမီယာမီအသင်းက လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး အသင်းအတွက် တတိယမြောက်ဂိုးသွင်းယူနိုင်သည့် ဆွာရက်ဇ်က အသင်းနှင့် ပြိုင်ပွဲစုံ ၈၂ ပွဲတွင် သွင်းဂိုး ၄၂ ဂိုးထိရှိလာခဲ့သည်။

တိုက်စစ်မှူး ဆွာရက်ဇ်သည် ကစားသမား ဘဝတစ်လျှောက် နိုင်ငံလက်ရွေးစင် ဥရုဂွေးအသင်းအတွက် ပြိုင်ပွဲစုံ ၁၄၃ ပွဲတွင် သွင်းဂိုး ၆၉ ဂိုး၊ နေစီယွန်နယ်အသင်းတွင် ပြိုင်ပွဲစုံ ၅၁ ပွဲ၌ သွင်းဂိုး ၂၀၊ ဘရာဇီးကလပ် ဂရီမီယိုအသင်းနှင့်အတူ သွင်းဂိုး ၂၉ ဂိုး၊ ဥရောပကလပ် ဂရိုနင်ဂျန်အသင်းတွင် ပြိုင်ပွဲစုံ ၃၇ ပွဲ၌ သွင်းဂိုး ၁၅ ဂိုး၊ နယ်သာလန်ကလပ် အေဂျက်အသင်းနှင့် ပွဲစဉ်တွင် ပြိုင်ပွဲစုံ ၁၅၉ ပွဲ၌ သွင်းဂိုး ၁၁၁ ဂိုး၊ လီဗာပူးအသင်း၌ သုံးနှစ်ခွဲ ကစားခဲ့ရာ ပြိုင်ပွဲစုံ ၁၃၃ ပွဲတွင် သွင်းဂိုး ၈၂ ဂိုး၊ ဘာစီလိုနာ အသင်းနှင့်အတူ သွင်းဂိုး ၁၉၈ ဂိုး၊ အေတီကိုအသင်းနှင့် ပြိုင်ပွဲစုံ ၈၃ ပွဲတွင် သွင်းဂိုး ၃၄ ဂိုးသွင်းယူနိုင်ခဲ့ပြီး နိုင်ငံအသင်းနှင့် ကလပ်အသင်းတွင် သွင်းဂိုး ၆၀၀ ထိ သွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

တိုက်စစ်မှူး ဆွာရက်ဇ်သည် ကစားသမားဘဝ ပြိုင်ပွဲစုံ ၁၀၂၅ ပွဲတွင် တစ်ပွဲပျမ်းမျှ သွင်းဂိုး သုညဒသမ ၅၈ ဂိုးနှုန်း သွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

**Ref : SI**
**Trs : ML**

# ပဲလေ့စ်အသင်းက နည်းပြဂလက်စ်နာကို စာချုပ်သက်တမ်းတိုးရန် ကြိုးပမ်း

**လန်ဒန် အောက်တိုဘာ ၁၃**

ပဲလေ့စ်အသင်းသည် နည်းပြဂလက်စ်နာကို ဆက်လက်ထိန်းသိမ်းလိုသောကြောင့် စာချုပ်သက်တမ်းမကုန်ဆုံးမီ သက်တမ်းတိုးနိုင်ရန် အသင်းတာဝန်ရှိသူများက ကြိုးပမ်းလျက်ရှိသည်။

နည်းပြ ဂလက်စ်နာသည် ပဲလေ့စ်အသင်းကို တာဝန်ယူခဲ့သည့် ပထမဆုံး ဘောလုံးရာသီတွင် အသင်းကို အက်ဖ်အေဖလား၊ ချန်ပီယံဆုဖလား ရယူပေးခဲ့ပြီး ယခုနှစ် ဘောလုံးရာသီတွင်လည်း မန်စီးတီးအသင်းကို အနိုင်ယူကာ ကွန်မြူနတီဒိုင်း ရယူပေးနိုင်ခဲ့သူဖြစ်သည်။

ထို့ကြောင့် ဥရောပထိပ်သီးကလပ်အသင်းများက စိတ်ဝင်စားမှုမြင့်တက်လာကာ ဘိုင်ယန်မြူးနစ်အသင်းက တရားဝင် ကမ်းလှမ်းမှုများ ပြုလုပ်လာသောကြောင့် ပဲလေ့စ်အသင်း ပူးတွဲပိုင်ရှင်နှင့် အသင်းဥက္ကဋ္ဌ ပါရစ်က စာချုပ်မကုန်ဆုံးမီ သက်တမ်းတိုးရန် စီစဉ်လျက်ရှိသည်။

နည်းပြ ဂလက်စ်နာသည် လာမည့်နွေရာသီတွင် အသင်းနှင့် စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်သော်လည်း နည်းပြအနေဖြင့် ပဲလေ့စ်အသင်း၏ ကမ်းလှမ်းမှုကို တုံ့ပြန်ခြင်းမရှိသေးဘဲ သဘောတူညီမှုမရပါက အလွတ်ပြောင်းရွှေ့ခွင့် ပြုရမည်ဖြစ်ကြောင်း သိရသည်။

ပဲလေ့စ်အသင်း ဥက္ကဋ္ဌက "အသင်းအနေနဲ့ ဂလက်စ်နာကို သက်တမ်းမကုန်ဆုံးမီ စောစီးစွာ ဆွေးနွေးနေတာ ဖြစ်ပါတယ်။ သူ့အနေနဲ့ မှန်ကန်တဲ့ဆုံးဖြတ်ချက် ချမှတ်နိုင်မယ်လို့ ယုံကြည်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Goal.com**
**Trs : ML**



## အားကစားသတင်းအတိုအထွာများ

- ❑ တိုက်စစ်မှူး အမ်ဘက်ပီက နိုင်ငံတကာပြိုင်ပွဲကာလအတွင်း ကစားခဲ့သည့် အသင်းဖော်ကစားသမား ကွန်နာတီသည် ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့မည်ကို ယုံကြည်ကြောင်း ပြောကြားခဲ့သည်။
- ❑ နည်းပြဖလစ်လက်အောက်တွင် ဒုတိယဦးစားပေးကစားသမားအဖြစ်ပါဝင်နေရသည့် ဂိုးသမားတာစတီဂန်ကို လာမည့်ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် မန်ယူအသင်း သို့မဟုတ် စပါးအသင်းတို့က ခေါ်ယူမည်ဖြစ်ကြောင်း သိရသည်။
- ❑ မန်စီးတီးအသင်းက အသင်းတွင် ဒဏ်ရာရကစားသမား မြင့်တက်လာသောကြောင့် လေဗာကူဆင်အသင်းသို့ အငှားချထားသည့် အယ်ချီဗာရီနှင့် ဂျီရိုနာအသင်းသို့ အငှားချထားသည့် ဗစ်တာရိစ်တို့ကို ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် စာချုပ်ပါအချက်များအရ ပြန်လည်ခေါ်ယူမည်ဖြစ်ကြောင်း သိရသည်။

ML

# နယ်သာလန်အသင်း သမိုင်းတစ်လျှောက် သွင်းဂိုးနှင့် ဂိုးဖန်တီးမှုအများဆုံးကစားသမားအဖြစ် ဒီပေး စံချိန်သစ်တင်

**အမ်စတာဒမ် အောက်တိုဘာ ၁၃**

နယ်သာလန်အသင်း တိုက်စစ်ကစားသမားဒီပေးသည် ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် နယ်သာလန်အသင်းနှင့် ဖင်လန်အသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် ဂိုးဖန်တီးမှု နှစ်ကြိမ် ပြုလုပ်နိုင်ခဲ့ပြီး တစ်ဂိုး သွင်းယူခဲ့ပြီးနောက် နယ်သာလန်အသင်း သမိုင်းတစ်လျှောက် သွင်းဂိုးနှင့် ဂိုးဖန်တီးမှုအများဆုံး ကစားသမားအဖြစ် စံချိန်သစ် တင်နိုင်ခဲ့ကြောင်း သိရသည်။



နယ်သာလန်အသင်းက ဖင်လန်အသင်းကို လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒီပေးသည် အသင်းဖော် မာလန်းနှင့် ဗန်ဒိုက်တို့၏ သွင်းဂိုး နှစ်ဂိုးကို ဂိုးဖန်တီးမှု ပြုလုပ်ပေးနိုင်ခဲ့ပြီးနောက် နယ်သာလန်အသင်းသမိုင်း တစ်လျှောက် ဂိုးဖန်တီးမှုအများဆုံးကစားသမားအဖြစ် စံချိန်သစ် တင်နိုင်ခဲ့ခြင်းဖြစ်ပြီး ကိုယ်တိုင်လည်း တစ်ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် သွင်းဂိုးအများဆုံး ကစားသမား စံချိန်ကို ဆက်လက်ရေးထိုးနိုင်ခဲ့သည်။

အစောပိုင်းက နယ်သာလန် အသင်းသမိုင်းတစ်လျှောက် ဂိုးဖန်တီးမှုအများဆုံး ကစားသမားအဖြစ် ဒီပေးသည် ကစားသမားဟောင်း ဝက်စလေရှုနိုက်ဒါနှင့်အတူ ၃၃ ကြိမ်စီဖြင့် ထိပ်ဆုံးတွင် ပူးတွဲရပ်တည်နေခဲ့ပြီး ဖင်လန်အသင်းနှင့်ပွဲစဉ်တွင် နှစ်ကြိမ် ဂိုးဖန်တီးမှု ပြုလုပ်ပေးနိုင်ခဲ့ပြီးနောက် ဝက်စလေရှုနိုက်တာ၏စံချိန်ကို နှစ်ကြိမ်အသာဖြင့်ကျော်ဖြတ်ကာ စံချိန်သစ်တင်နိုင်ခဲ့ခြင်းဖြစ်သည်။

အသက် ၃၁ နှစ်ရှိ ဒီပေးသည် ဖင်လန်အသင်းနှင့် ပွဲစဉ်တွင် တစ်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် အသင်းနှင့် ပြိုင်ပွဲစုံ ၅၄ ဂိုးဖြင့် သွင်းဂိုးအများဆုံး ကစားသမား စံချိန်ကို ဆက်လက်ရေးထိုးနိုင်ခဲ့ပြီး ယခုအခါ ဂိုးဖန်တီးမှုအများဆုံး ကစားသမားအဖြစ်ပါ စံချိန်သစ် ဆက်လက် ရေးထိုးနိုင်ခဲ့ကြောင်း သိရသည်။

**Ref : Fotmob**
**Trs : STA**

# အာစလင်ဘတ်က WBA Inter-Continental ဟဲဗီးဝိတ်တန်းချန်ပီယံခါးပတ်အား ဆွတ်ခူးနိုင်ခဲ့ပြီးနောက် အင်္ဂလန်လက်ဝှေ့သမားအန်တိုနီဂျိုရှူအာကို စိန်ခေါ်




ရှက်ဖီးလ် အောက်တိုဘာ ၁၃

WBA Inter-Continental ဟဲဗီးဝိတ်တန်းချန်ပီယံ စိန်ခေါ်ပွဲအဖြစ် ရုရှားလက်ဝှေ့သမား အာစလင်ဘတ်နှင့် အင်္ဂလန်လက်ဝှေ့သမား ဒေဗ်အလန်တို့ အောက်တိုဘာ ၁၂ ရက်တွင် အင်္ဂလန်နိုင်ငံ ရှက်ဖီးလ်မြို့၌ ထိုးသတ်ခဲ့ရာ အာစလင်ဘတ်က ဒိုင်အမှတ်ဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ကမ္ဘာ့ဟဲဗီးဝိတ်တန်း ပြိုင်ဘက်ကင်းချန်ပီယံ အင်္ဂလန်လက်ဝှေ့သမား အန်တိုနီဂျိုရှူအာကို စိန်ခေါ်လိုက်ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အန်တိုနီဂျိုရှူအာသည် လက်ရှိအနားယူနေပြီး လာမည့်နှစ်တွင် စီစဉ်သွားမည့် စိန်ခေါ်ပွဲများအတွက် ပြင်ဆင်လေ့ကျင့်မှု ပြုလုပ်လျက်ရှိသည်။

အန်တိုနီဂျိုရှူအာ၏ အသင်းကလည်း အန်တိုနီဂျိုရှူအာအတွက် လာမည့်နွေရာသီကာလအတွင်း စိန်ခေါ်ပွဲတစ်ပွဲ သို့မဟုတ် နှစ်ပွဲ စီစဉ်သွားမည်ဖြစ်ကြောင်း တရားဝင် ထုတ်ပြန်ကြေညာခဲ့ပြီးနောက် အာစလင်ဘတ်က အန်တိုနီဂျိုရှူအာကို တရားဝင်စိန်ခေါ်ခဲ့ခြင်းဖြစ်သည်။

အာစလင်ဘတ်၏ Promoter ဖြစ်သူ ကာမီလီကလည်း အာစလင်ဘတ်အတွက် အန်တိုနီဂျိုရှူအာဖြင့် ထိုးသတ်နိုင်ရေး မကြာမီ ဆွေးနွေးမှုများ စတင်ပြုလုပ်သွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ကာမီလီက "အာစလင်ဘတ်ဟာ ဒေဗ်အလန်ကို အကောင်းဆုံးပုံစံနဲ့ ထိုက်ထိုက်တန်တန်အနိုင်ရခဲ့တာ ဖြစ်ပါတယ်။ သူ့အနေနဲ့ ပိုကောင်းတဲ့ ပြိုင်ဘက်တွေနဲ့ ထိုးသတ်သွားဖို့အတွက် ကျွန်တော် အကောင်းဆုံး ကြိုးစားသွားမယ်။ အာစလင်ဘတ်အနေနဲ့ အန်တိုနီနဲ့ ထိုးသတ်သွားဖို့ ဆန္ဒရှိနေတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ အာစလင်ဘတ်အတွက် အန်တိုနီနဲ့ ထိုးသတ်သွားဖို့အတွက် မကြာခင် ဆွေးနွေးမှုတွေ ပြုလုပ်သွားမယ်။ အန်တိုနီဘက်ကလဲ လာမဲ့နွေရာသီကာလအတွင်း စိန်ခေါ်ပွဲ တစ်ပွဲ ဒါမှမဟုတ် နှစ်ပွဲထိုးသတ်သွားဖို့ စီစဉ်သွားမယ်လို့ တရားဝင်ထုတ်ပြန်ထားတဲ့အတွက် အာစလင်ဘတ်ရဲ့စိန်ခေါ်မှုကို လက်ခံမယ်လို့မျှော်လင့်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ Ref : RT

Trs : AZL

# Wuhan Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို အမေရိကန်တင်းနစ်မယ် ကိုကိုဂေါ့ဖ် ဆွတ်ခူး

ဝူဟန် အောက်တိုဘာ ၁၃

တရုတ်နိုင်ငံ ဝူဟန်မြို့တွင် ကျင်းပခဲ့သော Wuhan Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် အမေရိကန် တင်းနစ်မယ်များဖြစ်ကြသည့် ကိုကိုဂေါ့ဖ်နှင့် ပီဂူလာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကိုကိုဂေါ့ဖ်က (၆-၄၊ ၇-၅) ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့အဆင့်(၃) နေရာတွင် ရပ်တည်နေသည့် ကိုကိုဂေါ့ဖ်သည် ယခုနှစ်အတွင်း ဒုတိယမြောက်ဆုဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပြီး ဝါရင့်ကစားသမား ပီဂူလာကိုလည်း အကောင်းဆုံးပုံစံဖြင့်အနိုင်ရခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကိုကိုဂေါ့ဖ်သည် ယခုနှစ်အတွင်း ပုံစံကောင်းပျောက်ဆုံးနေပြီး အောင်မြင်မှုရရှိရန် ရုန်းကန်ခဲ့ရသူဖြစ်ကာ ပြီးခဲ့သည့်ဇွန်လက ပြင်သစ်အိုးပင်း တင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ပြီးနောက်ပိုင်း အောင်မြင်မှုများ ရယူနိုင်ခြင်းမရှိဘဲ Wuhan Open တင်းနစ်ပြိုင်ပွဲတွင် ပထမဆုံး အကြိမ်ချန်ပီယံဆုအား ပြန်လည်ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ကိုကိုဂေါ့ဖ်က "ကျွန်မဒီပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ဖို့အတွက် ဝူဟန်မြို့ကို ရောက်လာတော့ လက်ကမ်းပြီး နွေးထွေးစွာကြိုဆိုခဲ့တာက ပီဂူလာဖြစ်ပါတယ်။ ကျွန်မအနေနဲ့ နောက်ဆုံးဗိုလ်လုပွဲစဉ်မှာ ပီဂူလာနဲ့ယှဉ်ပြိုင်ကစားခွင့်ရခဲ့တာကိုလဲ ပျော်တယ်။ နောက်ထပ်ပြိုင်ပွဲတွေနဲ့နောက်ထပ်နှစ်ပေါင်းများစွာမှာလဲ ပီဂူလာနဲ့ အခုလိုပဲ ဆုံတွေ့ချင်ပါတယ်။ ပီဂူလာဟာ ကျွန်မအတွက်တော့ အခင်မင်ရဆုံး မိတ်ဆွေဆိုလဲ ဟုတ်ပါတယ်။ ဘာပဲဖြစ်ဖြစ် ဗိုလ်လုပွဲစဉ်အဆင့်ကို တက်ရောက်နိုင်ခဲ့တဲ့ ပီဂူလာအတွက် ဂုဏ်ယူပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Ubi Tennis

Trs : AZL



# နော်တင်ဟမ်အသင်းက နည်းပြသစ်အဖြစ် ရှောင်ဒိုက်ကို ခန့်အပ်ရန်ပစ်မှတ်ထား

လန်ဒန် အောက်တိုဘာ ၁၃

နော်တင်ဟမ် အသင်းက နည်းပြသစ်အဖြစ် ဘန်လေနှင့် အဲဗာတန်အသင်း နည်းပြဟောင်း ရှောင်ဒိုက်ကို ခန့်အပ်ရန် ပစ်မှတ်ထားနေကြောင်း သိရသည်။

နော်တင်ဟမ်အသင်း နည်းပြဟောင်း ဆန်းတို့စ်သည် ပြီးခဲ့သည့် ဘောလုံးရာသီက အသင်းကို ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ကာ ချန်ပီယံလိဂ်ဝင်ခွင့်နှင့်ပင် နီးစပ်ခဲ့သော်လည်း ရာသီပြီးဆုံးခါနီးတွင် ရလဒ်မတည်ငြိမ်မှုများကြောင့် ချန်ပီယံလိဂ်ဝင်ခွင့်နှင့်လွဲချော်ခဲ့ရပြီး ယူရိုပါလိဂ်ဝင်ခွင့်သာရရှိခဲ့ခြင်းဖြစ်သည်။

နည်းပြဆန်းတို့စ် အနေဖြင့် အသင်းကို ပြီးခဲ့သည့် ဘောလုံးရာသီကလည်း ရလဒ်ကောင်းများ ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သော်လည်း အသင်းပိုင်ရှင်နှင့် ဆက်ဆံရေးတင်းမာမှုများကြောင့် ရာသီအစပိုင်းက နည်းပြဆန်းတို့စ်ကို ရာထူးမှထုတ်ပယ်ခဲ့ပြီး နည်းပြသစ်အဖြစ် စပါးအသင်းနည်းပြဟောင်း ပိုစတီနိုဂလူကို ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

သို့သော် ပိုစတီနိုဂလူသည်လည်း နည်းပြသစ်အဖြစ် ခန့်အပ်ခံခဲ့ရပြီးနောက် ပြိုင်ပွဲစုံ ခုနစ်ပွဲ တာဝန်ယူကိုင်တွယ်ခဲ့ရာ နိုင်ပွဲမရရှိသေးသည့်အတွက် ဖိအားများအောက် ကျရောက်နေပြီး လာမည့်ပွဲစဉ်များတွင် ရလဒ်ဆက်လက်ဆိုးရွားနေမည်ဆိုပါက နော်တင်ဟမ်အသင်းက နည်းပြအပြောင်းအလဲ လုပ်ဆောင်မည် ဖြစ်သည့်အတွက် ကလပ်အသင်း လက်မဲ့ဖြစ်နေပြီး ဘန်လေအသင်းအဲဗာတန်အသင်းတို့နှင့် ပရီးမီးယားလိဂ်ပြိုင်ပွဲအတွေ့အကြုံရှိသည့် နည်းပြရှောင်ဒိုက်ကို ဦးစားပေးပစ်မှတ်ထားနေကြောင်း သိရသည်။Ref:Fabrizio Romano

Trs:STA

# ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ်ကစားမည့် မြန်မာအသင်းနှင့် ဆီးရီးယားအသင်းတို့ပွဲစဉ်အတွက် သတင်းစာရှင်းလင်းပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၃

ကမ္ဘာ့ဖလားခြေစစ်ပွဲ အာရှဖုန် အုပ်စုပွဲစဉ်အဖြစ် ကစားမည့် မြန်မာအသင်းနှင့် ဆီးရီးယားအသင်းတို့ပွဲစဉ်အတွက် သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းရှိ သတင်းစာရှင်းလင်းပွဲခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါသတင်းစာရှင်းလင်းပွဲသို့ မြန်မာအသင်းနည်းပြ ဦးမျိုးလှိုင်ဝင်း၊ အသင်းခေါင်းဆောင် မောင်မောင်လွင်တို့ တက်ရောက်ခဲ့ပြီး မီဒီယာများ၏မေးမြန်းမှုများကို ဖြေကြားခဲ့ကြသည်။




သတင်းစာ ရှင်းလင်းပွဲတွင် မြန်မာအသင်းနည်းပြ ဦးမျိုးလှိုင်ဝင်းက "ဆီးရီးယားနဲ့ အိမ်ကွင်းကစားရမဲ့ ပွဲအတွက် အကောင်းဆုံး ပြင်ဆင်သွားမှာဖြစ်ပါတယ်။ လေ့ကျင့်မှုတွေအပြင် ပထမအကျော့ကစားခဲ့တဲ့ ပွဲစဉ်ရဲ့ အားနည်းချက်တွေကို Video Analysis လုပ်ပြီး ပြန်လည်သုံးသပ်ပါတယ်။ ကျွန်တော်တို့ အဝေးကွင်းပွဲစဉ်မှာ စနစ်တကျနဲ့ ပြင်ဆင်ခဲ့ပေမဲ့ ကိုယ်လိုချင်တဲ့ ပုံစံမျိုးမဖြစ်ခဲ့ပါဘူး။ ကျွန်တော်တို့ သေသေချာချာ စုစုစည်းစည်းနဲ့ ပြင်ဆင်ခဲ့ပေမဲ့ ခရီးသွားလာရေး၊ ရာသီဥတု၊ ကစားသမားတွေရဲ့ ပင်ပန်းနွမ်းနယ်မှုနဲ့ ဒဏ်ရာ ပြဿနာတွေကိုလဲ ရင်ဆိုင်ရပါတယ်။ မနက်ဖြန်အတွက် ဂျပန်မှာ သွားရောက်လေ့ကျင့်ခဲ့တဲ့ ယူ-၂၃ အသင်းက မင်းမော်ဦး၊ ဇော်ဝင်းသိန်းနဲ့ မြတ်ဘုန်းခန့်တို့ သုံးဦးကို အသင်းအတွက် ခေါ်ယူထားပါတယ်။ သူတို့သုံးဦးဟာ ကျွန်တော်တို့အသင်းနဲ့ ရင်းနှီးကျွမ်းဝင်ပြီးသားဖြစ်တဲ့အပြင် လေ့ကျင့်မှုလဲ မပြတ်တာကြောင့် ခေါ်ယူခဲ့တာပါ။ ခြေစစ်ပွဲအိမ်ကွင်းနောက်ဆုံးပွဲစဉ်ဖြစ်တာကြောင့် ရလဒ်ကောင်းဖို့ ကြိုးစားသွားမှာပါ "ဟု ပြောကြားခဲ့သည်။

မြန်မာအသင်းသည် အုပ်စုနှစ်ပွဲကစားပြီးချိန်တွင် နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး ရမှတ်ခြောက်မှတ်ဖြင့် အုပ်စု ဒုတိယနေရာတွင် ရပ်တည်နေပြီး အုပ်စုလက်ကျန်ပွဲစဉ်များအဖြစ် ဆီးရီးယားအသင်း၊ အာဖဂန်နစ္စတန်အသင်း၊ ပါကစ္စတန်အသင်းတို့နှင့် ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

STA

# မန်ယူအသင်းက ပဲလေ့စ်အသင်းမှ ဝါတန်ကို ခေါ်ယူရန် စတင်ဆွေးနွေး

မန်ချက်စတာ အောက်တိုဘာ ၁၃

မန်ယူအသင်းက အသင်း ကွင်းလယ်ပိုင်းတွင် ကက်စ်မဲရိုးနှင့် မိုင်နူးတို့ ထွက်ခွာနိုင်သည့် အခြေအနေများကြောင့် ပဲလေ့စ်အသင်းမှ ဝါတန်ကိုခေါ်ယူရန် စတင်ဆွေးနွေးမှုများ ပြုလုပ်နေကြောင်း သိရသည်။

မန်ယူအသင်းတွင် အသင်းကွင်းလယ်ပိုင်း၌ ကိုဘီမိုင်နူးအနေဖြင့် နည်းပြအာမိုရင် လက်အောက်တွင် ပွဲထွက်ခွင့်မရရှိသည့်အတွက် နွေရာသီအပြောင်းအရွှေ့ကာလကတည်းက အသင်းမှထွက်ခွာရန် ကြိုးပမ်းနေသူဖြစ်ပြီး လက်ရှိရာသီတွင် ပွဲကစားခွင့် နည်းပါးနေသည့်အတွက် စပါးအသင်း သို့မဟုတ် နာပိုလီအသင်းတို့နှင့် သတင်းထွက်ပေါ်နေသူဖြစ်သည်။

အလားတူ ကက်စ်မဲရိုးသည်လည်း ရာသီအကုန်တွင် စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်သည့်အတွက် မန်ယူအသင်းက ဇန်နဝါရီ အပြောင်းအရွှေ့ ကာလတွင် ရောင်းချရန် ဆုံးဖြတ်ထားသောကြောင့် အသင်းကွင်းလယ်ပိုင်းတွင် အူဂါတီနှင့် ဖာနန်ဒက်တို့သာ ကျန်ရှိတော့မည်ဖြစ်သည့်အတွက် ဝါတန်နှင့် အစားထိုးလိုနေခြင်းဖြစ်သည်။

ဝါတန်ကို ပရီးမီးယားလိဂ် ထိပ်တန်းကလပ် အသင်းများ အပါအဝင် ဥရောပမှ ထိပ်တန်းအသင်းကြီးများက ခေါ်ယူလိုနေသည့်အတွက် မန်ယူအသင်းက လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ခေါ်ယူနိုင်ရန် လက်ရှိအချိန်ကတည်းက ဆွေးနွေးမှုများလုပ်ဆောင်နေပြီး ပဲလေ့စ်အသင်းက စတာလင်ပေါင် ၆၉ သန်းခန့် အလိုရှိနေကြောင်း သိရသည်။ Ref : Fabrizio Romano

Trs: STA

# နိုင်ငံ့ဝန်ထမ်းများနှင့် ဆန္ဒမဲပေးပိုင်ခွင့်

မောင်စံကြီး

ခုတလော မောင်စံကြီးတို့ ဝန်ထမ်းလောကမှာ စိုးရိမ်စိတ်နဲ့ပြောနေကြတဲ့ စကားသံတွေ ကြားနေရပါတယ်။ အထူးသဖြင့်တော့ နေပြည်တော်က ဝန်ကြီးဌာနတွေနဲ့ လက်အောက် ရုံးချုပ်ဌာနတွေမှာ တာဝန်ထမ်းဆောင်နေကြတဲ့ ဝန်ထမ်းတွေရဲ့ မဲပေးခွင့်ကိစ္စပါ။ ရွေးကောက်ပွဲဥပဒေမှာ မိမိအမြဲတမ်းနေထိုင်တဲ့လိပ်စာရှိရာ လဝက ပုံစံ (၆၆/၆) ရှိတဲ့ နေရာမှာပဲ မိမိမဲစာရင်းပါမှာဖြစ်လို့ အမြဲတမ်းနေထိုင်ရာ နေရာမှာပဲ ပြန်ပြီး မဲပေးရမဲ့ သဘောလို့ နားလည်ထားကြလို့ပါ။ တကယ်တော့ ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေတွေမှာ ဒေသတစ်ခုက အခြားဒေသတစ်ခုကို နိုင်ငံ့တာဝန်အရပဲဖြစ်ဖြစ်၊ အခြားလူမှုရေး၊ စီးပွားရေးအရဖြစ်ဖြစ် ပြောင်းရွှေ့နေထိုင်ရတဲ့သူတွေကို အရင်နေထိုင်တဲ့နေရာကနေ လက်ရှိပြောင်းရွှေ့နေထိုင်တဲ့ နေရာကို မဲစာရင်းပြောင်းနိုင်မဲ့ အခွင့်အရေးပေးထားပါတယ်။

ဝန်ထမ်းတွေရဲ့ စိုးရိမ်ပူပန်မှုတွေကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကလဲ ရိပ်စားမိလို့ထင်ပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပထမအကြိမ် မဲစာရင်းစကပ်တဲ့ ၃၀-၉-၂၀၂၅ နေ့ရဲ့ နောက်တစ်နေ့ အောက်တိုဘာ ၁ ရက်မှာပဲ ဝန်ထမ်းတွေ မဲပေးခွင့်မဆုံးရှုံးရအောင် ဥပဒေနဲ့အညီဆောင်ရွက်ရမဲ့ နည်းလမ်းတွေကို ဝန်ကြီးဌာနအသီးသီးကို အကြောင်းကြားခဲ့ပါတယ်။ မောင်စံကြီးတို့ ဝန်ကြီးဌာနကတော့ သီတင်းကျွတ်ပိတ်ရက်ပြန်အတက်မှာ ဝန်ထမ်းတွေအားလုံးကို အသိပေးထားလို့ သိပြီးပါပြီ။ အချို့ရုံးတွေကတော့ ရုံးပိတ်ရက်ပြန်အတက်မှာ ဌာနအကြီးအကဲတွေ အလုပ်များနေကြလို့ အသိနောက်ကျတာလဲ ဖြစ်နိုင်ပါတယ်။ ဌာနက ညွှန်မှူးရှင်းပြတာကတော့ ကျွန်တော်တို့အနေနဲ့ လက်ရှိနေရာမှာ ရက်ပေါင်း ၁၈၀ ထက်မနည်းနေထိုင်ခဲ့ရင်၊ ကျွန်တော်တို့ အမြဲတမ်းနေရပ်ကိုလဲ ပြန်ပြီးမဲပေးလိုတဲ့ ဆန္ဒမရှိရင် ကိုယ့်ဌာနအကြီးအမှူးရဲ့ ထောက်ခံချက်နဲ့ ပုံစံ (၃-က)လို့ခေါ်တဲ့ ရွေးကောက်ပွဲလျှောက်လွှာပုံစံနဲ့ ကျွန်တော့်အတွက်ဆိုရင်တော့ လက်ရှိနေထိုင်ရာ ဝန်ထမ်းအိမ်ရာရှိတဲ့ ဝဏ္ဏသိဒ္ဓိရပ်ကွက်အုပ်ချုပ်ရေးမှူးရဲ့ ထပ်ဆင့်ထောက်ခံချက်နဲ့ ဇမ္ဗူသီရိမြို့နယ်ကော်မရှင်အဖွဲ့ခွဲကို လျှောက်လိုက်ရုံပဲ။ ထောက်ခံချက်ယူတဲ့ကိစ္စကလဲ ဌာနတာဝန်ခံ ထောက်ခံမဲ့နေရာနဲ့ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထပ်ဆင့်ထောက်ခံရမဲ့နေရာက ပုံစံ (၃-က) မှာ တစ်ခါတည်း ထည့်ထားတာ။ သီးခြားစာရွက်ပုံစံမလိုပါဘူး။ ပုံစံ (၃-က) ကလဲ ရပ်ကွက်ကော်မရှင်မှာ အလကား

**❖ ရွေးကောက်ပွဲဥပဒေမှာ မိမိအမြဲတမ်းနေထိုင်တဲ့လိပ်စာရှိရာ လဝက ပုံစံ (၆၆/၆) ရှိတဲ့နေရာမှာပဲ မိမိမဲစာရင်းပါမှာဖြစ်လို့ အမြဲတမ်းနေထိုင်ရာနေရာမှာပဲ ပြန်ပြီးမဲပေးရမဲ့ သဘောလို့ နားလည်ထားကြလို့ပါ။ တကယ်တော့ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေတွေမှာ ဒေသတစ်ခုက အခြားဒေသတစ်ခုကို နိုင်ငံ့တာဝန်အရပဲဖြစ်ဖြစ်၊ အခြားလူမှုရေး၊ စီးပွားရေးအရဖြစ်ဖြစ် ပြောင်းရွှေ့နေထိုင်ရတဲ့သူတွေကို အရင်နေထိုင်တဲ့နေရာကနေ လက်ရှိပြောင်းရွှေ့နေထိုင်တဲ့နေရာကို မဲစာရင်းပြောင်းနိုင်မဲ့ အခွင့်အရေးပေးထားပါတယ်။ ❖**

ရပါတယ်။ ကျွန်တော်တို့ကတော့ UEC Website က ယူလိုက်ပါတယ်။ ကျွန်တော်က နေပြည် တော်မှာ တာဝန်ကျတာ သုံးနှစ်နီးပါးရှိပြီဆိုတော့ အနည်းဆုံး ရက်ပေါင်း (၁၈၀) ဆိုတဲ့ သတ်မှတ် ချက်က ဘောင်ဝင်ပါတယ်။

ကျွန်တော့်အမြဲတမ်းနေရပ်က ရန်ကုန်တိုင်း၊ ကမာရွတ် (၄) ရပ်ကွက်ဆိုတော့ ကျွန်တော်ပြန်ပြီး မဲသွားပေးဖို့ သွားလာရတဲ့ စရိတ်၊ ရုံးမှာကလဲ မဲပေးမဲ့အချိန် အလုပ်များနေမှာဆိုတော့ မိမိနေရပ်ပြန်ပြီး မဲပေးဖို့က အခက်အခဲရှိတဲ့အတွက် ကျွန်တော်ရော၊ ကျွန်တော့်ဇနီးရော ပုံစံ (၃-က) နဲ့ ညွှန်ကြားရေးမှူးချုပ်ထောက်ခံချက်နဲ့ ဝဏ္ဏသိဒ္ဓိရပ်ကွက်အုပ်ချုပ်ရေးမှူးရဲ့ ထပ်ဆင့်ထောက်ခံချက်နဲ့ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲကို ပေးပို့ထားပြီးပါပြီ။ ကျွန်တော်တို့ညွှန်ကြားရေးမှူးချုပ်က ကျွန်တော်တို့ ဌာနက ကျွန်တော့်လိုလက်ရှိနေတဲ့ နေရာမှာ မဲစာရင်းပါအောင် ပုံစံ (၃-က) နဲ့ လျှောက်တဲ့ စာရင်းတွေကို စုစည်းပြီး ဝန်ကြီးရုံးကို ပို့တယ်လဲ ကြားတယ်။ ဝန်ကြီးရုံးကတော့ ဝန်ကြီးဌာနတစ်ခုလုံးရဲ့ပုံစံ (၃-က) နဲ့တောင်းဆိုတဲ့ မဲဆန္ဒရှင် စာရင်းတွေကို စုစည်းပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပို့ဖို့လုပ်နေတယ်လဲ ကြားပါတယ်။

ဒီအတိုင်းပဲ ကျွန်တော့်ညီအရင်းက ဧရာဝတီတိုင်း ဟသ်ာတမှာ တာဝန်ကျလို့ သွားနေတာ တစ်နှစ်တောင်ကျော်နေပြီ။ သူလဲကျွန်တော်နဲ့ ကမာရွတ် (၄) ရပ်ကွက်မှာပဲ အိမ်ထောင်စု စာရင်း (၆၆/၆) ရှိတာဆိုတော့ သူ့မဲစာရင်းလဲ ရန်ကုန်၊ ကမာရွတ်မှာပဲပါမှာ။ သူလဲ ရန်ကုန်ပြန်ပြီး မဲပေးဖို့ မဖြစ်နိုင်တော့ ကျွန်တော့်လိုပဲ ပုံစံ (၃-က) နဲ့ဌာနရဲ့ခရိုင်တာဝန်ခံ ထောက်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထပ်ဆင့်ထောက်ခံချက်နဲ့ ဟသ်ာတကော်မရှင်အဖွဲ့ခွဲမှာ လျှောက်ထားတယ်လို့ပြောတယ်။

ပုံစံ (၃-က) နဲ့တောင်းရမှာဆိုတော့ ဘာတွေ ပုံစံမှာ ဖြည့်ရမှာလဲ၊ ခက်ခက်ခဲခဲလား၊ ဘာအထောက်အထားတွေလိုလဲ မေးခွန်းတွေရှိလာနိုင်ပါတယ်။ ကျွန်တော်ပုံစံ (၃-က) ကို ဖြည့်ပြီးပါပြီ။ လွယ်ကူရိုးရှင်းပါတယ်။ ကိုယ့်အမည်၊ မွေးသက္ကရာဇ်၊ မှတ်ပုံတင်၊ အဘအမည်၊ အမိအမည်၊ ကိုယ့်အလုပ်အကိုင်စတဲ့ ကိုယ်အလွယ်တကူ ချက်ချင်းပေးနိုင်တဲ့ အချက်အလက်တွေပါပဲ။ နောက်အရေးကြီးတာက လက်ရှိနေရပ်လိပ်စာနဲ့ ကိုယ့်ရဲ့အမြဲတမ်း နေရပ်လိပ်စာကို ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်အပြည့်အစုံထည့်ရတယ်။ ဒါကလဲ ကိုယ့်ရဲ့ပုံစံ (၆၆/၆) ရှိတဲ့ နေရာမှာ ကိုယ့်မဲစာရင်းပါနေမှာဆိုတော့ မဲစာရင်းမဖောင်းပွအောင် စိစစ်ပြီး မူလနေရပ်က မဲစာရင်းကို ဥပဒေနဲ့အညီဖျက်ရမှာပါ။ ကိုယ်က လက်ရှိနေရာမှာ ရက်ပေါင်း ၁၈၀ အနည်းဆုံး နေထိုင်ပြီးပြီဆိုတာရယ်၊ အခြားနေရာတွေက မဲစာရင်းတွေမှာပါဖို့ တောင်းဆိုတာ မရှိဘူးလို့ ဝန်ခံလက်မှတ်ထိုးတာတို့ရယ် ဒါပါပဲ။ ဘာမှခက်ခဲတာ မဖြည့်နိုင်စရာအချက် မရှိပါဘူး။ ဒီတော့ဗျာ ကျွန်တော်တို့ ဝန်ထမ်းတွေ မိမိအမြဲတမ်းနေထိုင်တဲ့နေရပ်ကို ပြန်ပြီး မဲပေးဖို့ အခက်အခဲရှိတာသိလို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နဲ့ ဝန်ကြီးဌာနတွေက ပူးပေါင်းညှိနှိုင်းစီစဉ်ထားပြီးဖြစ်လို့ လက်ရှိနေရပ်မှာ မဲပေးနိုင်ဖို့ ပုံစံ (၃-က)နဲ့သာ ကိုယ့်အမည်မဲစာရင်းမှာ ပါဝင်အောင် ဆောင်ရွက်ကြဖို့ တိုက်တွန်းပါတယ်ခင်ဗျာ။

---

ပုံစံ (၃-က)

**လွှတ်တော်ရွေးကောက်ပွဲများ**
**မဲစာရင်းတွင် ထည့်သွင်းပေးပါရန် တောင်းဆိုလွှာ**
[ နည်းဥပဒေ ၁၀ (က) ]

သို့

ဥက္ကဋ္ဌ
-----------------မြို့နယ်ကော်မရှင်အဖွဲ့ခွဲ
--------------------------- မြို့

မှတစ်ဆင့်

ဥက္ကဋ္ဌ
-----------------ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ

(၁) တောင်းဆိုသူအမည် ---------------------------
(၂) ကျား/မ ---------------------------
(၃) မွေးသက္ကရာဇ် ---------------- အသက်( )
(၄) မှတ်ပုံတင်အမှတ် ---------------------------
(၅) အဘအမည် ---------------------------
(၆) အမိအမည် ---------------------------
(၇) လက်ရှိနေရပ်လိပ်စာ ---------------------------
---------------------------
(၈) အလုပ်အကိုင် ---------------------------
(၉) လက်ရှိလုပ်ကိုင်နေသော ကုမ္ပဏီ/လုပ်ငန်း အမည် ---------------------------
(၁၀) အမြဲတမ်းနေရပ်လိပ်စာ ---------------------------
---------------------------
(၁၁) အမြဲတမ်းနေရပ်၏ ---------------------------
ရပ်ကွက်/ကျေးရွာအုပ်စုအမည် ---------------------------
(၁၂) အမြဲတမ်းနေရပ်၏မြို့အမည် ---------------------------
(၁၃) အမြဲတမ်းနေရပ်၏မြို့နယ်အမည်---------------------------

တောင်းဆိုသူသည်မြန်မာနိုင်ငံသား/ ဧည့်နိုင်ငံသား / နိုင်ငံသားပြုခွင့်ရသူဖြစ်ပြီး မဲဆန္ဒရှင်စာရင်းတွင် ပါဝင်နိုင်ရန် အရည်အချင်းနှင့် ပြည့်စုံသူဖြစ်ပါသည်။ တောင်းဆိုသူသည် အထောက်အထားအဖြစ် အောက်ပါစာရွက်စာတမ်းများ သို့မဟုတ် သက်သေများကို တင်ပြပါသည် -

-------------------------------------------
-------------------------------------------

---

၂

**ဝန်ခံချက်**

အထက်ပါအချက်များအားလုံးမှန်ကန်ပါသည်။ တောင်းဆိုသူသည် လက်ရှိနေရာတွင် အနည်းဆုံးရက်ပေါင်း ၁၈၀ ထက်မနည်း ရောက်ရှိနေထိုင်သူဖြစ်ပြီး မည်သည့်အခြားမဲဆန္ဒနယ်၏ မဲစာရင်းတွင်မျှ ပါဝင်ရန် တောင်းဆိုထားခြင်း မရှိပါ။

တောင်းဆိုသူ၏ လက်မှတ် သို့မဟုတ်
လက်ဝဲလက်မလက်ဗွေ

ရက်စွဲ၊ -------------------------

**လုပ်ငန်းတာဝန်ခံ /လုပ်ငန်းရှင် သို့မဟုတ် လုပ်ငန်းရှင်ကိုယ်စားလှယ်၏ ထောက်ခံချက်**

အထက်ပါ လျှောက်ထားသူ ဦး/ဒေါ် ---------------------သည် မိမိတို့ ဌာန/ ကုမ္ပဏီ/လုပ်ငန်းတွင် ------------------- အဖြစ် ရက်ပေါင်း ၁၈၀ ထက်မနည်း လုပ်ကိုင်လျက်ရှိသော ပုဂ္ဂိုလ်ဖြစ်ကြောင်း ထောက်ခံပါသည်။

လုပ်ငန်းတာဝန်ခံ /
လုပ်ငန်းရှင် သို့မဟုတ် လုပ်ငန်းရှင်ကိုယ်စားလှယ်၏လက်မှတ်

ရက်စွဲ၊ -------------------------

**မှတ်ချက်။** အခြားပုဂ္ဂိုလ်များအတွက်ဖြစ်လျှင် ဌာနတာဝန်ခံ သို့မဟုတ် လုပ်ငန်းရှင်/ လုပ်ငန်းရှင်ကိုယ်စားလှယ်၏ ထောက်ခံချက် ဖြည့်စွက်ရန်မလို။

**ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထပ်ဆင့်ထောက်ခံချက်**

လျှောက်ထားသူ ဦး/ဒေါ် -----------------------သည် -------------------ဌာန/ ကုမ္ပဏီ/လုပ်ငန်းတွင် ------------------- အဖြစ် ရက်ပေါင်း ၁၈၀ ထက်မနည်း အလုပ်လုပ်ကိုင်လျက်ရှိကြောင်း / လက်ရှိနေရာတွင် အနည်းဆုံးရက်ပေါင်း ၁၈၀ ထက်မနည်း ရောက်ရှိနေထိုင်သူဖြစ်ကြောင်း ထောက်ခံပါသည်။

ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူး
-------------------ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး

ရက်စွဲ၊ -------------------------

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## မြောက်ကိုရီးယားတွင် မကြာသေးမီက ကျင်းပခဲ့သောစစ်ရေးပြပွဲ၌ တိုက်ခိုက်ရေးဒရုန်းပစ်လွှတ်စင်များကို ထည့်သွင်းပြသ



မြောက်ကိုရီးယားသည် အစ္စရေး၏ Harop အမျိုးအစားတိုက်ခိုက်ရေးဒရုန်းကို ပုံတူကူးထားသော Loitering Munitions တိုက်ခိုက်ရေးဒရုန်းပစ်လွှတ်စင်များကို မကြာသေးမီက ကျင်းပခဲ့သော စစ်ရေးပြပွဲတွင် ထည့်သွင်းပြသခဲ့ကြောင်း Army Recognition သတင်းဌာနက အောက်တိုဘာ ၁၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

၎င်းပစ်လွှတ်စင်သည် မကြာသေးမီက မိတ်ဆက်ခဲ့သည့် ဒုံးကျည်သစ်များနှင့် မောင်းသူမဲ့စနစ်များအပြင် ထပ်တိုးပါဝင်လာခြင်းဖြစ်သည်။ စစ်ရေးပြပွဲမှရုပ်သံမှတ်တမ်းများနှင့် သတင်းဖော်ပြချက်များအရ ပစ်မှတ်ရွေးချယ်တိုက်ခိုက်နိုင်သော Loitering Munitions တိုက်ခိုက်ရေးဒရုန်းများအတွက် သီးသန့်ပစ်လွှတ်စင်များကို ပြသခဲ့ကြောင်း သိရှိရသည်။

၂၀၂၄ ခုနှစ်တွင် ရှေ့ပြေးပုံစံ ဒရုန်းယာဉ်ကိုယ်ထည်များနှင့် ၂၀၂၅ ခုနှစ်တွင် ပစ်လွှတ်စင်များကို အစီအစဉ်တကျ ပြသခဲ့သည့် ဤလုပ်ဆောင်မှုအဆင့်ဆင့်သည် စစ်ဆင်ရေးတာဝန်ပေးအပ်နိုင်သည့် တိုက်ခိုက်ရေး ဒရုန်းပက်ကေ့ချ်ကို တပ်ဖြန့်အသုံးပြုနိုင်ရန် မြောက်ကိုရီးယား၏ ကြိုးပမ်းအားထုတ်မှုကို ညွှန်ပြနေခြင်းဖြစ်သည်။

ပြသခဲ့သော ပစ်လွှတ်စင်သည် ခြောက်ဘီးတပ်အမျိုးအစား သယ်ယူပို့ဆောင်ရေးယာဉ်ကို အခြေခံထားပြီး၊ သံချပ်ကာ ယာဉ်မောင်းခန်းပါဝင်သည်။ ၎င်းသည်ကွန်တိန်နာခြောက်ခုကို သယ်ဆောင်ထားပြီး တစ်ပြိုင်နက် ပစ်ခတ်နိုင်ရန် အဆင်သင့်အခြေအနေရှိသည်။ ဤပစ်လွှတ်စင်သည် ဒရုန်းများကို ကွန်တိန်နာများဖြင့် ထည့်သွင်းထားခြင်းကြောင့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ လိုအပ်ချက်များကို လျှော့ချပေးသည်၊ ဒရုန်းယာဉ်ကိုယ်ထည်ကို ရာသီဥတုဒဏ်မှ ကာကွယ်ပေးနိုင်သည်။ လမ်းများ သို့မဟုတ် ယာယီနေရာများမှနေ၍ လျင်မြန်စွာ ပစ်လွှတ်နိုင်စေသည်။ ကွန်တိန်နာများသည် ပစ်လွှတ်ချိန်တွင် ပတ္တာများဖြင့် ဖွင့်ပြီး ပစ်လွှတ်မှုကို ထောင့်ချိုးမြှင့်တင်နိုင်သော စနစ်ပါဝင်သည်။ ဤသည်မှာ ဒရုန်းကို တွန်းကန်ပေးသောပန်ကာသည် ဒရုန်းထွက်ခွာစဉ် ကွန်တိန်နာအစွန်းနှင့် မထိမိစေရန် သေချာစေသည့်အသေးစိတ် အင်ဂျင်နီယာနည်းပညာကို ဖော်ညွှန်းပြသနေသည်။

ဒရုန်းကိုယ်ထည်သည် Harop ၏ ပုံစံသွင်ပြင်နှင့် အလွန်နီးစပ်သည်။ ၎င်းတွင် ကျစ်လျစ်သော ဒယ်လ်တာပုံသဏ္ဌာန်၊ သေးငယ်သော ရှေ့တောင်ပံများနှင့် အစွန်းတွင် ဒေါင်လိုက်တပ်ဆင်ထားသော တောင်ပံငယ်နှစ်ခု ပါဝင်သည်။ ပန်ကာကို နောက်ဘက်တွင် တပ်ဆင်ထားခြင်းကြောင့် ဒရုန်းထိပ်ပိုင်းတွင် electro-optical ဆုံလည်တပ်ဆင်ရန် အဆင်ပြေစေသည်။ ဤဆုံလည်သည် အဓိက သော့ချက်ဖြစ်သည်။ ၎င်းသည်ပစ်မှတ်ကို အချိန်နှင့်တစ်ပြေးညီ ကြည့်ရှုခြင်း၊ နောက်ဆုံးအဆင့် ပြင်ချက်ပေးခြင်းနှင့် အခြေအနေပြောင်းလဲပါက မစ်ရှင်ကို ပယ်ဖျက်နိုင်ခြင်းတို့ကို လုပ်ဆောင်နိုင်သည့် လူသားပါဝင်သော ထိန်းချုပ်မှုအတွက် မရှိမဖြစ်လိုအပ်သည်။

ဤ Loitering Munition စနစ်သည် လေကြောင်းစစ်ဆင်ရေးနယ်ပယ်သုံးခုတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်လာနိုင်သည်။ လေကြောင်းရန်ကာကွယ်ရေးကို ဦးနှိမ်ဖိဖျက်ခြင်းနှင့်တိုက်ခိုက်ချေမှုန်းခြင်းစစ်ဆင်ရေးအစတွင် ကြိုတင်သတိပေးရေဒါများနှင့် ပစ်ခတ်မှုထိန်းချုပ်ရေးရေဒါများကို ပစ်မှတ်ထားခြင်းဖြင့် ရန်သူ၏လေကြောင်းရန်ကာကွယ်ရေးစနစ်များကို ထိရောက်စွာ ဦးနှိမ်တိုက်ခိုက်ရာတွင် အထောက်အကူပြုမည်ဖြစ်သည်။ ပစ်မှတ်များကို နက်ရှိုင်းစွာ ထိုးဖောက်တိုက်ခိုက်ခြင်းနယ်ပယ်များတွင် အမြောက်တပ်များ၊ တန်ပြန်-အမြောက်ပစ်ခတ်မှုထောက်လှမ်းရေးရေဒါများ၊ ကွပ်ကဲရေးစခန်းများ၊ ဆက်သွယ်ရေးအင်တင်နာများ သို့မဟုတ် စစ်ယာဉ်တန်းများကို စောင့်ဆိုင်းပျံဝဲ၍ တိုက်ခိုက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

မောင်းသူမဲ့ရေယာဉ် တစ်စီးလျှင် ဒရုန်းခြောက်စင်း ပါဝင်ဖွဲ့စည်းထားမှုသည် ကာကွယ်ရေးစနစ်များကို လွှမ်းမိုးရန်နှင့် တန်ပြန်ဒရုန်းလက်နက်စနစ်များ၏ ပစ်ခတ်မှုကို ထိရောက်မှုလျော့နည်းစေရန်အတွက် ယာဉ်မျိုးစုံမှ ဒရုန်းများကို တစ်ပြိုင်တည်းနီးပါး ပစ်လွှတ်နိုင်စွမ်းကို ပံ့ပိုးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**North Korea rolls out Harop type loitering munition launcher in Pyongyang parade ကို ဘာသာပြန်ဆိုထားပါသည်။**

## HavocAI ကုမ္ပဏီက ဒေါ်လာ ၈၅ သန်း ရန်ပုံငွေဖြင့် စစ်ဘက်သုံးမောင်းသူမဲ့ရေယာဉ်ထုတ်လုပ်မှုကို အရှိန်မြှင့်တင်

အမေရိကန်နိုင်ငံကာကွယ်ရေး နည်းပညာလုပ်ငန်းသစ် HavocAI ကုမ္ပဏီသည် မောင်းသူမဲ့ရေယာဉ်များ ထုတ်လုပ်မှုကို အရှိန်မြှင့်တင်ရန်နှင့် အမေရိကန်စစ်ဘက်နှင့်မဟာမိတ်နိုင်ငံများ ပူးပေါင်းဆောင်ရွက်မှု ချဲ့ထွင်ရန်အတွက် အမေရိကန်ဒေါ်လာ ၈၅ သန်း ရန်ပုံငွေရရှိခဲ့သည်ဟု The Defense Post သတင်းဌာနက အောက်တိုဘာ ၁၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤရန်ပုံငွေသည် ကာကွယ်ရေးဝန်ကြီးဌာနရှိ ဉာဏ်ရည်တုအစီအစဉ်များအတွက် ဘီလျံပေါင်းများစွာကို ခွဲဝေချထားပေးမည့် ထရန့်အစိုးရ၏ Big Beautiful Bill ဥပဒေပြဋ္ဌာန်းပြီး နောက်ပိုင်းတွင် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

အမေရိကန်ရေတပ်စစ်မှုထမ်းဟောင်းများဖြစ်သည့် Paul Lwin နှင့် Joe Turner တို့ ပူးတွဲတည်ထောင်ထားသော HavocAI ကုမ္ပဏီသည်ပြိုင်ဘက်များထက်သာစေရန်အတွက် ဤရန်ပုံငွေရရှိမှုအဆင့်ကို သုံးလအတွင်းမှာပင် အပြီးသတ်နိုင်ခဲ့သည်ဟု Fortune မဂ္ဂဇင်း၏ ဖော်ပြချက်အရ သိရသည်။

ဤရန်ပုံငွေကြောင့် ၂၀၂၄ ခုနှစ်အစောပိုင်းတွင် စတင်ခဲ့သည့် ကုမ္ပဏီ၏ စုစုပေါင်းအရင်းအနှီးမှာ အမေရိကန်ဒေါ်လာသန်း ၁၀၀ နီးပါးသို့ ရောက်ရှိသွားခဲ့ပြီး၊ ဝန်ထမ်းအင်အားမှာလည်း ဝန်ထမ်း ၈၀ ခန့်ထိ တိုးချဲ့ခန့်အပ်ခဲ့ပြီးဖြစ်သည်။

HavocAI ကုမ္ပဏီသည် မောင်းသူမဲ့ရေယာဉ်မူလကိုယ်ထည်များကို အစမှ ဒီဇိုင်းဆွဲမည့်အစား၊ ရှိပြီးသား စီးပွားဖြစ်သုံးရေယာဉ်များကို ၎င်း၏ မူပိုင် AI-Drivenထိန်းချုပ်စနစ်ဖြင့် အဆင့်မြှင့်တင်ပေးသည်။ ဤစနစ်က အသုံးပြုသူများကို လူသား၏ကြီးကြပ်မှု ရေကြောင်းလမ်းညွှန်မှုနှင့်လုပ်ငန်းတာဝန် ပူးပေါင်းဆောင်ရွက်မှုများကို လုပ်ဆောင်နိုင်စေသည်။

အမေရိကန်ရေတပ်သည် လေးမီတာခန့်ရှည်လျားသော Rampage မောင်းသူမဲ့ရေယာဉ်အပါအဝင် မောင်းသူမဲ့လေယာဉ်တစ်ဒါဇင်ခန့်ကို ဝယ်ယူခဲ့ပြီး မောင်းသူမဲ့ရေယာဉ်တစ်စီးလျှင် ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၁၀၀၀၀၀ ခန့်သာ ကုန်ကျခဲ့သည်။

HavocAI ကုမ္ပဏီသည် လက်ရှိတွင် အမေရိကန်ကြည်းတပ်၊ အမေရိကန်ရေတပ်နှင့်ကာကွယ်ရေး ဆန်းသစ်တီထွင်မှုတပ်ဖွဲ့တို့နှင့် စာချုပ်များချုပ်ဆိုထားပြီး၊ ရိုဒ်အိုင်းလန်းပြည်နယ်တွင် Seahound၊ Kaikoa နှင့် Atlasမောင်းသူမဲ့ရေယာဉ်များအပါအဝင် ပိုမိုကြီးမားသော



မောင်းသူမဲ့ရေယာဉ်များကို စမ်းသပ်လျက်ရှိသည်။

လူးဝီစီယားနားအခြေစိုက် Metal Shark ကုမ္ပဏီသည် HavocAI ၏ ဆော့ဖ်ဝဲလ်ကို ၎င်း၏ မောင်းသူမဲ့ရေယာဉ်များတွင်ပေါင်းစည်းရန် စီစဉ်နေပြီး Lockheed Martin ကုမ္ပဏီကလည်း ရေတပ်ကာကွယ်ရေးအတွက် အလတ်စားမောင်းသူမဲ့ရေယာဉ်များဖွံ့ဖြိုးတိုးတက်မှုကို အရှိန်မြှင့်တင်ရန် HavocAI ကုမ္ပဏီနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**HavocAI Ramps Up Military Drone Boat Production With $85M Boost ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing addresses the prize-presentation ceremony of the 26th Myanmar Traditional Cultural Performing Arts Competitions






Senior General Min Aung Hlaing enjoys dances at the prize-presentation ceremony of the 26th Myanmar Traditional Cultural Performing Arts Competitions.

**Nay Pyi Taw October 13**

The prize-presentation ceremony of the 26th Myanmar Traditional Cultural Performing Arts Competitions took place at Thabin Hall of Zeyathiri Villa in Nay Pyi Taw this morning. Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing delivered an address at the ceremony and gave away prizes to winners.

Also present were SSPC Vice Chairman Vice-Senior General Soe Win, SSPC member Prime Minister U Nyo Saw, SSPC Secretary Joint Executive Chief General Ye Win Oo, SSPC members, union ministers, union level dignitaries, senior military officers from the Office of the Commander-in-Chief, the Nay Pyi Taw Command commander, deputy ministers, members of the steering committee, work committee and subcommittees to hold the competitions, region/state chief ministers, judges, managers, coaches, supporter teams, prize-winner national races contestants, traditional dance troupes from regions and states and officials.

Artists from the Fine Arts Department, the Ministry of Religious Affairs and Culture, staged the "Kyauk-myet-si-chal NawaratKoe-thwe" chorus dance.

In his address, the Senior General extended greetings, saying may you all strive for raising and glorifying the integrity of the country and race in the world, while preserving, cherishing and promoting national culture.

Myanmar Traditional Cultural Performing Arts Competitions has been held as a treasured tradition, and the 26th competitions has been successfully concluded. It is common knowledge that the competitions has preserved and promoted various branches of arts, alongside the achievement of beneficial results of strengthening and highlighting the national characteristics and arousing patriotism and Union spirit.

The government, on its part, is annually celebrating the Myanmar Traditional Cultural Performing Arts Competitions, which is completely filled with national essence, and because of the support of the region/state governments and the public, it is achieving meaningful success. The Senior General praised the noble spirit, goodwill and merits of all judges, the well-versed artists, and contestants to study and *See Page 14*




Senior General Min Aung Hlaing presents special prize to a winner.




Senior General Min Aung Hlaing presents special prize to a winner.




Senior General Min Aung Hlaing presents special prize to a winner.

# Acting President and SSPC Chairman of the Republic of the Union of Myanmar Senior General Min Aung Hlaing attends the honorary certificate presentation and the dinner in honour of the 26th Myanmar Traditional Cultural Performing Arts Competitions






Senior General Min Aung Hlaing attends the honorary certificate presentation and the dinner in honour of the 26th Myanmar Traditional Cultural Performing Arts Competitions.

**Nay Pyi Taw October 13**

A ceremony to present certificates of honour in conjunction with the dinner to mark the 26th Myanmar Traditional Cultural Performing Arts Competitions took place at the Glazier Hall of Zeyathiri Beikman in Nay Pyi Taw this evening, attended by Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing.

Also, present at the dinner were Commission Vice-Chairman Vice-Senior General Soe Win, Commission member Prime Minister U Nyo Saw, Commission member and Executive Chief U Aung Lin Dway, Commission Secretary and Joint Executive Chief General Yin Win Oo, commission members, Union ministers, Union-level dignitaries, senior military officersfrom the Office of the Commander-in-Chief, the commander of Nay Pyi Taw Command, deputy ministers, members of the Leading Committee, Working Committee and Subcommittees for organizing the competitions, regional and state ministers, maestros of the panel of judges, administrators, trainers, supporting teams, prize winning national brethren, traditional dance troupes from regions and states and officials.

First and foremost, the Acting President and SSPC Chairman of the Republic of the Union of Myanmar stated that the ceremony being held today is an occasion to honor the distinguished and meastrojudges and artists, as well as the officials from regions and states who have provided support and assistance with utmost goodwill and dedication for the successful completion of the 26th Traditional Myanmar Cultural Performing Arts Competitions.

The Performing Arts Competitions, which plays a significant role in achieving the noble national objective of preserving and promoting national culture, has been successfully held. The government and the entire nation take pride and share joy with the veteran and distinguished artistes and members of the panel of judges who devoted their utmost talent and effort to the success of this grand competition.

TheCompetitions have been held each year with greater depth, richness, and stronger national significance in both form and substance. The government also wishes to express its deep appreciation and gratitude to all the distinguished scholars and artists who have generously contributed their invaluable knowledge, effort, and enthusiasm to realizing the noble objectives of these competitions more effectively each year.

At present, under the leadership of the government, officials from various relevant sectors are making genuine and determined efforts based on their own capabilities for the progress and development of the nation and its people. In particular, efforts are being made to preserve and promote the fine traditions and cultural heritage of the Myanmar people, while striving to build a united, harmonious, and prosperous nation.

Currently, with the growing openness and freedom, as well as the expansion of modern media, various forms of cultural infiltration have entered and blended into different sectors — a fact well known to all. Therefore, every nation is making efforts to value, preserve, and ensure the lasting continuity of its traditional customs and cultural heritage. National culture is the very lifeblood of a nation and its people. Hence, in this era, it is essential to inspire and encourage the entire population, including the younger generations, to strengthen their resilience and commitment to safeguarding and upholding national culture through the power of the arts.

Myanmar's traditional arts and cultural crafts have been preserved and handed down from generation to generation by successive maestros and artists, allowing them to remain strong and enduring to this day. Throughout Myanmar's long history spanning thousands of years, generations of great artistes have continuously emerged, preserving, nurturing, and passing down their artistic legacy. Owing to their invaluable contributions, the people of today are able to stand as rightful inheritors and custodians of the rich and priceless treasury of Myanmar's cultural arts.

Therefore, veteran artists are urged to leave artistic legacy for new generation artists by nurturing them in order to strengthen and raise the preciousness of the treasury of arts left by ancestor artists of successive eras in accordance with their fine traditions.

May you be able to propagate and enrich traditional cultural fine arts preserved like one own life,

*See Page 14*



Senior General Min Aung Hlaing presents a certificate of honour.




Senior General Min Aung Hlaing presents a certificate of honour.




Vice-Senior General Soe Win presents third prize to a winner.

*From Page 12*

preserve the traditional cultural performing arts with love and admiration and their core quality, along with the support and involvement of parents and relatives and enthusiasts.

He said the national culture is the heritage of a nation and people that must be preserved and protected as their lifeblood. A higher level of culture of a nation and its people will raise their standard and enable them to stand tall among the global nations. Normally, the national identity, inherent value and standard can be expressed only through national culture.

Every country must cultivate the dress code, behavior, vision, and nature of its people to be courteous and impressive through the work of preserving, protecting and promoting its national culture.

The unique costumes, performances and musical instruments of Myanmar traditional performing arts in genuine Myanmar style will proudly stand as the gifted cultural heritage among the global countries.

It is true that by witnessing the prestigious and honorable Myanmar cultural heritage presented by the Myanmar Traditional Cultural Performing Arts Competitions, new general youths will understand the splendor and richness of the delicate arts, and will have love, respect, and appreciation for the Myanmar culture. He then expressed honour for all contestants including prize-winners for their love for national culture and efforts.

He stated that the Myanmar people have a long-standing tradition of standing proudly throughout history, thanks to their own national characteristics, high-standard national culture, deep and subtle cultural customs and philosophies, and the virtue of their social ethics and discipline.

He stated that it is their national duty, now resting on the shoulders of all citizens, to strive to leave behind good foundations and a worthy inheritance for future generations. This must be achieved by combining the excellent opportunities of the present with the preservation and enhancement of these noble past traditions and valuable legacies.

Therefore, he urged and expressed the desire for all to continue striving to preserve and enhance the valuable legacy of the national cultural structure, including the Myanmar traditional arts (Anu Thukuma) inherited from ancestors. He stressed that this should be done with noble efforts in the present, combining them with the positive outcomes of the recently concluded Traditional Myanmar Cultural Performing Arts Competition to ensure the continuation of a genuine artistic heritage for the future.

He expressed his wish and urged everyone to strengthen the inherited national cultural resources throughout history by combining traditional preservation with innovation and creativity. He called on them to raise the national pride of the ethnic peoples, safeguard the Myanmar traditional national culture, and prevent the infiltration and dominance of foreign cultures. Finally, he encouraged the use of the power of cultural arts to promote and strengthen the foundational spiritual principles of national spirit, ethnic solidarity, and the Union Spirit.

Following this, the Senior General presented honorary awards to ethnic traditional/rural cultural groups from Kachin State, Kayah State, Kayin State, Chin State, Sagaing Region, Taninthayi Region, Bago Region, Magway Region, Mandalay Region, Mon State, Rakhine State, Yangon Region, Shan State, and Ayeyawady Region.

Afterwards, the Dawei Traditional Cultural Music Group from Taninthayi Region performed a traditional Dawei "Yang" dance.

Next, Vice-Senior General Soe Win presented awards to the groups that won Special, First, Second, and Third prizes in the Taninthayi Region traditional Dawei "Yang" dance competition and the impromptu poetry competition.

Subsequently, Commission members presented awards and honorary certificates as follows: Union Prime Minister U Nyo Saw presented to the winners of the First, Second, and Third prizes in the Maha Gita competition Advanced Level (Male)(Female); Commission Secretary Joint Executive Chief General Ye Win Oo, presented to the winners of the First, Second, and Third prizes in the Maha Gita competition Basic Level (Ages 15-20) (Male)(Female); Commission Member Union Minister for Defence General Maung Maung Aye, presented to the winners of the First, Second, and Third prizes in the Maha Gita competition Basic Level (Ages 10-15) (Male)(Female); Commission Member Union Minister for Home Affairs Lt-Gen Tun Tun Naung, presented to the winners of the First, Second, and Third prizes in the Classical/Modern competition Advanced Level (Male)(Female); Commission Member Union Minister for Border Affairs and National Races Lt-Gen Yar Pyae, presented to the winners of the First, Second, and Third prizes in the Classical/Modern competition Basic Level (Ages 15-20)(Male)(Female); Commission Member Chief of the General Staff (Army, Navy and Air) General Kyaw Swa Lin, presented to the winners of the First, Second, and Third prizes in the Classical/Modern competition Basic Level (Ages 10-15) (National)(Female).

After that, Ma Moe Myint San, the First Prize winner from Mandalay Region in the Classical/Modern Basic Level (Ages 15-20) competition, performed the song "Ananta Nga Pyar".

Following this, Union-level persons, Union Ministers, senior Tatmadaw officers from the Commander-in-Chief's Office, and the Nay Pyi Taw Command Commander presented honorary awards and certificates to the winners of the dance, composition, and instrumental competitions.

During the award ceremony, representatives from states and regions who won first prizes in the dance, composition, and instrumental competitions performed.

After the award ceremony concluded, Senior General Min Aung Hlaing cordially greeted the attendees.

In the 26th Myanmar Traditional Cultural Performing Arts Competition, 1,672 competitors from various regions and states participated. The award winners were: Yangon Region (59 prizes), Mandalay Region (47 prizes), Ayeyawady Region (37 prizes), Sagaing Region (33 prizes), Bago Region (22 prizes), Mon State (21 prizes), Magway Region (14 prizes), Kayah State (17 prizes), Shan State (13 prizes), Rakhine State (10 prizes), Kayin State (12 prizes), Taninthayi Region (13 prizes), Chin State (10 prizes), and Kachin State (5 prizes). 100

*From Page 13*

to hand down your rich experiences and priceless artistic talents to new generation youths, to serve the interests of the country and the people with your artistic talents by leading a healthy life for more than one hundred years in peace of mind and to continue to offer help in so many future Myanmar traditional cultural performing arts competitions through your artistic talents.

Then, the Senior General presented certificates of honour to Chairperson Daw Thin Thin Myat, who accepted certificates of honour on behalf of the team of judges for singing contests, Chairperson U Aung Tin Win, who accepted certificates of honour on behalf of the team of judges for dancing contests, Secretary U Min Htet Thar, who accepted certificates of honour on behalf of the teams of judges for song composition, Chairman U Saw Win, who accepted certificates of honour on behalf of the team of judges for contests for playing musical instruments, a manager from Magway Region, who accepted certificates of honour on behalf of team managers from regions and states, and a master of ceremony, who accepted certificates of honour on behalf of masters of ceremonies.

Then, singing contest judge U Tin Oo Lay spoke words of thanks to the Senior General.

Afterward, the Senior General enjoyed dinner together with attendees and contestants.

Before and during the dinner, prize winners in the competitions and artists from the Department of Fine Arts of the Ministry of Religious Affairs and Culture, Myanmar Radio and Television of the Ministry of Information, Myawady Band under the Directorate of Public Relations and Psychological Warfare entertained the guests with music and dances.

Then, as a special program, veteran artists 74-year old retired staff officer Sayagyi Pantra U Myint Thein and 76-year old retired professor emeritus of the National University of Arts and Culture (Mandalay) Dr Nu Nu Khin of the Ministry of Religious Affairs and Culture and new generation youths, who will preserve the artistic legacy of the veteran artists, including Maung Saw Aung Hein Htway (a) Ell Ell, the first prize winner from Mon State in dancing contests at the basic education level (aged between 15 and 20 years) and Ma Nang Gaday San Oo, the first prize winner from Yangon Region in dancing contests at the basic education level (aged between 10 and 15 years) performed Thirsarsanhtar romantic dance of love.

Afterward, the Senior General presented honorary cash awards to U Myint Thein and Dr Nu Nu Khin and cordially greeted them.

After the honorary dinner, the Senior General warmly greeted attendees to the dinner. 100


# Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဖူးစားပြောင်း ၇၃၂၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



မုံရွာ အောက်တိုဘာ ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဖူးစားပြောင်း ၇၃၂၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၂၉၀၉၃ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ဖူးစားပြောင်းများကို ယခုနှစ် ဩဂုတ်လမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၇၃၂၅ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ပြောင်းဖူးရေ ၁၅၀၀၀ ကျော် ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ ဖူးစားပြောင်း ၂၉၀၉၃ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပြောင်းသီးနှံတွေ လက်ရှိရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ဧက ၇၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် နည်းပညာပေးတာတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် မြို့နယ်အလိုက် ဖူးစားပြောင်း စိုက်ပျိုးပြီးစီးမှုအနေဖြင့် ကနီမြို့နယ်တွင် ၂၄၂၅ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ၁၃၈၈ ဧက၊ ပုလဲမြို့နယ်တွင် ၃၅၁၂ ဧက စုစုပေါင်း ၇၃၂၅ ဧကတို့ဖြစ်ကြောင်း သိရသည်။

ပြောင်းသီးနှံများကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက် လာမည်ဖြစ်၍ ပြောင်းသီးနှံများကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြသည်။

(၂၀၆)


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# ရေနံချောင်းမြို့နယ် ဘဲဆိပ်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး



ရေနံချောင်း အောက်တိုဘာ ၁၃

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘဲဆိပ်ကျေးရွာအုပ်စု ဘဲဆိပ်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို အောက်တိုဘာ ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်၊ ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာရေရရှိရေး ကော်မတီဝင်များ၊ ကုမ္ပဏီမှတာဝန်ရှိသူများနှင့်အတူ ဘဲဆိပ်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန် စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး လိုအပ်သည်များ မှာကြားခဲ့သည်။

အဆိုပါ ဘဲဆိပ်ကျေးရွာ၌ အကျယ် လေးလက်မခွဲ၊ အနက်ပေ ၄၀၀ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ ရေစင်တည်ဆောက်ခြင်း၊ ပါဝါမီတာတပ်ဆင်ခြင်း၊ ပါဝါမီတာခန်း တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၅၄ ဒသမ ၇၂၈သန်းဖြင့် တင်ဒါအောင်မြင်သည့် Dears Brain ကုမ္ပဏီက ယခုနှစ် ဇွန်လ တတိယပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၆ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း ရေနံချောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းထံမှ သိရသည်။

နေဝ်လူး

# ဟိုင်းကြီးကျွန်းမြို့တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၁၁၂ ဧက စိုက်ပျိုးမည်

ငပုတော အောက်တိုဘာ ၁၃

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၁၁၂ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့တွင် ယခုနှစ်ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေပဲ ၃၁၁၂ ဧကကို ယခုနှစ် လာမည့် နိုဝင်ဘာလ ပထမပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့မှာ ဆီထွက်သီးနှံတွေကို နှစ်စဉ် စိုက်ပျိုးပါတယ်။ ဒီဘက်ဒေသမှာက ဆီထွက်သီးနှံတွေကို ဆောင်းကာလမှာ အဓိကထား စိုက်ပျိုးပါတယ်။ အခုဆောင်းသီးနှံ စိုက်ပျိုးရာသီမှာမြေပဲ ၃၁၁၂ ဧကထိ လျာထားစိုက်ပျိုးမှာပါ။ မြေပဲတွေ ဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့အတွက် လိုအပ်တဲ့နည်းပညာနဲ့ အခြားပံ့ပိုးမှုတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်။ မြေပဲတွေ အထွက်နှုန်း ကောင်းစေဖို့၊ ပိုးမွှားအန္တရာယ် ကင်းရှင်းစေဖို့



ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်

အရည်အသွေး ကောင်းမွန်စေဖို့ စတဲ့ လုပ်ငန်းတွေကို ဆက်လက်ကူညီ ဆောင်ရွက်ပေးမှာပါ"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြသည်။

ဟိုင်းကြီးကျွန်းမြို့တွင် ယခုနှစ်ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေပဲသီးနှံများ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးနည်းပညာနှင့် ပိုးမွှားအန္တရာယ် ကင်းရှင်းစေရေးလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနက ဒေသခံတောင်သူများ သီးနှံမစိုက်မီ ကြိုတင်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြသည်။

ကျော်ကျော်လင်း

# ပျော်ဘွယ်မြို့နယ် မယ်ဇလီအိုင့်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ပျော်ဘွယ် အောက်တိုဘာ ၁၃

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မယ်ဇလီအိုင့် ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဒုတိယအကြိမ်မြောက် ထုတ်ချေးခြင်းကို အောက်တိုဘာ ၁၂ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းက မြစိမ်းရောင် ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ကျပ် ၂၂၈ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ဒုတိယအကြိမ်အဖြစ် မယ်ဇလီအိုင့်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၂ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ် ၂၂၈ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ဖြိုးထက်အောင်(ပျော်ဘွယ်)


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

ရှေ့ဖုံးမှအဆက်

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၊လုပ်ငန်းကော်မတီနှင့်ဆပ်ကော်မတီတို့မှ ကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ အကဲဖြတ်ပညာရှင်ကြီးများ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ နည်းပြများ၊ အထောက်အကူပြုအဖွဲ့များ၊ ဆုရရှိကြသည့် ပြိုင်ပွဲဝင်တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရိုးရာယဉ်ကျေးမှုအကအဖွဲ့များနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက “ကျောက်မျက်စီခြယ် နဝရတ်ကိုးသွယ်”ယိမ်းအကဖြင့် ကပြဖျော်ဖြေတင်ဆက်သည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် မိမိတို့၏အမျိုးသားယဉ်ကျေးမှုကို မြတ်နိုးထိန်းသိမ်းမြှင့်တင်ရင်း နိုင်ငံတကာအလယ်တွင် မိမိနိုင်ငံ မိမိလူမျိုး၏ အမျိုးသားရေးဂုဏ်သိက္ခာ မြင့်မားထည်ဝါအောင် ကြိုးပမ်းစွမ်းဆောင် ပေးနိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါကြောင်း။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများကို အစဉ်အလာမပျက်ကျင်းပလာခဲ့သည်မှာ ယခုအခါ ၂၆ ကြိမ်မြောက်ပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယခုကဲ့သို့ ကျင်းပနိုင်ခဲ့ခြင်းများကြောင့်လည်း အမျိုးသားယဉ်ကျေးမှု အမွေအနှစ်အနုပညာရပ်များ ထိန်းသိမ်းမြှင့်တင်မှုတိုးတက်မြင့်မားလာပြီး အမျိုးသားရေးစရိုက်လက္ခဏာများ ထင်ရှားခိုင်မာလာမှုတို့နှင့်အတူ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် နိုးကြားထက်သန်မှုအကျိုးရလဒ်ကောင်းများကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ပေးနိုင်ခဲ့သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

ယခုကဲ့သို့ အမျိုးသားရေး အနှစ်သာရနှင့် ပြည့်ဝသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများကို နိုင်ငံတော်အစိုးရက စဉ်ဆက်မပြတ်ကျင်းပပေးလျက်ရှိသကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် ပြည်သူများ၏ အားပေးချီးမြှောက်မှု များကြောင့်လည်း အဓိပ္ပာယ်ပြည့်ပြည့်ဝဝဖြင့် အောင်မြင်ခဲ့ခြင်းဖြစ်ကြောင်း၊ အကဲဖြတ်အဖွဲ့ဝင်အနုပညာရှင်ကြီးများနှင့် ပြိုင်ပွဲဝင်အနုပညာရှင်များအားလုံး၏ ရိုးရာယဉ်ကျေးမှု အနုပညာရပ်များကို လေးစားမြတ်နိုးစွာလေ့လာလိုက်စား ထိန်းသိမ်းမြှင့်တင်လိုသည့် စိတ်ကောင်း၊ စေတနာ၊ ပင်ကိုအရည်အသွေးကောင်းများနှင့်အတူ အားပေးကြသည့် မိဘဆွေမျိုးများနှင့် အနုပညာမြတ်နိုးသူ ဝါသနာရှင်အားလုံးတို့၏ ပူးပေါင်းပါဝင်မှုအကျိုးကျေးဇူးကြောင့် ဖြစ်သည်ကိုလည်း ဂုဏ်ပြုပြောကြားလိုကြောင်း။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ချင်းတိုင်းရင်းသားရိုးရာအကအဖွဲ့အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မကွေးတိုင်းဒေသကြီး ကျေးလက်ရိုးရာအကအဖွဲ့အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

**မိမိတို့မြန်မာလူမျိုးများသည် ကိုယ်ပိုင်အမျိုးသားရေး စရိုက်လက္ခဏာများ၊ အဆင့်အတန်းမြင့်မားသည့် ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှုများ၊ နက်ရှိုင်းသိမ်မွေ့သည့် ယဉ်ကျေးမှုဓလေ့စရိုက်နှင့် အတွေးအခေါ်အယူအဆများ၊ လူမှုကျင့်ဝတ်စည်းကမ်းများ၏ ဂုဏ်ကျေးဇူးများကြောင့် သမိုင်းအစဉ်အဆက်တွင် ကျက်သရေရှိရှိ ရပ်တည်ထွန်းပြောင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိထားပြီးဖြစ် . . .**

အမျိုးသားယဉ်ကျေးမှုဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ တိုင်းရင်းသားလူမျိုးတို့၏ အသက်တမျှ အရေးကြီးထိန်းသိမ်းကြရမည့် အမွေအနှစ်များပင်ဖြစ်ကြောင်း၊ အမျိုးသားယဉ်ကျေးမှုမြင့်မားလေလေ၊နိုင်ငံနှင့်လူမျိုး၏ အဆင့်အတန်းသည်လည်း မြင့်မားလေလေဖြစ်ပြီး ကမ္ဘာ့အလယ်တွင် ထည်ထည်ဝါဝါ ရပ်တည်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့၏ ကိုယ်ပိုင်အမျိုးသားရေး ဝိသေသလက္ခဏာ၊ ပင်ကိုတန်ဖိုးနှင့် အဆင့်အတန်းတို့ကို အမျိုးသားယဉ်ကျေးမှုက တစ်ဆင့်သာ ဖော်ညွှန်းပြဆိုကြရခြင်းဖြစ်ကြောင်း။

ထို့ကြောင့် မိမိနိုင်ငံ မိမိလူမျိုး၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ ပြောဆိုနေထိုင်ကျင့်ကြံမှု၊ တွေးခေါ်မြော်မြင်မှုနှင့် စိတ်နေစိတ်ထားတို့ ယဉ်ကျေးသိမ်မွေ့စေရအောင်၊ အဆင့်အတန်း မြင့်မားစေရအောင် နိုင်ငံတိုင်းသည် မိမိတို့၏အမျိုးသားယဉ်ကျေးမှုကိုထိန်းသိမ်း စောင့်ရှောက်မြှင့်တင်ပေးခြင်းအားဖြင့် ပံ့ဖော်ပျိုးထောင်ပေးကြရမည်ဖြစ်ကြောင်း။

မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီး စသည့် ဂီတ၊ သဘင်နယ်ပယ်၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ ကပြသီဆိုတီးမှုတ်မှုနှင့် အသုံးပြုသည့် တူရိယာပစ္စည်းများသည်လည်း ထူးခြားသည့် မြန်မာ့မှု မြန်မာ့အသွင်စစ်စစ်ဖြင့် နိုင်ငံတကာတွင် ဂုဏ်ယူဝင့်ကြွားနိုင်သည့် ကိုယ်ပိုင်ယဉ်ကျေးမှုအမွေအနှစ်များဖြစ်သည်ကို တွေ့ကြရမည်ဖြစ်ကြောင်း။

ယခုကဲ့သို့ ဂုဏ်ယူဝင့်ကြွားဖွယ် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များကို မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများတွင် တင်ဆက်ပြသနိုင်ခြင်းအားဖြင့် တွေ့မြင်ရသည့် မျိုးဆက်သစ်လူငယ်များအဖို့ မြန်မာ့ယဉ်ကျေးမှု၏ ကြီးကျယ်ခမ်းနားထည်ဝါမှု၊ နက်နဲသိမ်မွေ့သည့် မြန်မာ့အနုပညာရပ်များ၏ ပြည့်စုံကြွယ်ဝမှုကို သိရှိနားလည်နိုင်ပြီး လေးစားဂုဏ်ယူခြင်းနှင့်အတူ အလေးထားမြတ်နိုးတန်ဖိုးထားစိတ်များ ပေါ်ပေါက်လာစေမည်မှာ မလွဲဘူးဟုမှာကြားလိုကြောင်း၊ အမျိုးသားယဉ်ကျေးမှုကို ချစ်ခင်မြတ်နိုးပြီး လေ့လာကြိုးပမ်းပြိုင်ပွဲဝင်ခဲ့ကြသည့် မျိုးဆက်သစ်လူငယ်များနှင့် ဆုရရှိကြသူအားလုံးကိုလည်း လေးစားဂုဏ်ပြုသည်ကို ပြောကြားလိုကြောင်း။

**မိမိတို့မြန်မာလူမျိုးများသည် ကိုယ်ပိုင်အမျိုးသားရေး စရိုက်လက္ခဏာများ၊ အဆင့်အတန်းမြင့်မားသည့် ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှုများ၊ နက်ရှိုင်းသိမ်မွေ့သည့် ယဉ်ကျေးမှုဓလေ့စရိုက်နှင့် အတွေးအခေါ်အယူအဆများ၊ လူမှုကျင့်ဝတ်စည်းကမ်းများ၏ ဂုဏ်ကျေးဇူးများကြောင့် သမိုင်းအစဉ်အဆက်တွင် ကျက်သရေရှိရှိ ရပ်တည်**





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများက တိုင်းရင်းသားရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

ထွန်းပြောင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိထားပြီးဖြစ်ကြောင်း။

မိမိတို့အနေဖြင့် ယခုကဲ့သို့ကောင်းမြတ်သည့် အတိတ်အစဉ်အလာများ၊ ကောင်းမွေများကို တည်တံ့တိုးပွားအောင် ထိန်းသိမ်းမြှင့်တင်ရင်း ပစ္စုပ္ပန်ကာလ၏ အခွင့်အလမ်းကောင်းများနှင့်ပေါင်းစပ်ပြီး အနာဂတ်မျိုးဆက်သစ်လူငယ်များအတွက် အခြေခံကောင်း အမွေခံကောင်းများ ထားရစ်ခဲ့နိုင်ရန် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ မိမိတို့၏ အမျိုးသားရေးတာဝန်ဖြစ်ပြီး မျက်မှောက်ခေတ် နိုင်ငံသူ၊ နိုင်ငံသားများဖြစ်သည့် မိမိတို့အားလုံး၏ ပခုံးပေါ်ကို ရောက်ရှိနေပြီဖြစ်ကြောင်း။

ထို့ကြောင့် အတိတ်ကာလက ဘိုးဘွားအမွေအနှစ်ဖြစ်သည့် မြန်မာ့အနုသုခုမပညာရပ်များနှင့်တကွ အမျိုးသားယဉ်ကျေးမှု အဆောက်အအုံကြီး၏ ကောင်းမွေများကို ပစ္စုပ္ပန်ကာလတွင် ကောင်းမြတ်သည့် ကြိုးပမ်းအားထုတ်မှုများဖြင့် ထိန်းသိမ်းမြှင့်တင်သွားကြရမည်ဖြစ်ကြောင်း၊ ကျင်းပ




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မွန်တိုင်းရင်းသားရိုးရာအကအဖွဲ့အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီး ကျေးလက်ရိုးရာအကအဖွဲ့အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တနင်္သာရီတိုင်းဒေသကြီး ကျေးလက်ရိုးရာအကအဖွဲ့အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကဗျာလွတ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ မပန်ဆုပြည့်ကျော်နှင့်အဖွဲ့အား ဆုပေးအပ်ချီးမြှင့်စဉ်။

ပြီးစီးခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများက ပေါက်ဖွားလာသည့် အကျိုးရလဒ်ကောင်းများနှင့်ပေါင်းစပ်ပြီး အနာဂတ်အတွက် အနုပညာအမွေအနှစ်စစ်စစ်များ ပွားများကျန်ရှိရအောင် ဆက်လက်လက်တွဲကြိုးပမ်းဆောင်ရွက်ကြပါစို့ဟု ဆန္ဒပြုတိုက်တွန်းလိုကြောင်း။

သမိုင်းအစဉ်အဆက်ဆက် ထိန်းသိမ်းအမွေဆက်ခံလာခဲ့သည့် အမျိုးသားယဉ်ကျေးမှုအရင်းအမြစ်များကို ပိုမိုအခြေခိုင်ခံ့အစွမ်းထက်စေရအောင် ရိုးရာအစဉ်အလာထိန်းသိမ်းမှုနှင့် တီထွင်ဆန်းသစ်မှုများ ပေါင်းစပ်မြှင့်တင်ဆောင်ရွက်ပေးကြရန်၊ တိုင်းရင်းသားပြည်သူများ ဇာတိသွေး ဇာတိမာန်မြင့်မားရေးနှင့် မြန်မာ့ရိုးရာအမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်ပြီး တိုင်းတစ်ပါးယဉ်ကျေးမှု ထိုးဖောက်လွှမ်းမိုးမှုကို ကာကွယ်တားဆီးပေးကြရန်၊ အမျိုးသားရေးစိတ်ဓာတ်၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးစသည့် စိတ်ဓာတ်ရေးရာအခြေခံများ တိုးတက်ရင့်သန်ခိုင်မာမြင့်မားစေရအောင် ယဉ်ကျေးမှုအနုပညာစွမ်းအားတို့ဖြင့် မြှင့်တင်ပေးကြရန် ဆန္ဒပြုတိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ရာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှတိုင်းရင်းသားရိုးရာ၊ကျေးလက်ရိုးရာ ယဉ်ကျေးမှုအဖွဲ့များကို ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။ **စာမျက်နှာ ၁၈ သို့**

စာမျက်နှာ ၁၇ မှအဆက်

ထို့နောက် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ရိုးရာ "ယန်းအက"ဖြင့် ထားဝယ်တိုင်းရင်းသားရိုးရာ တေးဂီတအဖွဲ့က ဖျော်ဖြေကပြတင်ဆက်ကြသည်။

ထို့နောက် ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်တိုင်းရင်းသားရိုးရာ "ယန်းအက"ပြိုင်ပွဲနှင့် ကဗျာလွတ်ပြိုင်ပွဲတို့တွင် အထူးဆု၊ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသည့်အဖွဲ့များကို ဆုများပေးအပ်ချီးမြှင့်သည်။

ငှင်းနောက် ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက အဆို၊ မဟာဂီတပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် အမျိုးသား၊ အမျိုးသမီး ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကိုလည်းကောင်း၊ ကော်မရှင်အတွင်းရေးမှူး




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော အဆို၊ မဟာဂီတပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ဒုတိယဆုရရှိသူတစ်ဦးကို ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး အဆို၊ မဟာဂီတပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၅ မှ ၂၀အတွင်း) အမျိုးသားပြိုင်ပွဲတွင် တတိယဆုရရှိသူတစ်ဦးကို ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး အဆို၊ မဟာဂီတပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ဒုတိယဆုရရှိသူတစ်ဦးကို ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီးကျော်စွာလင်း အဆို၊ ခေတ်ဟောင်း၊ ကာလပေါ်ပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)အမျိုးသမီးပြိုင်ပွဲတွင် တတိယဆုရရှိသူတစ်ဦးကို ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။

တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးက အဆို၊ မဟာဂီတပြိုင်ပွဲအခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသား၊ အမျိုးသမီး ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကိုလည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေးက အဆို၊ မဟာဂီတပြိုင်ပွဲ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသား၊ အမျိုးသမီး ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကိုလည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်က အဆို၊ ခေတ်ဟောင်း၊ ကာလပေါ်ပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် အမျိုးသား၊ အမျိုးသမီး ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများကိုလည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က အဆို၊ ခေတ်ဟောင်း၊ ကာလပေါ်ပြိုင်ပွဲ အခြေခံပညာအဆင့် အသက် ၁၅ နှစ်မှ ၂၀ အတွင်း အမျိုးသား၊ အမျိုးသမီး ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကိုလည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်းက အဆို၊ ခေတ်ဟောင်း၊ ကာလပေါ်ပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသား၊ အမျိုးသမီး ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

**မိမိတို့အနေဖြင့် ယခုကဲ့သို့ကောင်းမြတ်သည့် အတိတ်အစဉ်အလာများ၊ ကောင်းမွေများကို တည်တံ့တိုးပွားအောင် ထိန်းသိမ်းမြှင့်တင်ရင်း ပစ္စုပ္ပန်ကာလ၏ အခွင့်အလမ်းကောင်းများနှင့်ပေါင်းစပ်ပြီး အနာဂတ်မျိုးဆက်သစ်လူငယ်များအတွက် အခြေခံကောင်း အမွေခံကောင်းများထားရစ်ခဲ့နိုင်ရန် ကြိုးပမ်းကြရမည်ဖြစ် . . .**

ထို့နောက် အဆိုခေတ်ဟောင်း၊ ကာလပေါ် အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) ပြိုင်ပွဲ၌ ပထမဆုရရှိသူ မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု မမိုးမြင့်စံက "အနန္တငါးဖြာ"သီချင်းဖြင့် သီဆိုဖျော်ဖြေသည်။

ယင်းနောက် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့က အက၊ အရေးနှင့် အတီးပြိုင်ပွဲတို့တွင် ဆုရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ဆုချီးမြှင့်ပွဲတွင် အကပြိုင်ပွဲ၊ အရေးပြိုင်ပွဲနှင့် အတီးပြိုင်ပွဲတို့တွင် ပထမဆုရရှိခဲ့ကြသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ကိုယ်စားပြုပြိုင်ပွဲဝင်များက ကပြသီဆိုဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲအခမ်းအနားအပြီးတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အခမ်းအနားတက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင် ၁၆၇၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဆုတံဆိပ်ရရှိမှုများအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးက ၅၉ ဆု၊ မန္တလေးတိုင်းဒေသကြီးက ၄၇ ဆု၊ ဧရာဝတီတိုင်းဒေသကြီးက ၃၇ ဆု၊ စစ်ကိုင်းတိုင်းဒေသကြီးက ၃၃ ဆု၊ ပဲခူးတိုင်းဒေသကြီးက ၂၂ ဆု၊ မွန်ပြည်နယ်က ၂၁ ဆု၊ မကွေးတိုင်းဒေသကြီးမှ ၁၄ ဆု၊ ကယားပြည်နယ်က ၁၇ ဆု၊ ရှမ်းပြည်နယ်မှ ၁၃ ဆု၊ ရခိုင်ပြည်နယ်က ၁၀ ဆု၊ ကရင်ပြည်နယ်က ၁၂ ဆု၊ တနင်္သာရီတိုင်းဒေသကြီးက ၁၃ ဆု၊ ချင်းပြည်နယ်က ၁၀ ဆုနှင့် ကချင်ပြည်နယ်မှ ငါးဆုရရှိခဲ့ကြကြောင်းသတင်းရရှိသည်။ (၅၀၁)

## တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ၁၀ နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် အောက်တိုဘာ ၁၃

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ၁၀ နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကို အောက်တိုဘာ ၁၅ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)(MICC–I)တွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားကို ယင်းနေ့နံနက် ၈ နာရီ ၄၅ မိနစ်မှစတင်ကာ MRTV HD၊ MRTV News၊ MRTV Parliament၊ NRC Channel၊ Farmer's Channel၊ MITV၊ MNTV၊ Skynet Up to date နှင့် Readers' Channel တို့အပြင် MWD HD၊ MWD Variety Channel တို့မှလည်းကောင်း၊ MOI Website၊ MOI Youtube၊ MRTV APP:အပါအဝင် MRTV Online Platform တို့မှလည်းကောင်း တိုက်ရိုက်(LIVE)ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ထို့ပြင် မြန်မာ့အသံရေဒီယို၊ သဇင် FM၊ မန္တလေးFM၊ ပဥ္စဝတီFM၊ ရွှေFM၊ ပတ္တမြားFM၊ FMပုဂံ၊ ချယ်ရီFMနှင့် Star FM၊ မြန်မာ့အသံ Radio App တို့မှလည်း တိုက်ရိုက်(LIVE) ထုတ်လွှင့်မည်ဖြစ်သည်။ (သတင်းစဉ်)






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများက ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် သီဆို၊ တီးမှုတ်၊ ကပြဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

☆ ကျောဖုံးမှအဆက်

ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့မှ ကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ အကဲဖြတ်ပညာရှင်ကြီးများ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ နည်းပြများ၊ အထောက်အကူပြုအဖွဲ့များ၊ ဆုရရှိကြသည့် ပြိုင်ပွဲဝင် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရိုးရာယဉ်ကျေးမှုအကအဖွဲ့များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် အခမ်းအနားသည် ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး အောင်မြင်စွာပြီးမြောက်စေရေးအတွက် မိမိတို့၏ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ မေတ္တာစေတနာအပြည့်အဝဖြင့် ပါဝင်ကူညီပံ့ပိုးပေးခဲ့ကြသည့် ဝါရင့်သမ္မာရင့် အကဲဖြတ်အဖွဲ့ဝင် အနုပညာရှင်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အုပ်ချုပ်ထောက်ပံ့ပေးသူများကို ဂုဏ်ပြုသည့် အခမ်းအနားပင်ဖြစ်ကြောင်း။

အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်ရေးဆိုသည့် အလွန်တရာမွန်မြတ်သော အမျိုးသားရေးရည်မှန်းချက် ပြည့်မြောက်အောင်မြင်စေရေးအတွက် အထင်ကရ အခန်းကဏ္ဍက ပါဝင်စွမ်းဆောင်ပေးလျက်ရှိသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးအောင်မြင်စွာကျင်းပပြီးစီးခဲ့ပြီးဖြစ်ကြောင်း၊ ယခုကဲ့သို့ ပြိုင်ပွဲကြီးအောင်မြင်ရန် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ပါဝင်စွမ်းဆောင်ပေးခဲ့ကြသည့် ဝါရင့်သမ္မာရင့် အနုပညာရှင်ကြီးများနှင့် အကဲဖြတ်အဖွဲ့ဝင် အနုပညာရှင်ကြီးများ အားလုံးလည်း နိုင်ငံတော်အစိုးရနှင့် ထပ်တူကျေနပ်ဝမ်းမြောက် ဂုဏ်ယူနေကြလိမ့်မည်ဟု ခံစားမိကြောင်း။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများကို တစ်နှစ်ထက်တစ်နှစ် ပိုမိုပြီးအသွင်သဏ္ဌာန်ရော အနှစ်သာရပါ နက်နက်ရှိုင်းရှိုင်းဖြင့် အမျိုးသားရေးအဓိပ္ပာယ် ပြည့်ပြည့်ဝဝဖြင့် ကျင်းပပေးလျက်ရှိကြောင်း၊ ယခုပြိုင်ပွဲကြီးများ၏ မြင့်မားသည့်ရည်ရွယ်ချက်များ တစ်စထက် တစ်စ ပိုမိုအကောင်အထည်ပေါ်လာအောင် ပညာရှင်ကြီးများအားလုံးက တန်ဖိုးမဖြတ်နိုင်သည့် ပညာရပ်များနှင့် အားကြိုးမာန်တက် ကူညီပံ့ပိုးဆောင်ရွက်ပေးကြသည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ကျေးဇူးတင်ဂုဏ်ပြုပါကြောင်းကိုလည်း အလေးအနက်ထားပြောကြားလိုကြောင်း။

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရကဦးဆောင်ပြီး သက်ဆိုင်ရာကဏ္ဍအသီးသီးမှ တာဝန်ရှိသူများက မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားရေးအတွက် မိမိတို့၏ကိုယ်ပိုင်စွမ်းအားကို အခြေခံသည့် မှန်ကန်သော အားထုတ်ကြိုးပမ်းမှုများကို စီမံဆောင်ရွက်လျက်ရှိကြောင်း၊ အထူးသဖြင့် မြန်မာလူမျိုးတို့၏ သမိုင်းအစဉ်အလာကောင်းများနှင့် အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းမြှင့်တင်ရင်း စည်းလုံးညီညွတ်ပြီး ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ယနေ့မျက်မှောက်ကာလတွင် ပွင့်လင်းလွတ်လပ်မှုနှင့်တိုးတက်လာသည့် မီဒီယာများကိုအသုံးပြုပြီး ယဉ်ကျေးမှုဆိုင်ရာ ထိုးဖောက်မှုအမျိုးမျိုးသည် နယ်ပယ်အသီးသီးတွင် ထွေးရောယှက်တင် ဝင်ရောက်လာနေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံအသီးသီးသည် မိမိတို့၏ ရိုးရာအစဉ်အလာ ယဉ်ကျေးမှုဓလေ့စရိုက်များကို တန်ဖိုးထားထိန်းသိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲအောင် ကြိုးစားနေကြကြောင်း၊ အမျိုးသားယဉ်ကျေးမှုဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ အသက်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့အချိန်အခါမျိုးတွင် မျိုးဆက်သစ်လူငယ်များအပါအဝင် ပြည်သူတစ်ရပ်လုံးအတွက် အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းကာကွယ် စောင့်ရှောက်မှု ကိုယ်ခံစွမ်းအားများ မြင့်မားရှင်သန်နေစေရအောင် အနုပညာစွမ်းအားဖြင့် စေ့ဆော်မြှင့်တင်ပေးရန် တိုက်တွန်းမှာကြားလိုကြောင်း။

မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာရပ်များကို ဘိုးဘွားအဆက်ဆက် အနုပညာရှင် မျိုးဆက်အဆင့်ဆင့်တို့က ယဉ်ကျေးမှုအမွေအနှစ်အဖြစ် လက်ဆင့်ကမ်း သယ်ဆောင်ပွားများလာခဲ့ကြသည့်အတွက် ယနေ့ထက်တိုင် တည်တံ့ခိုင်မြဲနေခြင်းပင်ဖြစ်ကြောင်း၊ **နှစ်ပေါင်းထောင်ချီသည့် မြန်မာ့သမိုင်းစဉ်တစ်လျှောက်တွင် စဉ်ဆက်မပြတ် ပေါ်ထွန်းလာခဲ့သည့် အနုပညာရှင်ကြီးများက ထိန်းသိမ်းဆင့်ပွားအမွေပေးခဲ့သည့် ကျေးဇူးတရားကြောင့် ယနေ့မိမိတို့တစ်တွေသည် အဖိုးအနဂ္ဃထိုက်တန်လှသည့် မြန်မာ့ယဉ်ကျေးမှုအနုပညာဘဏ္ဍာတိုက်ကြီးကို ပိုင်ဆိုင်ထိန်းသိမ်းထားကြသူများ အဖြစ်ရပ်တည်နေနိုင်ခြင်းဖြစ်ကြောင်း။**

**ထို့ကြောင့် ဝါရင့်သမ္မာရင့် အနုပညာရှင်ကြီးများကလည်း ခေတ်အဆက်ဆက်တွင်ပေါ်ထွန်းခဲ့သည့် ဘိုးဘွားဆရာသခင် အနုပညာရှင်ကြီးများ၏ အစဉ်အလာကောင်းများနှင့်အညီ အမွေဆက်ခံထိန်းသိမ်းထားသည့် အနုပညာဘဏ္ဍာတိုက်ကြီး ပိုမိုခိုင်ခံ့ဝင့်ကြွား တန်ဖိုးကြီးမားလာစေရအောင် ပြုစုပျိုးထောင်ပေးရင်း နောင်လာနောက်သား မျိုးဆက်သစ်အနုပညာရှင်များအတွက် အနုပညာအမွေပေးကြရန် မေတ္တာရပ်ခံတိုက်တွန်းလိုကြောင်း။**

မိမိတို့အသက်နှင့်ထပ်တူ ထိန်းသိမ်းစောင့်ရှောက်လာခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာရပ်များဆတက်ထမ်းပိုး **စာမျက်နှာ ၂၀ သို့**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အခမ်းအနားမှူးများကိုယ်စား အခမ်းအနားမှူးတစ်ဦးကို ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အုပ်ချုပ်သူများကိုယ်စား မကွေးတိုင်းဒေသကြီးမှ အုပ်ချုပ်သူတစ်ဦးကို ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

စာမျက်နှာ ၁၉ မှအဆက်

တိုးတက်ရှင်သန် ထွန်းကားပြန့်ပွားစေရအောင် ဆက်လက်ထိန်းသိမ်းမြှင့်တင်ပေးနိုင်ကြပါစေ၊ မိမိတို့၏ ပြည့်စုံကြွယ်ဝလှသည့် အတွေ့အကြုံများ၊ တန်ဖိုးမဖြတ်နိုင်သည့် အနုပညာစွမ်းအားများကို မျိုးဆက်သစ်လူငယ်များကို ပညာဖြန့်ဝေပေးနိုင်ကြပါစေ၊ ကိုယ်စိတ်နှလုံးချမ်းမြေ့စွာ၊ ကျန်းမာချမ်းသာစွာဖြင့် အသက်ရာကျော်ရှည်ကြသည်ထိ နိုင်ငံနှင့်လူမျိုးအကျိုးကို အနုပညာစွမ်းပကားဖြင့် သယ်ပိုးဆောင်ရွက်နိုင်ကြပါစေ၊ နောင်လာမည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးပေါင်းများစွာတိုင်သည်ထိ မိမိတို့၏ အနုပညာစွမ်းအားဖြင့် ဆက်လက်ကူညီပံ့ပိုးနိုင်ကြပါစေဟု မေတ္တာပို့သဆန္ဒပြုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဒေါ်သင်းသင်းမြတ်၊ အကအကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဦးအောင်တင်ဝင်း၊ အရေးအကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စား အတွင်းရေးမှူး ဦးမင်းထက်သာနှင့် အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဦးစောဝင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အုပ်ချုပ်သူများကိုယ်စား မကွေးတိုင်းဒေသကြီးမှ အုပ်ချုပ်သူတစ်ဦး၊ အခမ်းအနားမှူးများကိုယ်စား အခမ်းအနားမှူးတစ်ဦးတို့ကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အကဲဖြတ်ပညာရှင်များကိုယ်စား အဆိုအကဲဖြတ်ပညာရှင် ဦးတင်ဦးလေးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် အခမ်းအနားတက်ရောက်လာကြသူများ၊ ပြိုင်ပွဲဝင်များနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဆုရရှိကြသူများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၊ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်များနှင့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များက တေးသံသာများဖြင့် သီဆို၊ တီးမှုတ်၊ကပြဖျော်ဖြေကြသည်။

ထို့နောက် အထူးအစီအစဉ်အဖြစ် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ သဘင်ပညာရှင်ကြီးများဖြစ်ကြသည့် အနုပညာဦးစီးဌာနမှ အသက် ၇၄ နှစ်ရှိ အငြိမ်းစားဦးစီးအရာရှိ ဆရာကြီး ပန်တျာဦးမြင့်သိန်းနှင့် အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)မှ အငြိမ်းစား ဂုဏ်ထူးဆောင် ပါမောက္ခကြီး အသက် ၇၆ နှစ်ရှိ ဒေါက်တာနန္ဒခင်တို့နှင့်အတူ လက်ဆင့်ကမ်းအမွေကို ဆက်ခံကြမည့် မျိုးဆက်သစ် လူငယ်လေးများဖြစ်ကြသည့် မွန်ပြည်နယ်မှ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အက ပြိုင်ပွဲ ပထမဆုရ မောင်စောအောင်ဟိန်းထွေး(ခေါ်) အဲအဲနှင့် ရန်ကုန်တိုင်းဒေသကြီးမှ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အကပြိုင်ပွဲမှ ပထမဆုရ နန်းကမ္ဗေ့စံဦးတို့က "သစ္စာထားနှစ်ပါးသွား" အကဖြင့် ဂုဏ်ပြုလက်ဆင့်ကမ်း ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် ဂုဏ်ပြုဖျော်ဖြေခဲ့ကြသည့် အငြိမ်းစားဦးစီးအရာရှိ ဆရာကြီး ပန်တျာဦးမြင့်သိန်းနှင့် အငြိမ်းစား ပါမောက္ခကြီး ဒေါက်တာနန္ဒခင်တို့ကို ဂုဏ်ပြု ချီးမြှင့်ငွေများပေးအပ်ချီးမြှင့်ပြီး ရင်းရင်းနှီးနှီး မေးမြန်းနှုတ်ဆက်စကားပြောကြားသည်။

ဂုဏ်ပြုညစာစားပွဲအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အခမ်းအနား တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (ဖ၀၁)



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဂုဏ်ပြုဖျော်ဖြေခဲ့ကြသည့် အငြိမ်းစားဦးစီးအရာရှိ ဆရာကြီး ပန်တျာဦးမြင့်သိန်းနှင့် အငြိမ်းစား ပါမောက္ခကြီး ဒေါက်တာနန္ဒခင်တို့ကို ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ချီးမြှင့်ပြီး ရင်းရင်းနှီးနှီးမေးမြန်းနှုတ်ဆက်စကားပြောကြားစဉ်။

**နှစ်ပေါင်းထောင်ချီသည့် မြန်မာ့သမိုင်းစဉ်တစ်လျှောက်တွင် စဉ်ဆက်မပြတ် ပေါ်ထွန်းလာခဲ့သည့် အနုပညာရှင်ကြီးများက ထိန်းသိမ်းဆင့်ပွားအမွေပေးခဲ့သည့် ကျေးဇူးတရားကြောင့် ယနေ့ မိမိတို့တစ်တွေသည် အဖိုးအနဂ္ဃထိုက်တန်လှသည့် မြန်မာ့ယဉ်ကျေးမှုအနုပညာဘဏ္ဍာတိုက်ကြီးကို ပိုင်ဆိုင်ထိန်းသိမ်းထားကြသူများအဖြစ် ရပ်တည်နေနိုင်ခြင်းဖြစ် . . .**

**ဝါရင့်သမ္မာရင့် အနုပညာရှင်ကြီးများကလည်း ခေတ်အဆက်ဆက်တွင် ပေါ်ထွန်းခဲ့သည့် ဘိုးဘွားဆရာသခင် အနုပညာရှင်ကြီးများ၏ အစဉ်အလာကောင်းများနှင့်အညီ အမွေဆက်ခံထိန်းသိမ်းထားသည့် အနုပညာဘဏ္ဍာတိုက်ကြီး ပိုမိုခိုင်ခံ့ဝင့်ကြွား တန်ဖိုးကြီးမားလာစေရအောင် ပြုစုပျိုးထောင်ပေးရင်း နောင်လာနောက်သား မျိုးဆက်သစ်အနုပညာရှင်များအတွက် အနုပညာအမွေပေးကြရန် မေတ္တာရပ်ခံတိုက်တွန်းလို . . .**

# ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ မန္တလေးဇုန်(ဇုန်-၁) အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် တက်ရောက်

**မန္တလေး အောက်တိုဘာ ၁၃**

ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာဦးစီးဌာန ပညာရေးဒီဂရီ ကောလိပ်ပေါင်းစုံ မန္တလေးဇုန်(ဇုန်-၁) အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ ဗထူးအားကစားခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အထက်မြန်မာပြည်ရှိ ပညာရေးဒီဂရီကောလိပ် ကိုးခုမှ ကျောင်းအုပ်ကြီးများ၊ ပြိုင်ပွဲဝင် ကျောင်းသား၊ကျောင်းသူ အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ပညာရေးဒီဂရီကောလိပ် ကျောင်းသား၊ ကျောင်းသူများသည် တစ်ချိန်တွင် အခြေခံပညာ ဆရာ၊ ဆရာမများအဖြစ် တာဝန်ထမ်းဆောင်ကြမည့်သူများဖြစ်ပြီး ပညာရေးကဏ္ဍတွင် စာတွေ့၊ လက်တွေ့ ထိရောက်စွာ သင်ကြားပေးသည့် အရည်အချင်းပြည့်ဝနေသူများဖြစ်အောင်၊ အားကစားကဏ္ဍတွင်လည်း နားလည်တတ်ကျွမ်းပြီး ထူးချွန်နေသူများဖြစ်အောင် ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် လေ့ကျင့်လှုပ်ရှားကြိုးစားသင်ယူနေကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အခမ်းအနားအစီအစဉ်အတိုင်း ဆက်လက်ကျင်းပပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့က ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများကိုလိုက်လံနှုတ်ဆက်၍ အားကစားပစ္စည်းများပေးအပ်ပြီး မိတ္ထီလာပညာရေးဒီဂရီကောလိပ်၊မန္တလေးပညာရေးဒီဂရီကောလိပ်နှင့် စစ်ကိုင်းပညာရေးဒီဂရီကောလိပ် ကျောင်းသား၊ ကျောင်းသူများက Aerobic၊ Fitness Dance အကများဖြင့် သရုပ်ပြသတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

ပညာရေးဒီဂရီ ကောလိပ်ပေါင်းစုံ မန္တလေးဇုန်(ဇုန်-၁) အားကစားပြိုင်ပွဲကို အောက်တိုဘာ ၁၈ ရက်ထိ ကျင်းပသွားမည်ဖြစ်ပြီး မန္တလေး၊ မုံရွာ၊ မိတ္ထီလာ၊ တောင်ကြီး၊ လှိုင်ကော်၊ ကျိုင်းတုံ၊ မကွေး၊ ပခုက္ကူ၊ စစ်ကိုင်း စသည့် ပညာရေးဒီဂရီကောလိပ် ကိုးခုမှ အသင်းလိုက်ဘောလုံး (အမျိုးသား)၊ ပိုက်ကျော်ခြင်း(အမျိုးသား)၊ ဘော်လီဘော(အမျိုးသား၊ အမျိုးသမီး)၊ ပြေးခုန်ပစ် (အမျိုးသား၊ အမျိုးသမီး) အားကစားနည်း လေးမျိုးဖြင့် ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**



# ၁၀၅ နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့နှင့် ၄၈ ကြိမ်မြောက် မြန်မာ့ရုပ်ရှင် သက်ကြီးပူဇော်ပွဲ ကျင်းပ၊ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မိသားစုက ငွေကျပ်သိန်း ၁၀၀ လှူဒါန်း




**ရန်ကုန် အောက်တိုဘာ ၁၃**

၁၀၅ နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့နှင့် ၄၈ ကြိမ်မြောက် မြန်မာ့ရုပ်ရှင်သက်ကြီး ပူဇော်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝင်္ကပါလမ်းရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ ရန်ကုန်တိုင်း ဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးမှ နာယကကြီးများ၊ ဥက္ကဋ္ဌ နှင့် အစည်းအရုံးဝင်များ၊ မြန်မာ့ရုပ်ရှင် သက်ကြီးအနုပညာရှင်များ၊ ရုပ်ရှင် အနုပညာရှင်များနှင့် ဖိတ်ကြားထား သော ဧည့်သည်တော်များ တက်ရောက် ကြသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီး ဦးရဲတင့်၊ တိုင်းဒေသကြီးတိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းနှင့် တာဝန်ရှိသူများက ၁၀၅ နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီး၊ တိုင်းဒေသ ကြီး တိုင်းရင်းသားရေးရာဝန်ကြီး၊ မြန်မာ နိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌနှင့် တာဝန် ရှိသူများက ရုပ်ရှင်အစည်းအရုံးဝင်းအတွင်း နိဗ္ဗာန်ကုသိုလ်အဖြစ် ဖွင့်လှစ်ထားသည့် ဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုအားပေး ကြသည်။

ယင်းနောက် ၄၈ ကြိမ်မြောက် ရုပ်ရှင် သက်ကြီးပူဇော်ပွဲကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေး နှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မိသားစုက လှူဒါန်းသည့် အလှူငွေကျပ်သိန်း ၁၀၀ ကို ဒုတိယဝန်ကြီး ဦးရဲတင့်က ပေးအပ်ရာ မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးနာယက ဦးအောင်လွင်က လက်ခံရယူသည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ က လှူဒါန်းသည့် ငွေကျပ်သိန်း ၁၅၀ ကို ပေးအပ်သည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီး ဌာနက လှူဒါန်းသည့် ငွေကျပ်သိန်း ၃၀၊ Forever Group က ငွေကျပ် ဇ၇ သိန်းကျော်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (ဗဟို)က ငွေကျပ်သိန်း ၂၀၊ တိုင်းဒေသကြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ က ငွေကျပ် ၁၀ သိန်းနှင့် မင်္ဂလာရုပ်ရှင် မိသားစုက ငွေကျပ် ၂၈ သိန်းတို့ကို ပေးအပ် လှူဒါန်းကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးရဲတင့် က မှဒိတာစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံရုပ်ရှင်အစည်း အရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းက ကျေးဇူးတင် စကားပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးရဲတင့်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တက်ရောက် လာကြသူများက ရုပ်ရှင်သက်ကြီးပညာရှင် များအား ပူဇော်ကန်တော့ကြပြီး လှူဖွယ် ပစ္စည်းများ ပေးအပ်ရာ ရုပ်ရှင်သက်ကြီး ပညာရှင် အကယ်ဒမီ ဒေါ်ဝါဝါဝင်းရွှေက ဆုတောင်းမေတ္တာစကား ပြောကြားခဲ့ ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) တိုက်ကွမ်ဒိုပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၃**

၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) တိုက်ကွမ်ဒိုပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ ပြုလုပ်ရာ အရှေ့ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် နိုင်ဇော်ဦးနှင့် အဖွဲ့ဝင်များ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများ၊ ဒိုင်အဖွဲ့ဝင်များ၊ အားကစားဝါသနာရှင်များ၊ ဖိတ်ကြားထား သူများနှင့် တာဝန်ရှိသူများ တက်ရောက် ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးက အဖွင့်အမှာစကားပြောကြား သည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အဖွင့်ပွဲစဉ် များ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှု အားပေးကြသည်။

အဆိုပါ ၂၀၂၅ ခုနှစ် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) တိုက်ကွမ်ဒိုပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၁ သင်းဖြင့် အောက်တို ဘာ ၁၇ ရက်ထိ ကျင်းပသွားမည်ဖြစ် ကြောင်း သတင်းရရှိသည်။ **(၅၀၁)**




၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) တိုက်ကွမ်ဒိုပြိုင်ပွဲ အဖွင့်ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

## မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

ပထမအကြိမ် မဲစာရင်းကပ်ထားကြေညာခြင်းကို အောက်တိုဘာ ၂၀ ရက်ထိ ခုနစ်ရက် ထပ်မံတိုးမြှင့်၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ(၃)ဖြင့် တောင်းဆိုပါ။ အမည်နှင့် အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များ ပြင်ဆင်ရန်ရှိပါက ပုံစံ(၄-က)ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

## ရွေးကောက်ပွဲတွင် ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်မဲပေးနိုင်သည်

ယာယီနေရပ်စွန့်ခွာနေရသူများသည် မိမိတို့၏နေရပ်ရင်း မဲဆန္ဒနယ်အတွက် ကြိုတင်မဲပေးနိုင်ရန် ပုံစံ(၁၅)များကို မိမိတို့ ရောက်ရှိရာဒေသ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ တွင် အခမဲ့ရယူ၍ အောက်တိုဘာ ၁၇ ရက် နောက်ဆုံးထားလျှောက်ထားနိုင်သည်။

## ❐ ကန့်ကွက်ပယ်ချမှု

လူ့အခွင့်အရေးကောင်စီ၏ ဆွေးနွေးမှုများနှင့် အစီရင်ခံစာ များတွင် စိစစ်အတည်ပြုနိုင်ခြင်းမရှိသော အချက်အလက် များကို အများအားဖြင့် အသုံးပြုထားပြီး မြန်မာအစိုးရအပေါ် ထပ်တလဲလဲစွပ်စွဲချက်များသာ ပါဝင်နေသည်ကို တွေ့ရှိရသည်။ ဤကဲ့သို့သော စိစစ်အတည်ပြု၍မရသော ယုတ္တိမရှိသည့် အချက် အလက်များကိုအခြေခံကာ အခြေအမြစ်မရှိသော စွပ်စွဲချက်များ ကို အကြိမ်ကြိမ် ထပ်တလဲလဲပြုလုပ်လျက်ရှိကြောင်း တွေ့ရှိ ရသည်။

ကုလသမဂ္ဂ၏ လူ့အခွင့်အရေးကာကွယ်မြှင့်တင်ရေး မျက်နှာစာတွင် အရေးကြီးဆုံးသော ယန္တရားတစ်ရပ်ဖြစ်သည့် လူ့အခွင့်အရေးကောင်စီသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်ခု တွင် ဖြစ်ပေါ်နေသော အခြေအနေများကို လက်တွေ့ကျကျ ဘက်လိုက်မှုကင်းကင်းဖြင့် ဓမ္မဓိဋ္ဌာန်ကျကျရှုမြင်သုံးသပ်ခြင်း မပြုဘဲ ဘက်လိုက်ပြီး တစ်ဖက်စောင်းနင်းသော အချက်အလက် များကိုသာ အမှန်အဖြစ်ယူဆကာ ဆောင်ရွက်နေဆဲဖြစ်သည်ကို သတိပြုမိသည်။

ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ဤကဲ့သို့သော အခြေအမြစ် မရှိသည့် စွပ်စွဲချက်များနှင့် ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် သည့် ဆွေးနွေးချက်များကို ပြတ်သားစွာ ကန့်ကွက်ပယ်ချပြီး နိုင်ငံတော်က ဆက်လက်ဆောင်ရွက်နေသည့် လုပ်ငန်းများကို မျက်ခြည်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်သည်။

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်မှစ၍ အဆင့်ဆင့်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲရလဒ်အရ အနိုင်ရရှိလာမည့် နိုင်ငံရေး ပါတီထံသို့ နိုင်ငံ့တာဝန်ကို ပခုံးလွှဲပြောင်းပေးအပ်သွားမည် ဖြစ်ပြီး မြန်မာဦးဆောင်သည့် မြန်မာ့ကိုယ်ပိုင်လုပ်ငန်းစဉ်ဖြင့် ပြည်တွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ တိုင်းပြည်သာယာဝပြော ရေးတို့ကို ဆက်လက်ဆောင်ရွက်လျက် မြန်မာနိုင်ငံသားများ၏ အခြေခံအခွင့်အရေးများကို မြှင့်တင်ကာကွယ်သွားမည်ဖြစ် ကြောင်း ထပ်လောင်းဖော်ပြအပ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**

## ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီ လုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်း အသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေး လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ အောက်တိုဘာ ၂ ရက်က ပြုလုပ်ခဲ့သော ပြန်ကြား ရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ဇွန် ၁၉ ရက်မှ စက်တင် ဘာ ၅ ရက်ထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ပုံနှိပ်ခြင်း လုပ်ငန်း တစ်ဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ် တစ်ဦး၊ မဂ္ဂဇင်း သုံးဦး၊ အထွေထွေ ၃၉ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း နှစ်ဦး စုစုပေါင်း ၄၆ ဦးကို အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန်ခွင့်ပြုပေးခဲ့သည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများ ပြဋ္ဌာန်းသည့် ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၀ ရက်မှစ၍ ယနေ့ထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၇၀၀၊ ထုတ်ဝေခြင်း လုပ်ငန်း ၃၅၉၀ နှင့် သတင်းအေဂျင်စီလုပ်ငန်း ၄၁၃ ဦး စုစုပေါင်းပုံနှိပ်ခြင်း၊ ထုတ်ဝေ ခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၅၇၀၃ ဦးကို အသိအမှတ်ပြုလက်မှတ်များ စိစစ် ခွင့် ပြုပေးခဲ့ပြီးဖြစ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်း ဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမား တို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဂုဏ်ထူးဖြင့်အောင်မြင်သည့် စစ်သည်များပါဝင်သော မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီးထွက်ခွာ



၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဂုဏ်ထူးဖြင့်အောင်မြင်သည့် စစ်သည်များပါဝင်သော မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီးထွက်ခွာရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်းနှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။

**နေပြည်တော် အောက်တိုဘာ ၁၃**

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်မှုဖြင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်းနှင့် အစားခန့်ဝန်ထမ်းများ၏ သားသမီး ကျောင်းသား၊ ကျောင်းသူများနှင့် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သောစစ်သည်များ ပါဝင်သည့် မျိုးဆက်သစ် ထူးချွန်လူငယ်မောင်မယ်များသည် နိုင်ငံတကာယဉ်ကျေးမှု၊ ဗဟုသုတနှင့် အသိပညာများအတုယူလေ့လာနိုင်စေရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီးစဉ် သွားရောက်ကြမည်ဖြစ်ရာ အဆိုပါလေ့လာရေးအဖွဲ့သည် ယနေ့ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာကြသည်။

အဆိုပါ ထူးချွန်လူငယ်များပါဝင်သည့် လေ့လာရေးအဖွဲ့ကို ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်းနှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ ဌာနကြီးမှူး ဦးအောင်ရဲဝင်းနှင့် တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများ၏ မိဘဆွေမျိုးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ရင်းရင်းနှီးနှီး လိုက်လံအားပေးပြီး ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါထူးချွန်လူငယ်များ ပါဝင်သည့် လေ့လာရေးအဖွဲ့ကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်မှူးကြီးမျိုးမြင့်အောင် ဦးဆောင်၍ စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်းမိသားစုဝင် သားသမီးများမှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး နိုင်ငံတော်အဆင့် ဘက်စုံပညာထူးချွန် လူငယ်ရွေးချယ်ခံရသည့် ကျောင်းသား၊ ကျောင်းသူ ၁၁ ဦး၊ အမှတ်အများဆုံးရရှိသော ကျောင်းသား၊ ကျောင်းသူ ၁၆ ဦး၊ ဂုဏ်ထူး တစ်ဘာသာဖြင့်အောင်မြင်သော စစ်သည် တစ်ဦးနှင့် ကျောင်းအုပ်ချုပ်မှုတာဝန်ခံနှစ်ဦး၊အုပ်ချုပ်မှု အဖွဲ့ဝင်လေးဦး စုစုပေါင်း ၃၄ ဦးတို့ပါဝင်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ အောက်တိုဘာ ၁၈ ရက်ထိ လေ့လာရေးခရီးစဉ်ကာလအတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ Tian Tan ပန်းခြံ၊ Tian an men ရင်ပြင်၊ မဟာတံတိုင်းကြီး(Great Wall)နှင့် အခြားအထင်ကရနေရာများသို့ သွားရောက်လေ့လာ လည်ပတ်ခြင်းများ ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။

တပ်မတော်အနေဖြင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် စစ်သည်များ၊ တပ်မတော်သားမိသားစုဝင် သားသမီးများ၊ စစ်မှုထမ်းဟောင်းမိသားစုဝင် သားသမီးများနှင့် စစ်သည်အစားခန့် အရပ်သားအမှုထမ်းများ၏သားသမီးများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းကို ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှ စတင်ပေးအပ်ခဲ့ပြီး ဆုရရှိသူများအနက်မှ ထူးချွန်စစ်သည်နှင့် ဘက်စုံထူးချွန်လူငယ်များအား ၂၀၁၃ ခုနှစ်မှစ၍ ပြည်ပနိုင်ငံများသို့ လေ့လာရေးခရီးစဉ်များ စီစဉ်စေလွှတ်ပေးခဲ့ရာ ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားချိန်တွင် ခေတ္တရပ်နားခဲ့ရပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှစတင်၍ လေ့လာရေးခရီး ပြန်လည်စေလွှတ်ခဲ့ခြင်းဖြစ်သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်လေ့လာကြမည့် အုပ်ချုပ်သူများနှင့် မျိုးဆက်သစ်ထူးချွန်ကျောင်းသား၊ကျောင်းသူများ၏ လေ့လာရေးခရီးစဉ်နှင့်ပတ်သက်၍ ပြောကြားမှုများကို ယခုကဲ့သို့ ကြားသိရပါသည်-

**ဗိုလ်မှူးကြီးမျိုးမြင့်အောင်**
**(လေ့လာရေးအဖွဲ့ခေါင်းဆောင်)**

"အခုလေ့လာရေးခရီးသွားရမယ့်အစီအစဉ်ကတော့ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲမှာ ထူးချွန်စွာအောင်မြင်ခဲ့တဲ့ စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်းသားသမီးများထဲက အမှတ်အများဆုံးနဲ့ လူရည်ချွန်ရရှိခဲ့တဲ့ ကျောင်းသား၊ ကျောင်းသူ ၂၇ ဦး၊ တစ်ဘာသာဂုဏ်ထူးရစစ်သည် တစ်ဦး၊ အောင်ချက်အကောင်းဆုံးရရှိခဲ့တဲ့ တပ်မတော်အခြေခံပညာအထက်တန်းကျောင်းနဲ့ တပ်မတော်ပညာ



ရေးကျောင်းတို့မှ ကျောင်းအုပ်ကြီး၊ ကျောင်းအုပ်ချုပ်မှုတာဝန်ခံ အုပ်ချုပ်မှုအဖွဲ့ဝင် ခြောက်ဦး စုစုပေါင်း ၃၄ ဦး ပါဝင်တဲ့ လေ့လာရေးအဖွဲ့ဟာ တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ Tian an men ရင်ပြင်၊ မဟာတံတိုင်းကြီး၊ ဗုဒ္ဓမြတ်စွယ်တော်ကျောင်းတိုက်၊ ကွမ်ကျိုးမြို့မှာရှိတဲ့ တက္ကသိုလ်တစ်ခုနဲ့ ကွမ်ကျိုးတာဝါ စတဲ့ အထင်ကရနေရာတွေကို သွားရောက်လည်ပတ်မှာဖြစ်ပါတယ်။ အခုလိုသွားရောက်တဲ့ခရီးစဉ်မှာ ကျွန်တော့်အနေနဲ့ အဖွဲ့ခေါင်းဆောင်အဖြစ် သွားရောက်ခွင့်ရရှိခဲ့တာဖြစ်ပါတယ်၊ အခုလိုသွားရောက်ခွင့်ရရှိခဲ့တဲ့အတွက် တပ်မတော်အကြီးအကဲနဲ့ တာဝန်ရှိသူတွေကို အထူးပင်ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။ ထူးချွန်ကျောင်းသား၊ ကျောင်းသူတွေကို တရုတ်ပြည်သူ့သမ္မတနိုင်ငံကို အခုလို လေ့လာရေးခရီးစဉ် စေလွှတ်ပေးခြင်းဖြင့် တရုတ်နိုင်ငံရဲ့ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်တဲ့ နည်းပညာအခြေခံစနစ်များ၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်မှုများ စတဲ့ ကောင်းမွန်တဲ့ အသိပညာဗဟုသုတများ ရရှိမှာဖြစ်ပါတယ်။ ရရှိလာတဲ့ကောင်းမွန်တဲ့ အသိပညာဗဟုသုတတွေကိုကျောင်းသား၊ကျောင်းသူတွေရဲ့ အနာဂတ်အတွက် များစွာအထောက်အကူပြုမယ်လို့ ယုံကြည်ပါတယ်။ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့ဆိုတဲ့ဆောင်ပုဒ်နဲ့အညီ ထူးချွန်ကျောင်းသား၊ ကျောင်းသူများကို တရုတ်နိုင်ငံသို့လေ့လာရေးခရီးစေလွှတ်ပေးတဲ့အတွက် ကောင်းမွန်တဲ့အသိအမြင် ဗဟုသုတတွေရရှိကာ နိုင်ငံတော်နဲ့ တပ်မတော်ကအားထားရတဲ့ အရည်အချင်းပြည့်ဝတဲ့ သားကောင်းရတနာ၊ သမီးကောင်းရတနာများအဖြစ် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မယ်လို့ ယုံကြည်မိပါတယ်"ဟု ပြောသည်။

**ဒုတိယတပ်ကြပ်ကောင်းမြတ်ကျော်**
**(တစ်ဘာသာဂုဏ်ထူးရှင်)**

"ကျွန်တော်က ပညာရေးကျောင်းကနေ တစ်ဘာသာဂုဏ်ထူးနဲ့ အောင်မြင်ခဲ့ပါတယ်။ စစ်သည်တစ်ယောက်အနေနဲ့ ကြိုးစားရတာ အပြင်ကျောင်းတွေလိုမျိုး မဟုတ်ပါဘူး။ တပ်မတော်သားတစ်ယောက်ရဲ့တာဝန်တွေလည်း ကျေပွန်အောင် ဆောင်ရွက်ရပါတယ်။ အဲဒီလိုရတဲ့ အချိန်တွေထဲကနေ စာကို မနားမနေ ကြိုးစားကျက်မှတ်ခဲ့တာပါ။ ကျောင်းမှာ သင်ကြားပေးတဲ့ သင်ခန်းစာတွေကို



ကြိုးစားသင်ယူပါတယ်။ ညဘက်ရောက်တဲ့အခါမှာလည်း မအိပ်ဘဲ ညဉ့်နက်တဲ့အထိ လေ့လာကျက်မှတ်ခဲ့ပါတယ်။ တရုတ်နိုင်ငံကို လေ့လာရေးခရီးသွားရောက်လည်ပတ်ခွင့်ရတဲ့အတွက် အရမ်းဂုဏ်ယူဝမ်းသာမိပါတယ်။ လေ့လာရေးခရီးစီစဉ်ပေးတဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို အထူးကျေးဇူးတင်ရှိပါတယ်" ဟု ပြောသည်။

**မခင်တင့်တယ်ထက်**
**(ခြောက်ဘာသာဂုဏ်ထူးရှင်)**



"ခြောက်ဘာသာဂုဏ်ထူးရဖို့အတွက် တစ်နှစ်ပတ်လုံး တစိုက်မတ်မတ်စာကို ကြိုးစားခဲ့ရပါတယ်။ ငယ်ငယ်ကတည်းက ဆရာဝန်ဖြစ်ချင်တယ်ဆိုတဲ့ အိပ်မက်နဲ့ တစိုက်မတ်မတ်ကြိုးစားခဲ့တာလည်းဖြစ်ပါတယ်ရှင့်။ အခုလို ဂုဏ်ထူးရတဲ့ကျောင်းသား၊ကျောင်းသူတွေကို နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိသူတွေက တရုတ်နိုင်ငံကို လေ့လာရေး စေလွှတ်ပေးတဲ့အတွက် အလွန်ဝမ်းသာပီတိ ဖြစ်ရပါတယ်ရှင့်။ တရုတ်နိုင်ငံရဲ့ ယဉ်ကျေးမှုတွေ၊ အစားအသောက်တွေ၊ လူမျိုးတွေအားလုံးကို လေ့လာရမှာဖြစ်တဲ့အတွက် စိတ်လှုပ်ရှားနေမိပြီး သူငယ်ချင်းတွေအတွက်လည်း ဝမ်းသာဂုဏ်ယူမိပါတယ်ရှင့်။ အခုလို လေ့လာရေးခရီးစေလွှတ်ပေးတဲ့အတွက် နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိသူတွေအားလုံးကို အထူးကျေးဇူးတင်ရှိပါတယ်ရှင့်။ အနာဂတ်ရည်မှန်းချက်က ဆရာဝန်တစ်ယောက်ဖြစ်ချင်ပါတယ်ရှင့်။ ဒီလိုဆရာဝန်တစ်ယောက်ဖြစ်ဖို့ကိုလည်း အခုချိန်ကတည်းက ကြိုးစားနေပါတယ်ရှင့်"ဟု ပြောသည်။

**မောင်အောင်ခန့်ကို**
**(ခြောက်ဘာသာဂုဏ်ထူးရှင်)**

"တစ်နှစ်ပတ်လုံး စာကို အစဉ်မပြတ်ဘဲ တစ်နေ့စာတစ်နေ့ ပုံမှန်ကျက်မှတ်ပါတယ်။ ဆရာ၊ဆရာမတွေ သင်ကြားပြသမှုတွေကို သေသေချာချာ လိုက်နာမှတ်သားတယ်။ မေးခွန်းဟောင်းတွေကို အထပ်ထပ်အပြန်ပြန် လေ့ကျင့်တယ်။ စာကို ပိုင်ပိုင်နိုင်နိုင်ဖြစ်အောင် ကြိုးစားကျက်မှတ်ပါတယ်။ ကျွန်တော်တို့ကြိုးစားမှုတွေ အရာထင်လာအောင်အသိအမှတ်



ပြုပြီးတော့ လေ့လာရေးခရီးစေလွှတ်ပေးတဲ့အတွက်လည်း အထူးဝမ်းမြောက်ဂုဏ်ယူမိပါတယ်။ အခုလိုတရုတ်နိုင်ငံကို လေ့လာရေးခရီးစေလွှတ်ပေးတဲ့ နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိသူအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါတယ်။ ကျွန်တော် ရန်ကုန်နည်းပညာတက္ကသိုလ်မှာ ပညာဆက်လက်သင်ကြားပြီး အင်ဂျင်နီယာဘွဲ့ယူပါမယ်။ ပြီးရင် PhD အထိရအောင် ကြိုးစားသွားမှာပါ"ဟု ပြောသည်။ (၅၀၁)

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# မဲစာရင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မဲစာရင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ မဲဆန္ဒရှင်ပြည်သူများက သိရှိလိုသည်များကို စုံစမ်းမေးမြန်းနိုင်ရန်နှင့် ကြုံတွေ့ရသည့် အခက်အခဲများကို သတင်းပို့နိုင်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက တာဝန်ခံဖြေကြားပေးမည့် Call Center များကို ဖွင့်လှစ်ထားရှိပေးထားပါသည်။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အောက်ပါ Call Center ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

**(က) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်(နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၃၀၂ (၂) ၀၆၇-၃၄၀၄၃၀၃
- (၃) ၀၆၇-၃၄၀၄၃၀၄ (၄) ၀၉-၂၅၂၁၁၆၉၉၆
- (၅) မိုဘိုင်းဖုန်းမှ စာတို(SMS)ပေးပို့ရန် ၀၉-၂၅၂၁၁၆၉၉၆

**( ခ ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၁၇၉၆၇ (၂) ၀၆၇-၄၁၇၉၆၃
- (၃) ၀၉-၈၈၁၇၅၀၂၅၆ (၄) ၀၉-၅၃၃၀၁၃၀
- (၅) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၈၁၇၅၀၂၅၆

**( ဂ ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကချင်ပြည်နယ်)**
- (၁) ၀၁-၃၃၃၁၆၃၅
- (၂) ၀၉-၄၂၂၅၄၄၆၆၉
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၀၀၂၁၃၀၃

**(ဃ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကယားပြည်နယ်)**
- (၁) ၀၉-၈၈၁၄၄၆၆၈၆
- (၂) ၀၉-၈၈၆၈၃၄၂၃၃
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၈၅၆၃၆၈၁၁

**( င ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၁၁၇၅
- (၂) ၀၅၈-၂၃၄၃၂
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၇၇၈၇၁၀၁၄၆

**( စ ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ချင်းပြည်နယ်)**
- (၁) ၀၁-၃၃၃၆၆၁၁
- (၂) ၀၁-၃၃၃၆၆၂၂
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၄၂၉၉၃၂၃၃

**(ဆ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၅
- (၂) ၀၇၁-၂၀၃၂၀၉၆
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၇၉၇၇၉၅၂၀

**( ဇ ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၁၂၁၁
- (၂) ၀၅၉-၂၀၂၃၅၂၅
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၃၇၂၉၉၀

**( ဈ ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၂၁၂၆၈
- (၂) ၀၅၂-၂၂၀၁၉၉၁
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉- ၂၅၁၁၃၃၁၈၇

**(ည) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၈၉
- (၂) ၀၆၃-၂၀၂၈၈၉၀
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉- ၅၂၀၂၆၅၉

**( ဋ ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၆၉၀၄၂
- (၂) ၀၂-၄၀၆၇၃၄၄
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၆၀၂၂၇၇၇

**( ဌ ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၂၅၆
- (၂) ၀၅၇-၂၀၂၄၃၉၁
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၀၀၇၀၉၀၃

**( ဍ ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၄၂၁၇၄၂၄၂၈
- (၂) ၀၉-၄၃၀၉၄၄၅၇
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၂၁၇၁၅၄၉၄

**( ဎ ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၂၅၀၆၂၉၃
- (၂) ၀၁-၂၃၀၆၂၅၀
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၄၁၆၅၁၄၁၆

**(ဏ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၉၉၅
- (၂) ၀၈၁-၂၁၂၄၅၄၀
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၄၁၀၁၅၀၈

**(တ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၄၆၁၆
- (၂) ၀၄၂-၂၃၇၈၃
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၅၈၃၇၀၃၀

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပေးပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းဆိုင်ရာ... 

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

**(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

**( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

**( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

**(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

**( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

**( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

**(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

**( ဇ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

**( ဈ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

**(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

**( ဋ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

**( ဌ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

**( ဍ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

**( ဎ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

**(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

**(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကိုဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

- ၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
- ၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
- ၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
- ၄။ Myawady Webportal (https://myawady.net.mm)
- ၅။ Myanmar National Portal (https://myanmar.gov.mm)

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် KIA/KPF အကြမ်းဖက်အဖွဲ့မှ အဖွဲ့ဝင် ၁၁ ဦး ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်



ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသည့် KIA/KPF အကြမ်းဖက်အဖွဲ့မှ အဖွဲ့ဝင် ၁၁ ဦးကို မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲအခမ်းအနား ကျင်းပစဉ်။

နေပြည်တော် အောက်တိုဘာ ၁၃

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများကို ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် KIA/KPF အကြမ်းဖက်အဖွဲ့မှ အဖွဲ့ဝင် ၁၁ ဦးသည် ယနေ့တွင် ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသည့် KIA/KPF အကြမ်းဖက်အဖွဲ့မှ အဖွဲ့ဝင် ၁၁ ဦးတို့ကို တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့တွင် ကချင်ပြည်နယ် ပူတာအိုမြို့ရှိ နယ်မြေခံတပ်နယ်ခန်းမ၌ ပြုလုပ်ရာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသည့် အဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပူတာအိုတပ်နယ်မှ တာဝန်ရှိသူတစ်ဦးက နယ်မြေတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာ ပုဒ်မများနှင့် ပတ်သက်၍ အသိပညာပေးရှင်းလင်းပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများကို ဝန်ခံကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးကြသည်။ ယင်းနောက် တာဝန်ရှိသူများက ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြပြီး လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကြသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များထံ ရောက်ရှိနေသော KIA/KPF အကြမ်းဖက်အဖွဲ့မှ အဖွဲ့ဝင်များသည် အတင်းအဓမ္မစုဆောင်းခံကြရခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်း၊ လူမျိုးရေးခွဲခြားဆက်ဆံမှုနှင့် အဆင့်အတန်းခွဲခြား၍ အချင်းချင်းနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုများကျူးလွန်ခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများကို ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများနှင့် လမ်းတံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ တပ်မတော်၏တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်လိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများကို ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိသည့်အတွက် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာတပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပြီး လိုအပ်သည့်ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။(၅၀၁)

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၅၁ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့

နေပြည်တော် အောက်တိုဘာ ၁၃

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့်ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ စုံစမ်းဖော်ထုတ်လျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကို မယ်ထော်သလေး (KK Park)နှင့် ကျောက်ခတ်နယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၃၁ ဦး၊ ဖိလစ်ပိုင်နိုင်ငံသား ၁၅ ဦး၊ အင်ဒိုနီးရှားနိုင်ငံသား လေးဦးနှင့် ပါကစ္စတန်နိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၅၁ ဦးကို ထပ်မံထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများစာရင်းကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဇန်နဝါရီ ၃၀ ရက်မှ အောက်တိုဘာ ၁၃ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်းဦးရေ ၉၄၉၀ စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၃၃၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၅၃ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။



မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၅၁ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့မှု မှတ်တမ်းဓာတ်ပုံ။

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများကို စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာအရေးယူဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများကို တားဆီးကာကွယ်တိုက်ဖျက်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”** အစီအစဉ်မှ **“ခိုင်လုံသောအကြောင်းရင်းမရှိဘဲ လူနေကျေးရွာများဘက် အကြမ်းဖက်သမားတွေရဲ့ ရှော့တိုက်ဒုံးပစ်ခတ်မှုကြောင့် စာသင်သားကိုရင်များ သေဆုံးထိခိုက်ခဲ့ရ”** ခေါင်းစဉ်ဖြင့် ၁၅-၁၀-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“မူးယစ်ဆေးဝါးနဲ့ ရပ်တည်နေရတဲ့ မူးယစ်ဂိုဏ်း AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၈၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၃ ရက် ဓာတ်သတ္တု (ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၉၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ဝတ္ထုတိုကဏ္ဍာ

# အသံတိတ်ပေးဆပ်ကြသူများ

## အမေ့သား(နတ်မောက်)



**ယမန်နေ့မှအဆက်**

"ကိုဘိုကောင်း ပြန်ပြီလားတော့်"

ဆိုင်းမဆင့် ဗုံမဆင့် ထန်းပင်အကွယ်ဆီမှ ထွက်ပေါ်လာသည့်အသံကြောင့် စိုးမောင်ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။ အဖေကတော့ လူကြီးပီပီ ဘာမှမဖြစ်သလို ခြေလှမ်းကို ရပ်တန့်၍ သေချာကြည့်ကာ နှုတ်ဆက်ရန်ပြင်နေပြီ။

"ပြန်ပြီပေါ့ဗျာ။ ခင်ဗျားတို့ကော မသိမ်းသေးဘူးလား။ ဂရုလဲ စိုက်ကြအုံး မှောင်နေပြီဗျ"

သည်တော့မှ ထန်းပင်အကွယ်ကနေ ထွက်ပေါ်လာသူမှာ ကိုလှဆောင်၏ဇနီး မအေးပို ဖြစ်နေမှန်းသိ၏။ ထန်းပင်ပေါ်မှ ဆင်းလာသည့် ကိုလှဆောင်ဆီမှ လေချွန်သံက နီးကပ်လာသည်။ မအေးပိုက ကိုလှဆောင်ခါးမှ မြူအိုးများကို ဖြုတ်ယူ၏။

"ကိုလှဆောင် ဂရုစိုက်လဲ တက်အုံးဗျ။ နောက်ကျနေပြီ"

"ကျုပ်အတွက်တော့ ဒါ စောသေးတာဗျို့"

ကိုလှဆောင်က ဤမျှသာ ပြောသည်။ နောက်ထပ် တက်ရမည့်ထန်းပင်များ ကျန်သေးသည့်နှယ် အလျင်လိုနေ၏။ ထန်းပင်တစ်ဝက်မျှသာရောက်သည့် လှေကားကိုထမ်းကာ နောက်တစ်ပင်၌ ထောင်၏။ ထန်းပင်ခြေရင်းတွင် မအေးပို အဆင်သင့်ချထားပေးသည့် မြူအိုးကလေးများကို ခါးတွင်ချိတ်ပြီး လျင်မြန်စွာ တက်သွားတော့၏။ အဖေက သက်ပြင်းမောကိုချကာ ထန်းပင်ပေါ်တက်သွားသည့် ကိုလှဆောင်ကို အကြောင်းမဲ့ ငေးကြည့်နေလေသည်။

ကိုလှဆောင် တက်ရသည့် ထန်းပင်များက သက်တမ်းရင့်ထန်းပင်များ ဖြစ်သည်။ အဖေ တက်ရသည့် ထန်းပင်များထက် နှစ်ဆမကမြင့်၏။ စီးပွားဖြစ် ထန်းတက်သူပီပီ အပင်အရေအတွက်ကလည်း မနည်းလှ။ လှေကားက ထန်းပင်တစ်ဝက်မျှသာ ရောက်သည်။ ထန်းပင်အပေါ်ပိုင်းတွင် အသေတပ်ထားသည့် လှေကားလေးတော့ ရှိပါ၏။ လှေကားထစ်လေး၊ ငါးခုမျှသာပါပြီး 'ရင်းဆွဲ'ဟု ခေါ်၏။ လှေကားနှစ်ခုကြား အကွာအဝေးက အတော်လေးလှမ်းသည်။ ကိုလှဆောင်သည် ထိုအကွာအဝေးကို ခြေထောက်အား၊ လက်အားများကို အသုံးပြု၍ ထန်းပင်ကိုယ်လုံးကို ဖက်တွယ်ပြီး တက်၏။ လေ့ကျင့်သား ပြည့်ဝနေသူပီပီ ကိုလှဆောင်သည် လေချွန်မပြတ် ပေါ့ပါးသွက်လက်စွာ တက်သွားတော့၏။ ကိုလှဆောင်၏ လေချွန်သံက ထန်းပင်များကြားဝယ် ငြိမ့်ညောင်းစွာ ထွက်ပေါ်နေ၏။ သားသမီးများကို အော်ဟစ်ပြောဆိုနေသည့် မအေးပို၏အသံက တစ်ချက်တစ်ချက် ထွက်ပေါ်လာလျက်ရှိသည်။ တဲအပြင်ရှိ ကွပ်ပျစ်ကလေးပေါ်တွင် သောက်စားနေကြသည့် လူပေါင်းစုံ ထံမှ ရှေ့နောက်မညီသည့် စကားသံများကလည်း မကြားချင်မှအဆုံး။

အဖေက လက်နှိပ်ဓာတ်မီးထိုးပြီး ခြေလှမ်းစလှမ်းတော့ စိုးမောင်နောက်က လိုက်ရပြီ။ ကိုလှဆောင်တို့ ထန်းတောဆီမှ ထိုထိုသော အသံပေါင်းစုံသည် လရောင်နှင့်အတူ စိုးမောင်တို့နောက်ဝယ် ဝေးကာဝေးကာ ကျန်ရစ်ခဲ့လေသည်။

( ၄ )

ထန်းရည်က အထွက်နည်းသည့်တိုင် စိုးမောင် အဖေ့ဆီ မြူအိုးကောက် လိုက်နေရစမြဲပင်။ အချို့ ထန်းပင်များဆို ထန်းရည်မထွက်တော့သောကြောင့် အဖေ မတက်တော့။ သည်လိုနှင့်တက်ရသည့်ထန်းပင် အရေအတွက် နည်းပါးလာသည်။ အဖေသည်လည်း ပေါ့ပေါ့ပါးပါးဖြစ်နေပြီး အိမ်ပြန်ချိန်သည် စော၍နေပါ၏။ နေမဝင်ခင်ပင် အိမ်ပြန်ရန်ပြင်နေရပြီ။ ထန်းလျက်နံ့လေး သင်းနေပြီဖြစ်သည့် ထန်းရည်ကလေးက မြူအိုးနှစ်လုံးစာသာ ရှိသည့်အတွက် အဖေ့ကို မထမ်းခိုင်းတော့ဘဲ စိုးမောင်သာ ထမ်းလာခဲ့လိုက်သည်။

"ဘိုကောင်း စောလှချည်လားကွ"

လမ်းဘေးရှိ ထန်းပင်ခြေရင်းတွင် လှေကားကိုချကာ ဆေးလိပ်ထိုင်ဖွာနေသည့် ကိုလှဆောင်က နှုတ်ဆက်၏။

"စောဆို ထန်းရည်က ထွက်မှမထွက်တော့ဘဲ ကိုးဗျ။ ခင်ဗျား ထန်းပင်တွေကော ဘယ်လိုရှိတုံး ထွက်သေးရဲ့လား"

"သိပ်တော့မထွက်တော့ဘူးပေါ့ဗျာ။ ဒါပေမဲ့လဲ အရင်နှစ်ကထက် အပင်ရေတိုးထားတော့ ထန်းရည်အရ မဆိုးလှဘူးပေါ့"

"ခင်ဗျားတစ်ယောက်တည်း ဒီလောက်ထန်းပင်အများကြီး ဂရုစိုက်လဲ တက်အုံးဗျ"

"များလဲ မတတ်နိုင်ဘူး ကိုဘိုကောင်းရေ။ ဒီနှစ် ကျုပ်သား နှစ်ယောက်ကို ရှင်ပြုပေးချင်လို့လေ။ အဲဒါကြောင့် ကျုပ် အရင်ကထက် အပင်ရေတိုးပြီး တက်နေရတာ"

ကိုလှဆောင်သည် ဆေးလိပ်ကို ဟန်ပါပါ ဖွာရှိုက်ရင်း ပီတိဖြစ်နေသည့် အပြုံးဖြင့် တဲကလေးဆီ ကြည့်နေပါ၏။ ကိုလှဆောင်၏ သားနှစ်ယောက်သည် တဲကလေးနားတွင် မြူအိုးများကို ဆေးကြောသူက ဆေးကြော၊ ကြိုးတပ်သူက ကြိုးတပ်နှင့် အလုပ်ရှုပ်နေကြလေ၏။

"ဝမ်းသာတယ်ဗျာ ဝမ်းသာတယ်။ ခင်ဗျား အလှူကျရင် ဝက်သားဟင်းကျွေးဗျနော့ ကိုလှဆောင်"

"ကျွေးမှာ ကျွေးမှာ ကိုဘိုကောင်း။ ဝက်သားကော၊ ကြက်သားကော အဝကျွေးမှာဗျို့"

ကိုလှဆောင်သည် ဝမ်းသာအားရ ပြောဆိုပြီး ဆေးလိပ်တိုကို မြေမှာချ၊ ခြေထောက်ဖြင့် နင်းကာ မီးငြိမ်းပြီး လှေကားကို ထန်းပင်တွင် ထောင်၏။ ထန်းပင်ခြေရင်းရှိ မြူအိုးကလေးများကို ခါးတွင်ချိတ်ပြီး လျင်မြန်စွာ တက်သွားတော့၏။ လှေကားထစ်များကို တစ်ထစ်ပြီးတစ်ထစ် တက်သွားနေသည့် ကိုလှဆောင်၏ ခြေလှမ်းများက ခါတိုင်းထက်ပင် ပေါ့ပါးသွက်လက်နေသယောင်။

( ၅ )

"အမေကြီး"

ထူးသံမကြားရ၊ တိတ်ဆိတ်နေသည်။

"အမေ"

အိမ် လှေကားခြေရင်းတွင် အမေကြီးနှင့်အမေတို့၏ ဖိနပ်များကို မတွေ့ရ။ ထူးဆန်းနေ၏။ အမေသည် တောထဲက ပြန်မလာသေးခြင်းဖြစ်မည်။ အမေကြီးကား အိမ်လည်သွားနေခြင်းဖြစ်မည်။ စိုးမောင် ရှည်ရှည်ဝေးဝေး စဉ်းစားမနေဘဲ ဖြည့်တွေးတွေးကာ အဖြူ အစိမ်းပင် မလဲအား။ ရေပုံးဆွဲကာ ရေတွင်းဆီ ထွက်လာခဲ့လိုက်သည်။ သောက်ရေ၊ သုံးရေကို အမြန်ဖြည့်သည်။ နွားချေးကို အမြန်ကျုံးသည်။ အဖေ့ဆီ သွားရမှာ နောက်ကျနေမည်စိုးသောကြောင့် အလုပ်များကို တတ်နိုင်သမျှ မြန်မြန်အဆုံးသတ်၏။

"ဘိုစိုး"

စိုးမောင် လက်နှိပ်ဓာတ်မီးရှာနေစဉ်တွင် အမေကြီးအသံကို ကြား၏။

"အမေကြီး ဓာတ်မီးကော"

စိုးမောင် ထားနေကျနေရာတွင် လက်နှိပ်ဓာတ်မီး မတွေ့သောကြောင့် အမေကြီးကို မေးလိုက်သည်။

"မင်းအမေ ယူသွားတယ်"

"အမေက ဘယ်ကို ယူသွားတာလဲ အမေကြီး"

စိုးမောင် အံ့ဩတကြီး ပြန်မေးလိုက်၏။

"မင်းအဖေဆီ လိုက်သွားတာလေ"

"ဗျာ"

"ဟုတ်တယ်၊ မင်းအဖေဆီ မင်းအမေ လိုက်သွားတယ်။ ငါ့မြေး သွားစရာမလိုတော့ဘူး"

အမေကြီး စကားများက ထူးဆန်းနေသည်။ စိုးမောင် မယုံကြည်နိုင်။ အမေကြီးနား တိုးကပ်သွားလိုက်သည်။

"အမေက ဘာဖြစ်လို့ လိုက်သွားတာလဲဟင်"

အမေကြီးက ဘာမျှမပြောဘဲ မီးဖိုခန်းထဲ ဝင်သွား၏။ ချက်ရန်ပြုတ်ရန် မီးဖိုတွင် မီးမွှေးနေ၏။ အမေကြီး နောက်ကနေ စိုးမောင် ကပ်ပါလိုက်သွားသည်။

"ဟို... လှဆောင်ကြီး ထန်းပင်ပေါ်က ပြုတ်ကျလို့တဲ့။ အခု ဆေးရုံမှာဆုံးပြီလို့ ကြားတာပဲ။ အဲဒါကြောင့် ဖြစ်မယ်"

"ဘုရား ဘုရား"

စိုးမောင် ဘုရားပင် တမိသည်ထိ ထိတ်လန့်သွားရ၏။ ကိုလှဆောင်ဆီမှ ညနေတိုင်း ကြားနေကျ လေချွန်သံနှင့် ဟိုတစ်နေ့ကမှ ပီတိအပြုံးနှင့် အားရဝမ်းသာပြောနေသည့် ကိုလှဆောင်၏ စကားများကို ပြန်လည်ကြားယောင်လာမိသည်။ အမေကြီးနားက ခွာပြီး အိမ်ရှေ့ခန်းကိုပင် စိုးမောင် ပြန်မသွားရဲ။ ယခုချိန် အဖေ့နောက် လိုက်သွားရမည်ဆိုလျှင် စိုးမောင်လိုက်သွားရဲလိမ့်မည်မဟုတ်ပေ။ အမေ့ကိုပင် စိုးမောင် ကျေးဇူးတင်မိသည်။

( ၆ )

အဖေက ရှေ့က သွားပြန်တော့ စိုးမောင် နောက်ကနေ မလိုက်ရဲ။ ကျောက မလုံချင်။ အဖေက စိုးမောင်ကို ရှေ့ကသွားရန် ပြောတော့လည်း စိုးမောင် မဝံ့မရဲ။ နောက်ကို ပြန်ပြန်လှည့်ကြည့်မိ၏။ အဖေက စိုးမောင်ကို ကြည့်ပြီး ပြုံးသည်။ ပခုံးပုတ်ပြီး ဘေးချင်းယှဉ်ကာ လျှောက်စေ၏။ အမှောင်ထုက သည်နေ့တွင်မှ ပို၍ကြီးစိုးနေသယောင်။ လေပြည်ကလေး တိုက်ခတ်လာမှုအောက်တွင် သစ်ရွက်ခြောက်များ ပွတ်တိုက်လှုပ်ရှားသံက ကျောချမ်းချင်စရာ။ ရှည်လျားမြင့်မားလှသည့် ထန်းပင်ကလေးများ၏ ယိမ်းထိုးလှုပ်ရှားကာ ထန်းရွက်ချင်း ပွတ်တိုက်သံက ပို၍ကျယ်လောင်လာ၏။ လမ်းဘေးရှိ ထန်းတောကလေးနှင့် နီးကပ်လာသည်နှင့်အမျှ စိုးမောင် ရင်ခုန်သံက ပို၍ မြန်ဆန်လာ ၏။ အသွားကတည်းက အဖေနှင့်အတူ လိုက်လာခဲ့ ခြင်းဖြစ်သောကြောင့်သာ စိုးမောင်သည်အချိန်ထိ နေရဲခြင်းဖြစ်သည်။ ညနေစောင်းဆို သည်ထန်းတောဘေးကနေ စိုးမောင် ဖြတ်မသွားရဲသေး။

"နေညိုညို တိမ်တောက်တဲ့အခါ... ရွာလမ်းနံဘေးမှာ..."

ရုတ်တရက် ထွက်ပေါ်လာသည့် သီချင်းသံကြောင့် စိုးမောင် ထိတ်လန့်သွားရသည်။ အဖေ့နားအလိုလို တိုးကပ်သွားမိသည်ထိ။ အဖေက စိုးမောင် ပခုံးကို အားပေးသည့်ဟန် ပုတ်လိုက်လေသည်။

"ကျုပ်ပြောတာ အဲဒါပေါ့ဗျ ဟား ဟား ဟား"

တဲကလေးဆီမှ စကားသံများ လွင့်ပျံ့လာသည်။ စိုးမောင် လှည့်ကြည့်လိုက်တော့ မီးရောင်က ထင်းခနဲ။

"ကိုထွန်းစိန် ဂရုစိုက်လဲ တက်အုံး၊ နောက်ကျနေပြီဗျ"

ခါးတွင် မြူအိုးကလေး လေး ငါးလုံး ချိတ်ဆွဲထားလျက် ထန်းပင်ပေါ်က ဆင်းလာသော ကိုထွန်းစိန် ဟူသည့် မျက်နှာစိမ်းလူကို အဖေက နှုတ်ဆက်နေသည်။

"ကျုပ်အတွက်တော့ ဒါ စောသေးတာဗျို့"

"ခင်ဗျားသားလဲ မတွေ့ပါလား"

"ကျုပ်သားကို ဘော်ဒါဆောင် ပို့လိုက်ပြီ ကိုဘိုကောင်းရ။ ဒီနှစ် ဆယ်တန်းလေဗျာ။ အခုခေတ်က ဆယ်တန်းဆို ဘော်ဒါဆောင်လေးထားနိုင်မှဗျ"

ကိုထွန်းစိန်က အာပေါင်အာရင်းသန်သန်ဖြင့် ပြောဆိုပြီး ခါးမှ မြူအိုးများကို ဖြုတ်ကာ မြေမှာချ၏။ လှေကားကို ကျွမ်းကျင်ပိုင်နိုင်စွာ ကိုင်မ၍ နောက်တစ်ပင်တွင် ထောင်၏။ ထန်းပင်ခြေရင်းတွင် အဆင်သင့် ရှိနေသည့် မြူအိုးအလွတ်များကို ခါးတွင်ချိတ်ဆွဲပြီးနောက် လေကလေးတချွန်ချွန်နှင့် ထန်းပင်ပေါ်တက်သွားလေသည်။ ထန်းပင်ကို ဖက်တွယ်ကာဖြင့် ကျွမ်းကျင်သွက်လက်စွာ တက်သွားသည့် ကိုထွန်းစိန်ကို ကြည့်ပြီး ကိုလှဆောင်ကို ပြန်လည်မြင်ယောင်လာသည့်နှယ် စိုးမောင်ရင်ထဲ အေးခနဲဖြစ်သွားမိပါတော့သည်။

# ကာလတစ်ရပ်ကိုဖြတ်သန်းခြင်း

ဘိုးဘိုးသောင်

**"What we are today comes from our thoughts of yesterday and our present thoughts build our life is the creation of our mind"**

**SIDDHAARTHA BUDDHA (BC.563–483)**

**Founder of Buddhism**

**"လူဆိုသည်မှာ ဘဝကံကြမ္မာ၏ အကျဉ်းသားများမဟုတ်ကြပါ။ သို့ရာတွင် သူတို့၏ကိုယ်ပိုင်စိတ်သဘောထား၏ အကျဉ်းသားများသာဖြစ်ပါ၏"**ဟု ၃၂ ဆက်မြောက် အမေရိကန်ပြည်ထောင်စု၏ သမ္မတဖြစ်ခဲ့သူ ဖရန်ကလင်းဒီ၊ ရုစ်ဗဲလ်ကရေးခဲ့ဖူးပါသည်။ ကျွန်ုပ်တို့သည် လွတ်လပ်စွာမွေးဖွားလာကြသည်။ လွတ်လပ်စွာ ကိုယ်ကြိုက်ရာလမ်းကြောင်းကို ရွေးချယ်လျှောက်လှမ်းကြသည်။ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ တွေ့ကြုံလာသမျှကောင်းကံ၊ ဆိုးကံတို့သည် မိမိတို့စိတ်၏စေရာအရ ရရှိကြခြင်းသဘောဟု ဗုဒ္ဓဘာသာဝင်များ ခံယူနားလည်ထားကြသကဲ့သို့ အနောက်တိုင်းမှ ပညာရှိများသည်လည်း သိမြင်သဘောပေါက်ကြသည်။ ဤအချက်ကို မူတည်လျက် အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသက "စိတ်ကောင်းရှိဖို့ကပထမ" ဟု ပရိယတ္တိစာသင်တိုက်ကြီးကို စတင်ဖွင့်လှစ်စဉ်ကပင် အခြေခံမူဝါဒတစ်ရပ်အဖြစ် ချမှတ်တော်မူခဲ့ပေသည်။ ဆရာတော်ချမှတ်ခဲ့သော မူဝါဒ ၁၀ ချက်တွင် "ကျန်းမာဖို့"ကိစ္စသည်လည်း တစ်ချက်ပါဝင်သေးကြောင်း မှတ်မိပါ၏။

မိမိကိုယ်ကို ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာဖြင့် လူ့ဘဝသက်တမ်း၏ တစ်ဘဝတာကို ဖြတ်သန်းနိုင်ရန် တည်ဆောက်ပြုပြင်အပ်ပေသည်။

အသက်အပိုင်းအခြားအရ မွေးစမှ အသက် ၄၀ ထိသည် မိခင်၏ရင်နို့ သောက်စို့ခဲ့ရသော ခွန်အား၏ အချိန်နှင့်အမျှ ဖွံ့ထွားကြီးပြင်းခဲ့သည်ဆို၏။ ၄၀ မှ ၈၀ အရွယ်ကား မိမိရွေးချယ်သော အစားအသောက်၊ အနေအထိုင်၊ အလုပ်အကိုင်၊ အလေ့အထ၊ ပတ်ဝန်းကျင်ရွေးချယ်ပါဝင်မှု၊ မိမိ၏ကိုယ်ကျင့်တရားနှင့် ကိုယ်ခန္ဓာကို စောင့်ရှောက်ထိန်းကျောင်းနိုင်စွမ်းပေါ်မူတည်ကာ ရှင်သန်ရသည်ဆိုကြ၏။

"အာရောဂျံ ပရမံ လာဘံ"ဟု မြတ်စွာဘုရားက ဟောကြားတော်မူဖူးသည်။ ကျန်းမာခြင်းသည် မြတ်သော၊ ကြီးမားသော လာဘ်လာဘကြီးပင် ဖြစ်ပေသည်ဟု မှတ်သားဖူးကြပါလိမ့်မည်။ ကျန်းမာရေး၏ အဓိကကျပုံ၊ ဘဝမှာအရေးပါပုံကို အလေးမထားမိသည့် အချိန်များလည်း ရှိခဲ့ဖူးကြောင်း မိမိကိုယ်ကို သုံးသပ်မိပါ၏။

မသိခြင်းကြောင့် မနာမကျန်းဖြစ်ရသကဲ့သို့ သိလျက်နှင့်ပေါ့ဆသောကြောင့် ဖျားနာ၊ ရောဂါရ ခံစားရခြင်းတွေလည်း ခံစားခဲ့ရဖူးပါ၏။ မိမိကိုယ်ကို ယခုထိ ဘာဓာတ်အားနည်းသောကြောင့် ဖြစ်ရသလဲ မသိသော အနာလည်းရှိဖူးသည်။ လေးတန်းကျောင်းသားအရွယ် (၁၀ နှစ်သား)မှာ ဘယ်ဘက်တံတောင်ဆစ်ရောင်ကိုင်းပြီး နာကျင်ခြင်းဖြစ်သည်။ အဖေက ဆေးခန်းခေါ်သွားပြီး ဆရာဝန်နှင့်ပြသည်။ စားဆေး၊ ဆေးပြား၊ ဆေးရည်ပေးလိုက်သည်။ ပျောက်သွားမှာပါဟုပြောသည်။ ဟုတ်ပါသည်။ တစ်ပတ်လောက်ရှိတော့ကောင်းသွားပါသည်။

အထက်တန်းကျောင်းသားဘဝတွင် ညနေစာဘာအစားမှားသလဲမသိ။ မိမိအစာအဆိပ်သင့်သကဲ့သို့ အန်လည်းအန်၊ ဝမ်းလည်းတောက်လျှောက်သွားနေသဖြင့် စစ်ကိုင်းပြည်သူ့ဆေးရုံသို့ ချက်ချင်းပို့ရသည်။ ဆေးရုံတွင် ဆရာဝန်၊ ဆရာမတို့က တစ်ညလုံးဆေးပုလင်းကြီးတွေချိတ်ကာ တစ်လုံးပြီးတစ်လုံး လက်မောင်းသွေးကြောထဲသွင်းထားသည်။ ဓာတ်ဆားရည်နှင့် အခြားဆေးများ ပါဝင်ပါလိမ့်မည်။ သေနိုင်သော အခြေအနေတစ်ခုဖြစ်ခဲ့ကြောင်း ဆရာဝန်၊ ဆရာမတို့ တစ်ညလုံး ဂရုစိုက်ခြင်းကိုကြည့်၍ သတိပြုမိခဲ့ပါသည်။ အသက်ကယ်သောကျေးဇူးရှင်များကို အမည်မမှတ်မိတော့သော်လည်း ကျေးဇူး မမေ့ပါ။

**❖ သတ္တဝါတို့၏ ကံကောင်းခြင်း၊ ကံဆိုးခြင်းသည် ပြင်ပဘယ်တန်ခိုးရှင်ကမှ စီမံခြင်းမဟုတ်။ မိမိပြုသော ကုသိုလ်ကောင်းမှုနှင့် ဒုစရိုက်မကောင်းမှုတို့ကသာ အရင်းခံဖြစ်၏။ စိတ်ထားကောင်းလျှင် ကံကောင်းမည်။ စေတနာကောင်း၊ စိတ်ကောင်းမွေးရမည်။ စိတ်ထားပုပ်လျှင် ဒုက္ခများမည်။ ဥတုကပြုပြင်လာသည်ကို မိမိတို့က အပူအအေး မလွန်ကဲအောင်၊ မျှတမှုရှိအောင် ထိန်းညှိနေထိုင်တတ်ရပါမည်။ အာဟာရ၊ စားသောက်ဖွယ်ရာ၌ နှစ်သက်၍လည်း မလွန်ကဲစေနှင့်၊ မနှစ်သက်၍လည်း မရှောင်လွှဲလေနှင့်။ "အာရောဂျံ ပရမံ လာဘံ"ဟူသော ကျန်းမာရေးကို အလေးထားလျက် မိမိကိုယ်ကို ကောင်းစွာစောင့်ရှောက်နိုင်ပါစေ။❖**

တက္ကသိုလ်နောက်ဆုံးနှစ် ဖိုင်နယ်စာမေးပွဲဖြေပြီး တိုက်ဖွိုက်ခေါ် အူရောင်ငန်းဖျားရောဂါဖြစ်ကာ အိပ်ရာထဲလဲပါတော့သည်။ စာကြိုးစားခြင်းက အစားပျက်၊ အအိပ်ပျက် ပင်ပန်းသွားသဖြင့် အားနည်းချိန် ရောဂါဝင်ခဲ့ခြင်းပင်။ အပြင်းဖျား၊ အပူရှိန်မြင့်မားသဖြင့် မန္တလေးမှာပင် ဆရာဝန်ဒေါက်တာ ဂူဟားဆေးခန်းပြ၍ ကုသခံခဲ့ရပါသည်။ ကျေးဇူးရှင်ဆရာ၊ ဆရာမများ၏ သားသမီးရင်းချာပမာ ဂရုစိုက်စောင့်ရှောက်မှုကောင်းသဖြင့်သာ သေလောက်သောအခြေအနေမှ လွတ်မြောက်ခဲ့ရပါသည်။ ဆရာကြီးဦးအုန်းဖေနှင့်မမညွန့်၊ ဆရာကြီးဦးခင်မောင်သန်းနှင့် အန်တီပိုက်။ မိဘကဲ့သို့ မိမိကိုပြုစုသဖြင့် ပြန်လည်ကောင်းမွန်ခဲ့ရပါ၏။

ဝန်ထမ်းဘဝတွင် ငှက်ဖျားရောဂါဖြင့် ဆေးရုံ နှစ်ပတ်လောက် လားရှိုးမှာတက်ခဲ့ရဖူးသည်။ လိပ်ခေါင်းရောဂါဖြစ်သောကြောင့် မေမြို့စစ်ဆေးရုံ တက်၍ တစ်ပတ်ခန့်ခွဲစိတ်ကုသခံခဲ့ရဖူးသည်။ အူအတက်ရောင်ရောဂါကြောင့် တစ်ညလုံးအိပ်မရအောင် နာကျင်ကိုက်ခဲသဖြင့် နံနက် နှစ်နာရီလောက်နောင်ချိုမှ မေမြို့သို့အရေးပေါ်ပို့ကာ ညတွင်းချင်း (ဗိုက်ခွဲ၊ အူအတက်ဖြတ်တောက်)ခွဲစိတ်ကုသခံခဲ့ရသည်။ လူနာကိုရောက်သည်နှင့်ချက်ချင်း ကုသပြုစုသောဆရာဝန်နှင့် သူနာပြုများကို လေးစားချီးကျူးမိပါသည်။ သူတို့က တစ်စုံတစ်ရာ ဂုဏ်ယူပြောဆိုခြင်းမရှိသော်လည်း နောက်မှသိရသည်မှာ အကယ်၍ ဆေးရုံရောက်သည်မှာ တစ်နာရီခန့် နောက်ကျခဲ့သော် အသက်အန္တရာယ်စိုးရိမ်ရသည်ဟု သိရှိရပါ၏။

စေတနာပြည့်ဝစွာဖြင့် ညပိုင်းအချိန်ကြီးမှာ လူနာရောက်လာသည်နှင့် အရေးပေါ်စီမံဆောင်ရွက်သော အပင်ပန်းခံကြိုးပမ်း တာဝန်ကျေပွန်မှုကိုလည်း ချီးကျူးအသိအမှတ်ပြုရပါသည်။

ပြန်တွေးကြည့်တော့ မိမိအသက် ၂၀ အရွယ် တက္ကသိုလ်ကျောင်းသားဘဝတွင် မည်သူ၏တိုက်တွန်းချက်မှမပါဘဲ မိမိကျန်းမာကြံ့ခိုင်တုန်းအချိန်မှာ သူတစ်ပါးအသက်ကယ်ရာရောက်သော သွေးလှူခြင်းကို ပြုမည်ဟု မန္တလေးပြည်သူ့ဆေးရုံကြီး (မန္တလေးဘူတာကြီးရှေ့)သွေးလှူဌာနမှာ နှစ်ကြိမ်သွေးလှူခဲ့ဖူးကြောင်း သတိရမိသည်။ သွေးလှူဖူးခြင်း၏ ကုသိုလ်သည် မိမိ၏နာမကျန်းဖြစ်ခြင်း အခြေအနေများတွင် ကံကောင်းစွာ ကယ်တင်လေသလားတော့မသိပါ။

အသက် ၇၀ ကျော်သည်ထိ ယခင်ကထက် အိုမင်းရင့်ရော်လာပြီဖြစ်သော်လည်း ကြီးကြီးမားမား ရောဂါမရှိ၊ ခြောက်လတစ်ကြိမ်ဆေးစစ်၍ အဆီချဆေး၊ သွေးတိုးကျဆေး၊ သွေးကြဲဆေး ဆရာဝန်ညွှန်သည့် အခါမှာ အခါအားလျော်စွာစား၍ ပုံမှန်ဖြစ်နေပါသည်။

မကြာသေးမီကတော့အိမ်ရှေ့မှာလမ်းလျှောက်ရင်းပင် မြက်တောထဲကအုတ်ခဲကျိုးကို ခလုတ်တိုက်၍ လဲကျခဲ့သည်။ ညာဘက်လက်သန်းလေး အရိုးအက်သွားကြောင်း ဓာတ်မှန်ရိုက်ကြည့်တော့ ဆရာဝန်က တွေ့ရသည်။ ကျောက်ပတ်တီးဘယ်ဘက်လက်ဝါးတစ်ခြမ်းစည်းနှောင်ပေးပြီး အရိုးဆက်စေရန် ငြိမ်ငြိမ်နေဖို့မှာလိုက်သည်။ တစ်လလောက်လူနာဖြစ်သွားရလေတော့သည်။ ယခုတော့ပြန်ကောင်းသွားပါပြီ။ စာလည်းရေးနိုင်ပါပြီ။

လတ်တလောမှာကား မိမိ၏ခါးမှာ ကျောပြင်ဘယ်ဘက်ခြမ်း အရေပြားပေါ်တွင် အနာစက်ကလေးများ ပေါ်လာသည်။ အရေးပြားပေါ်တွင် နာကျင်ရုံမျှမက အရိုးကြားနေရာများမှာပါ နာကျင်ခံခက် ကိုက်ခဲလှသည်။ နောက်တော့ဘယ်ဘက်ခြမ်းရင်အုံမှာပါ အနာအနီစက်လေးတွေ ပေါ်လာသည်။ နောက်တော့ ရေယုန်(Herpes) အနာဟုသိရသည်။ ဗိုင်းရပ်ပိုးတစ်မျိုး ကူးစက်ခြင်းဟုဆို၏။ အရေပြားပေါ်တွင်သာ နာကျင်မှုဝေဒနာ ခံစားရခြင်းမဟုတ်ဘဲ အာရုံခံနာဗ်ကြောအစုအဝေးထိ နာကျင်ခံခက်စေသောလှုံ့ဆော်မှုရှိသဖြင့် ညမအိပ်နိုင်ပါ။

နာကျင်ကိုက်ခဲပျောက်စေသော အကိုက်ခဲပျောက်ဆေးသောက်မှသာ အိပ်၍ရပါသည်။ ဆရာဝန်က စားဆေး၊ လိမ်းဆေးပေးပါသည်။ စားဆေးမှာ တစ်နေ့ငါးလုံး၊ ခုနစ်ရက် ဆက်တိုက်သောက်ရသည်။ ရေယုန်ဗိုင်းရပ်ပိုးသတ်ဆေးဖြစ်ပုံရပါသည်။ လိမ်းဆေးကို တစ်နေ့နှစ်ကြိမ်လိမ်းပေးရသည်။

သေရလောက်အောင်ပြင်းထန်သော ရောဂါမျိုးပေလားဟု ယူကျုနှင့်ဂူးဂဲလ်တို့မှာ ရှာ၍ဖတ်ကြည့်ပါသည်။ သူကဗိုင်းရပ်ပိုးတစ်မျိုးဖြစ်သဖြင့် သက်တမ်းသုံးပတ် ၂၁ ရက်ထိသာ အသက်ရှင်သည်။ ဆက်ပြီးမရှင်နိုင်သဖြင့် သူ့အလိုလို သက်သာသွားမည်သာဖြစ်သည်။ အကြောင်းရင်းကတော့ အိပ်ရေးပျက်ခြင်း၊ အစားနည်းခြင်း၊ ကိုယ်ကာယလှုပ်ရှားမှုနည်းခြင်း စသော ကိုယ်ခံအားနည်းမှုကြောင့် ဤဗိုင်းရပ်ပိုးဝင်ရောက်ဖြစ်ပေါ်ခြင်းပင်။

မိမိမှာဖြစ်သည်က ရေယုန်အကြီးစားခေါ်သည်။ လက်ဝဲဘက်ကြောပြင်နှင့် ရင်ဘတ်တစ်ခြမ်းမှာသာဖြစ်၏။ ညာဘက်သို့မကူးလာပေ။ အာရုံကြောနာဗ်ကြောများက လူ၏တစ်ခြမ်းစီခွဲ၍ ကွန်ရက်တည်ဆောက်ထားခြင်းကြောင့်ဖြစ်၏။ အာရုံခံနာဗ်ကြောမှာဝင်သဖြင့် နာကျင်ကိုက်ခဲမှုပြင်းထန်သည်။ ဝေဒနာခံစားရမှုများသည်။ သေရလောက်သည့်ဝေဒနာဟုပင် ထင်မှတ်ရပါ၏။ မကုဘဲလည်း သက်တမ်း သုံးပတ်ကြာလျှင် ပျောက်မည်ဟု သိထားရသဖြင့် ကြိတ်မှိတ်ပြီး ရေယုန်ရောဂါပိုး နှိပ်စက်သမျှ တရားမှတ်ပြီး ရင်ဆိုင်မည်ဟု ကြိုးစားပါ၏။ အနည်းငယ်မျှ သက်သာမှုရသော်လည်း မူလကပင် သမာဓိအားကောင်းအောင် သမထကျင့်ခဲ့ခြင်း များများမရှိလှသဖြင့် ပျောက်ကင်းအောင်ကား မတားဆီးနိုင်ခဲ့ပေ။

ရေယုန်ရောဂါက ရေမချိုးရဟုမရှိပါ။ သူတစ်ပါးကိုလည်း မကူးစက်လွယ်ပါ။ ကူးချင်လည်း ကူးမည်ဖြစ်ပါသော်လည်း အများကြီးမစိုးရိမ်ရပါ။ ကူးတာနည်းပါးလှပါသည်။ မိမိတို့အိမ်သားများကိုလည်း မကူးခဲ့ပါ။ ဝေဒနာ နာကျင်ကိုက်ခဲမှုများကား လျော့ပါးပျောက်ကင်းလုနီးပါး ဖြစ်သွားကာ ပြုံးရွှင်နိုင်ပါပြီ။ အရာရာကား ဘာမျှမမြဲပေပဲကိုး။ သုခဝေဒနာက မကြာလိုက်သလိုပင် ဒုက္ခဝေဒနာသည်လည်း ကုန်ဆုံးလုပါပြီ။ သက်သာနေပြီ။

လောကကြီးကို အစဉ်အမြဲ အကောင်းအဆိုးဟူသော ဤနှစ်မျိုးဖြစ်ပေါ်အောင် ပြုပြင်စီမံပေးနေသော အကြောင်းရင်းတရားကြီး လေးပါးရှိသည်။ ကံ၊ စိတ်၊ ဥတု၊ အာဟာရဟု လူအများသိထားကြပါလိမ့်မည်။

သတ္တဝါတို့၏ ကံကောင်းခြင်း၊ ကံဆိုးခြင်းသည် ပြင်ပဘယ်တန်ခိုးရှင်ကမှ စီမံခြင်းမဟုတ်။ မိမိပြုသော ကုသိုလ်ကောင်းမှုနှင့် ဒုစရိုက်မကောင်းမှုတို့ကသာ အရင်းခံဖြစ်၏။ စိတ်ထားကောင်းလျှင် ကံကောင်းမည်။ စေတနာကောင်း၊ စိတ်ကောင်းမွေးရမည်။ စိတ်ထားပုပ်လျှင် ဒုက္ခများမည်။ ဥတုကပြုပြင်လာသည်ကို မိမိတို့က အပူအအေး မလွန်ကဲအောင်၊ မျှတမှုရှိအောင် ထိန်းညှိနေထိုင်တတ်ရပါမည်။ အာဟာရ၊ စားသောက်ဖွယ်ရာ၌ နှစ်သက်၍လည်း မလွန်ကဲစေနှင့်၊ မနှစ်သက်၍လည်း မရှောင်လွှဲလေနှင့်။ "အာရောဂျံ ပရမံ လာဘံ"ဟူသော ကျန်းမာရေးကို အလေးထားလျက် မိမိကိုယ်ကို ကောင်းစွာစောင့်ရှောက်နိုင်ပါစေ။

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# ဩစတြေးလျနိုင်ငံ ကွင်းစလန်းတောမီးကြောင့် ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းရန် သတိပေးချက်ထုတ်ပြန်



**ကင်ဘာရာ အောက်တိုဘာ ၁၃**

ဩစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ်တွင် တောမီးလောင်ကျွမ်းမှု ဖြစ်ပေါ်နေပြီး တောမီးသည် လူနေအိမ်ခြေများဆီသို့ ကူးစက်လောင်ကျွမ်းလာနိုင်သည့်အတွက် ဒေသခံများကို ဘေးလွတ်ရာ ရွှေ့ပြောင်းရန် ကွင်းစလန်းပြည်နယ် အာဏာပိုင် အဖွဲ့အစည်းက သတိပေးချက် ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောမီးသည် နယူးမွန်တာနယ်မြေအနီးတွင် လောင်ကျွမ်းနေခြင်းဖြစ်ပြီး တစ်နေရာမှ တစ်နေရာသို့ ကူးစက်လောင်ကျွမ်းမှုနှုန်း မြင့်မားနေသည့်အတွက် လူနေအိမ်ခြေများဆီသို့ ကူးစက်လာနိုင်ကြောင်း၊ တောမီးသည် ဂိုရန်လမ်းမကြီးမှ တစ်ဆင့် ဂရက်စ်ထရီး လမ်းမကြီးဆီသို့ ကူးစက်လောင်ကျွမ်းနေပြီဖြစ်ပြီး အဆိုပါ လမ်းမကြီးကိုလည်း ယာယီပိတ်သွားရန် အခြေအနေ စောင့်ကြည့်နေကြောင်း ကွင်းစလန်းပြည်နယ် မီးသတ်တပ်ဖွဲ့က ထုတ်ပြန်ခဲ့သည်။

"နယူးမွန်တာအနီးမှာ လောင်ကျွမ်းနေတဲ့တောမီးကို အမြန်ဆုံး ထိန်းချုပ်နိုင်ဖို့ ကြိုးစားပေးနေပါတယ်။ ရာသီဥတုအခြေအနေကြောင့် တောမီးကူးစက်လောင်ကျွမ်းမှုဟာ မြန်ဆန်နေပါတယ်။ ဒါကြောင့် ဒေသခံတွေကို ဘေးလွတ်ရာ ရွှေ့ပြောင်းဖို့အတွက် ကြိုတင်ပြင်ဆင်မှု ပြုလုပ်ထားဖို့လဲ ညွှန်ကြားထားပါတယ်"ဟု ကွင်းစလန်းပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# ဂျပန်နိုင်ငံ အစ်ဇူးကျွန်းစုများကို တိုင်ဖွန်းမုန်တိုင်း အမှတ် (၂၃) စတင်ဝင်ရောက်လာသဖြင့် လေပြင်းများတိုက်ခတ်ကာ မိုးရွာသွန်းနေ

**တိုကျို အောက်တိုဘာ ၁၃**

ဂျပန်နိုင်ငံ အစ်ဇူးကျွန်းစုများကို တိုင်ဖွန်းမုန်တိုင်း အမှတ် (၂၃) စတင်ဝင်ရောက်လာသဖြင့် လေပြင်းများတိုက်ခတ်ကာ မိုးရွာသွန်းနေကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါ တိုင်ဖွန်းမုန်တိုင်း အမှတ် (၂၃) သည် ဂျပန်နိုင်ငံ ရှီကိုကူကျွန်းတောင်ဘက်၏ ပင်လယ်ပြင်မှ အရှေ့ဘက်ဆီကို ရွေ့လျားနေပြီး ယနေ့တွင် အစ်ဇူးကျွန်းစုများဆီကို ချဉ်းကပ်လာကာ လေပြင်းများတိုက်ခတ်ကာ မိုးသည်းထန်စွာ ရွာသွန်းနေကြောင်း သိရသည်။

လက်ရှိ အဆိုပါမုန်တိုင်းသည် ဗဟိုဖိအား ၉၈၀ ဟက်တိုပါစကယ်ရှိပြီး လက်ရှိ တစ်စက္ကန့်လျှင် အမြင့်ဆုံး လေတိုက်နှုန်းမှာ မီတာ ၃၀ ရှိကြောင်း ဂျပန်မိုးလေဝသ အေဂျင်စီ(JMA)၏ အဆိုအရ သိရသည်။

မုန်တိုင်းတိုက်ခတ်မှု အရှိန်ကြောင့် ကျွန်းများတွင် လှိုင်းအမြင့်သည် ကိုးမီတာနှင့်အထက် ရှိလာနိုင်ပြီး လေတိုက်နှုန်းသည် တစ်စက္ကန့်လျှင် မီတာ ၅၀ နှုန်းထိ ပြင်းထန်စွာ တိုက်ခတ်လာနိုင်သည်ဟု JMA က ခန့်မှန်းထားကြောင်း သိရသည်။

မုန်တိုင်းဝင်ရောက်စဉ် အစ်ဇူးကျွန်းစုများတွင် လေပြင်းတိုက်ခတ်ခြင်း၊ မြေပြိုခြင်း၊ ရေကြီးခြင်း၊ မြစ်ချောင်းများရေလျှံခြင်း၊ လှိုင်းကြီးခြင်းများ၊ မိုးကြိုးပစ်ခြင်းနှင့် လေဆင်နှာမောင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်လာနိုင်သည့်အတွက် အဆိုပါကျွန်းပေါ်တွင် နေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ကြရန် ကျွန်းအာဏာပိုင်များက သတိပေးချက် ထုတ်ပြန်ထားသည်။

Ref : Russia Today
Trs : KZ

# မက္ကဆီကိုနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သေဆုံးသူ ဦးရေ ၅၀ ခန့်ထိ တိုးလာသဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများကို တိုးမြှင့်လုပ်ဆောင်နေ

**မက္ကဆီကိုစီးတီး အောက်တိုဘာ ၁၃**

မက္ကဆီကိုနိုင်ငံတွင် အောက်တိုဘာ ၁၀ ရက်မှစ၍ ယနေ့ထိ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သေဆုံးသူဦးရေ၅၀ ခန့်ထိတိုးလာသဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများကို တိုးမြှင့်လုပ်ဆောင်နေသည်ဟု အမျိုးသားအရပ်ဘက်ကာကွယ်ရေးညှိနှိုင်းရေးအဖွဲ့(CNPC) မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

မက္ကဆီကိုနိုင်ငံ အလယ်ပိုင်းနှင့်အရှေ့ပိုင်းတို့တွင် မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် သေဆုံးသူ ဦးရေ ၅၀ ခန့်ထိ ရှိလာသောကြောင့် မက္ကဆီကိုနိုင်ငံ အစိုးရက ကယ်ဆယ်ရေးလုပ်ငန်းများကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

လက်ရှိတွင် အာဏာပိုင်များသည် ဟီဒယ်ဂိုး၊ ပွဘလာ၊ ဘာရာခရုနှင့် ကျူရီတာရိုပြည်နယ်တို့ရှိ မြူနီစီပယ် ၁၃၉ ခုနှင့် မြောက်ဘက်အလယ်ပိုင်း ဆန်လူးဝစ်ပိုတိုစီပြည်နယ်တို့ရှိ အခြေခံဝန်ဆောင်မှုများဖြစ်သော ကျန်းမာရေး၊ စားဝတ်နေရေးများအပြင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ပေးနေကြောင်း အစိုးရ၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။



အောက်တိုဘာ ၁၂ ရက်က တည်းက နိုင်ငံအာဏာပိုင်များသည် ကယ်ဆယ်ရေးလုပ်ငန်းများကို လွယ်ကူချောမွေ့စေရန် လူဦးရေစာရင်း ကောက်ယူခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ဝေးလံပြီး သွားလာရခက်ခဲသော ဒေသများတွင်လည်း ပံ့ပိုးရေးပစ္စည်းများ အရောက်ပေးပို့ခဲ့သည့်အပြင် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# ကနေဒါနိုင်ငံ အတ္တလန္တိတ်ကနေဒါနယ်မြေကို မိုးခေါင်ရေရှားပါးမှု အရေးပေါ်အခြေအနေအဖြစ်သတ်မှတ်

**အော့တဝါ အောက်တိုဘာ ၁၃**

ကနေဒါနိုင်ငံ အတ္တလန္တိတ်ကနေဒါနယ်မြေတွင် မိုးခေါင်ရေရှားပါးမှုဖြင့် ကာလရှည်ရင်ဆိုင်နေပြီး မိုးခေါင်ရေရှားပါးမှုကို အရေးပေါ် အခြေအနေအဖြစ် သတ်မှတ်လိုက်ကြောင်း Canadian Drought Monitor က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အတ္တလန္တိတ်ကနေဒါနယ်မြေတွင် မိုးခေါင်ရေရှားပါးမှုပြဿနာဖြင့် ရင်ဆိုင်နေရသည့် ဧရိယာသည် နယ်မြေတစ်ခုလုံး၏ ၉၉ ရာခိုင်နှုန်းထိ မြင့်မားနေသည့်အတွက် နယ်မြေတစ်ခုလုံး မိုးခေါင်ရေရှားပါးမှု ပြဿနာဖြင့် ရင်ဆိုင်နေရသည့် အခြေအနေ ဖြစ်ကြောင်း၊ အလားတူ မာရီတိုင်းနယ်မြေနှင့် နယူးဖောင်းလန်းနယ်မြေတို့တွင်လည်း အောက်တိုဘာလပထမပတ်မှ စတင်၍ မိုးခေါင်ရေရှားပါးမှုဖြင့် ရင်ဆိုင်လာရကြောင်း Canadian Drought Monitor က ထုတ်ပြန်သွားခဲ့သည်။

"အတ္တလန္တိတ်ကနေဒါနယ်မြေမှာ မိုးခေါင်ရေရှားပါးမှုပြဿနာနဲ့ ကာလရှည် ရင်ဆိုင်နေရပါတယ်။ လက်ရှိမှာတော့ နယ်မြေတစ်ခုလုံးရဲ့ ၉၉ ရာခိုင်နှုန်းထိ မိုးခေါင်ရေရှားပါးမှု ပြဿနာနဲ့ ရင်ဆိုင်နေရပါတယ်။ နယ်မြေအတွင်းမှာရှိတဲ့ စိုက်ခင်းတွေကလဲ ရာနှုန်းပြည့်ပျက်စီးသွားပါတယ်။ အလားတူ မာရီတိုင်းနယ်မြေနဲ့ နယူးဖောင်းလန်းနယ်မြေတို့မှာလဲ မိုးခေါင်ရေရှားပါးမှုပြဿနာနဲ့ ရင်ဆိုင်လာရတယ်။ အတ္တလန္တိတ်ကနေဒါနယ်မြေမှာဖြစ်ပေါ်နေတဲ့ မိုးခေါင်ရေရှားပါးမှုကို အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်လိုက်ပါတယ်။ Canadian Drought Monitor က သုတေသီတွေအနေနဲ့ မြေပြင်ကို ကွင်းဆင်းလေ့လာမှုတွေ ပြုလုပ်နေပါတယ်"ဟု Canadian Drought Monitor မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# တရုတ်နိုင်ငံ ပြည်နယ်သုံးခုတွင် ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရပြီး ဒေသခံများ ဘေးလွတ်ရာရွှေ့ပြောင်းနေရ

**ပေကျင်း အောက်တိုဘာ ၁၃**

တရုတ်နိုင်ငံ ပြည်နယ်သုံးခုတွင် ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရပြီး ဒေသခံများ ဘေးလွတ်ရာ ရွှေ့ပြောင်းနေရကြောင်း တရုတ်ရေထုအရင်းအမြစ်ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရသည့်ပြည်နယ်များမှာ ရှန်ဇီပြည်နယ်၊ ဟီနန်ပြည်နယ်နှင့် ရှန်းဇီပြည်နယ်တို့ ဖြစ်ကြောင်း၊ မြစ်ဝါမြစ် ရေလျှံတက်မှုကြောင့် အောက်တိုဘာ ၁၂ ရက်မှစတင်၍ ၎င်းပြည်နယ်သုံးခုတွင် ရေကြီးရေလျှံမှုဖြစ်ပွားနေခြင်းဖြစ်ကြောင်း၊ ဒေသခံများကို ကယ်ဆယ်ရေးဝန်ထမ်းများက ဘေးလွတ်ရာ ရွှေ့ပြောင်းရာတွင် ကူညီပေးနေပြီး ယာယီကယ်ဆယ်ရေးစခန်းများတွင် နေရာချပေးထားကြောင်း သိရသည်။

"မြစ်ဝါမြစ်နဲ့ မြစ်လက်တက်တွေမှာ မြစ်ရေလျှံတက်မှုတွေ ဖြစ်ပေါ်နေပါတယ်။ မြစ်ဝါမြစ်နဲ့ မြစ်လက်တက်တွေ စီးဆင်းနေတဲ့ ဒေသတွေမှာ စိုက်ခင်းတွေ အမြောက်အမြား ပျက်စီးနေပါတယ်။ ရေဘေးအန္တရာယ်နဲ့ရင်ဆိုင်နေရတဲ့ ပြည်နယ်တွေကတော့ ရှန်ဇီပြည်နယ်၊ ဟီနန်ပြည်နယ်နဲ့ ရှန်းဇီပြည်နယ်တို့ ဖြစ်ပါတယ်။ ဒေသခံတွေကိုလဲ ကယ်ဆယ်ရေးဝန်ထမ်းတွေရဲ့ အကူအညီနဲ့ ဘေးလွတ်ရာ ရွှေ့ပြောင်းပေးနေပါတယ်။ ရေဘေးအန္တရာယ်ကိုပြန်ရေးကိုလဲ အဆင့်လေးဆင့်နဲ့တုံ့ပြန်နေပါတယ်"ဟု တရုတ်ရေထုအရင်းအမြစ်ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat



# မြောက်ကိုရီးယား၏ နျူကလီးယားရေငုပ်သင်္ဘောတည်ဆောက်မှုအလားအလာ

ရုရှားနိုင်ငံအနေဖြင့် မြောက်ကိုရီးယားနိုင်ငံသို့ နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောတည်ဆောက်ရေးအတွက် နျူကလီးယားဓာတ်ပေါင်းဖိုများ လွှဲပြောင်းပေးဖွယ်ရာရှိသည်ဆိုသောသတင်းသည် အရှေ့အာရှဒေသကို လှုပ်လှုပ်ခတ်ခတ်ဖြစ်ခဲ့ပြီး မြောက်ကိုရီးယား၏ ရေငုပ်သင်္ဘောတည်ဆောက်ရေးအိပ်မက်နှင့် ယူကရိန်းပဋိပက္ခတွင် ရုရှားကို အကူအညီပေးရေးတို့သည် ပိုမိုခိုင်မာလာစေလျက်ရှိသကဲ့သို့ ပစိဖိတ်ဒေသတွင် အမေရိကန်၏ ဟန့်တားမှုစွမ်းဆောင်ရည် ဆက်လက်ထိန်းသိမ်းထားနိုင်မှုနှင့်စပ်လျဉ်း၍လည်း သံသယများကြီးထွားလာစေလျက်ရှိသည်။

ရုရှားနိုင်ငံသည် ဓာတ်ပေါင်းဖို၊ တာဘိုင်နှင့် အအေးခံစနစ်တို့အပါအဝင် အသုံးမပြုတော့သည့် နျူကလီးယားရေငုပ်သင်္ဘောအစိတ်အပိုင်း မော်ဂျူးနှစ်ခုမှ သုံးခုကို ယခုနှစ် ပထမခြောက်လတာကာလအတွင်း မြောက်ကိုရီးယားနိုင်ငံသို့ လွှဲပြောင်းပေးခဲ့ဖွယ်ရာရှိသဖြင့် မြောက်ကိုရီးယားသည် တွန်းကန်အား နည်းပညာရရှိဖွယ်ရာရှိကြောင်း တောင်ကိုရီးယား ထောက်လှမ်းရေးအစီရင်ခံစာများကို ကိုးကားလျက် စက်တင်ဘာလထုတ် သတင်းစာများ၌ ဖော်ပြထားသည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် ရုရှားနိုင်ငံကို ယူကရိန်းပဋိပက္ခအတွက် ခဲယမ်းများ၊ တပ်ဖွဲ့ဝင်များ၊ စားနပ်ရိက္ခာများပံ့ပိုးပေးမှုအတွက် အပြန်အလှန်အားဖြင့် ရုရှားထံမှ နျူကလီးယား ရေငုပ်သင်္ဘောနည်းပညာနှင့် အဆင့်မြင့်ဂျက်တိုက်လေယာဉ်များ အကြိမ်ကြိမ်တောင်းဆိုခဲ့သဖြင့် သဘောတူစာချုပ် ချုပ်ဆိုနိုင်ခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံပိုင် မီဒီယာများသည် ယခုနှစ် မတ်လတွင် နျူကလီးယားစွမ်းအင်သုံး မဟာဗျူဟာမြောက် ပဲ့ထိန်းဒုံးကျည်တင် ရေငုပ်သင်္ဘောတစ်စီးကို ကင်ဂျုံအန်စစ်ဆေးနေသည့် ဓာတ်ပုံများကိုဖော်ပြခဲ့သည်။ သို့သော် မီဒီယာများသည် အဆိုပါရေငုပ်သင်္ဘော၏ ဝန်ပြည့်တန်ချိန်နှင့် စွမ်းဆောင်ရည်များကို အသေးစိတ်ဖော်ပြခဲ့ခြင်း မရှိပေ။ ကျွမ်းကျင်ပညာရှင်များကမူ ရေငုပ်သင်္ဘောသည် တန်ချိန် ၅၀၀၀ မှ ၇၀၀၀ ခန့်ရှိနိုင်ပြီး နျူကလီးယားကျည်ထိပ်ဖူး ၁၀ ခုခန့် သယ်ဆောင်နိုင်မည်ဖြစ်သောကြောင့် ကိုရီးယားကျွန်းဆွယ်နှင့် ထိုင်ဝမ်ရေလက်ကြားတို့တွင် ရေငုပ်သင်္ဘောတိုက်ဖျက်မှုစစ်ဆင်ရေးဆင်နွှဲရာ၌ အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံတို့ကို သိသာထင်ရှားသော ခြိမ်းခြောက်မှုဖြစ်စေမည်ဖြစ်ကြောင်း ခန့်မှန်းတွက်ချက်ထားရှိသည်။

မြောက်ကိုရီးယားနိုင်ငံသည် နျူကလီးယားဓာတ်ပေါင်းဖိုများ တည်ဆောက်နိုင်စွမ်းမရှိသေးသည့်အတွက် ရေငုပ်သင်္ဘောစီမံကိန်းအကောင်အထည်ဖော်ရာတွင် ရုရှားနိုင်ငံအပေါ် မှီခိုအားထားရလျက်ရှိကြောင်း၊ နျူကလီးယားဓာတ်ပေါင်းဖိုများ လွှဲပြောင်းပေးမှုလုပ်ငန်းစဉ်သာ အတည်ဖြစ်ခဲ့မည်ဆိုလျှင် ရုရှားနိုင်ငံ၏လွှဲပြောင်းပေးမှုသည် နျူကလီးယားမပြန့်ပွားရေး စာချုပ်သတ်မှတ်ချက်ကို ချိုးဖောက်မှုပင်ဖြစ်ကြောင်း၊ နှစ်နိုင်ငံစလုံးအနေဖြင့် ပိတ်ဆို့မှုအသစ်များနှင့် ရင်ဆိုင်ရဖွယ်ရှိကြောင်း ပညာရှင်များက သုံးသပ်ထားရှိသည်။

သို့သော် မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားဒုံးကျည်တင် ရေငုပ်သင်္ဘောအစီအစဉ်အပေါ် သံသယများဖြစ်ပေါ်လျက်ရှိသည်။ နျူကလီးယားဒုံးကျည်တင်ရေငုပ်သင်္ဘောစွမ်းဆောင်ရည်ကို အမှန်တကယ်ပိုင်ဆိုင်ပြီလားဆိုသောမေးခွန်းများ ထွက်ပေါ်လျက်ရှိသည်။ မြောက်ကိုရီးယားနိုင်ငံက အဆင့်မြှင့်တင်တည်ဆောက်ထားသော Romeo နှင့် Golf အတန်းအစား ရေငုပ်သင်္ဘောများသည် ဆူညံသံများထွက်ပေါ်သဖြင့် ရေငုပ်သင်္ဘောတိုက်ဖျက်မှုစစ်ဆင်ရေးနှင့် ကြုံတွေ့ရနိုင်ပြီး တုံ့ပြန်တိုက်ခိုက်နိုင်မှုစွမ်းဆောင်ရည်တို့အပေါ် သံသယကြီးထွားလျက်ရှိသည်။

မည်သို့ပင်ဆိုစေ မြောက်ကိုရီးယားနိုင်ငံသည် သမားရိုးကျနှင့် နျူကလီးယားဓာတ်ပေါင်းဖိုများ ပေါင်းစပ်ကာ ပေါင်းစပ်တွန်းကန်အားစနစ်ကို ဆက်လက်သုတေသနပြု တည်ဆောက်လျက်ရှိသည်။ သို့သော် ရေငုပ်သင်္ဘောများ၏ ရေအောက်




တွင် သွားလာနိုင်မှုအကွာအဝေးနှင့် တာဝန်ထမ်းဆောင်နိုင်မှုကာလတို့မှာ ကန့်သတ်ချက်ဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး ဒေသတွင်းရေပိုင်နက်ကို ကျော်လွန်၍ တာဝန်ထမ်းဆောင်နိုင်စွမ်းမရှိသေးသည်ကို တွေ့ရှိရသည်။ မြောက်ကိုရီးယားနိုင်ငံသည် ကန့်သတ်ချက်များရှိနေသည့်တိုင်အောင် နျူကလီးယားဒုံးကျည်တင် ရေငုပ်သင်္ဘောအစီအစဉ်ကို ဆက်လက်အကောင်အထည်ဖော်လျက်ရှိသည်။

မြောက်ကိုရီးယားနိုင်ငံသည် ယခင်က Amnok အတန်းအစား ကော်ဗက်သင်္ဘောများပေါ်တွင် လက်နက်များတပ်ဆင်ကာ ပင်လယ်ပြင်အခြေစိုက် နျူကလီးယားစွမ်းဆောင်ရည် တည်ဆောက်ခဲ့ပြီး Choe Hyeon အတန်းအစားဖျက်သင်္ဘောများပေါ်တွင်လည်း အလားတူတပ်ဆင်ကာ နျူကလီးယားစွမ်းဆောင်ရည် တည်ဆောက်သွားဖွယ်ရာရှိနေသည်။

ဆိုရလျှင် ရေပြင်သွားစစ်ရေယာဉ်များသည် ရေငုပ်သင်္ဘောများထက် အားနည်းချက်ပိုမိုရှိနေသောကြောင့် မြောက်ကိုရီးယားနိုင်ငံသည် နျူကလီးယားဒုံးကျည်တင်ရေငုပ်သင်္ဘော တည်ဆောက်နိုင်ရန် တွန်းအားပေးဆောင်ရွက်နေခြင်းဖြစ်သည်။ သို့သော် ရုရှားနိုင်ငံ၏ ပံ့ပိုးမှုသာမရရှိလျှင် မြောက်ကိုရီးယား၏ နျူကလီးယားဒုံးကျည်တင်ရေငုပ်သင်္ဘောစီမံကိန်းသည် လက်တွေ့အကောင်အထည်ပေါ်လာနိုင်မည်မဟုတ်ချေ။

မြောက်ကိုရီးယားနှင့် ရုရှားနိုင်ငံတို့ကြား ပူးပေါင်းဆောင်ရွက်မှုသည် မူလက လက်တွေ့ကျပြီး အပေးအယူဆန်သောဆက်ဆံရေးဖြစ်ခဲ့သော်လည်း လက်ရှိအချိန်တွင် တပ်ဖွဲ့ဝင်များစေလွှတ်အကူအညီပေးခြင်းအပြင် လက်နက်ခဲယမ်းများနှင့်စွမ်းအင်များ ရောင်းချမှုစာချုပ်များမှသည် နျူကလီးယားနည်းပညာလွှဲပြောင်းပေးမှုအလားအလာများထိ ပူးပေါင်းဆောင်ရွက်မှုတိုးမြင့်လာခြင်းသည် မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးအဖြစ်သို့ ပြောင်းလဲလာခဲ့သည်။

မြောက်ကိုရီးယားနှင့် ရုရှားနိုင်ငံတို့ကြား ၂၀၂၄ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သော ဘက်စုံလွှမ်းခြုံသော မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးဆိုင်ရာစာချုပ်သည် နိုင်ငံပေါင်းစုံပါဝင်သော နိုင်ငံတကာစနစ်တွင် အနောက်အုပ်စုဦးဆောင်သည့် နိုင်ငံတကာအခင်းအကျင်းကို နှစ်နိုင်ငံစလုံးက အကြွင်းမဲ့ဆန့်ကျင်မှုကို အလေးထားဖော်ပြနေခြင်းပင်ဖြစ်သည်။ ထိုအတောအတွင်း တရုတ်နိုင်ငံသည် မြောက်ကိုရီးယား-ရုရှား ဆက်ဆံရေးတိုးတက်လာမှုအပေါ် စောင့်ကြည့်သွားဖွယ်ရာရှိသကဲ့သို့ အမေရိကန်၊ ဂျပန်၊ တောင်ကိုရီးယားပူးပေါင်းဆောင်ရွက်မှုတို့ကိုလည်း အာရုံစိုက်လျက်ရှိသည်။ ဆိုရလျှင် တရုတ်နိုင်ငံသည် မြောက်ကိုရီးယား၊ ရုရှားတို့၏ အဓိကမိတ်ဖက်နိုင်ငံပင်ဖြစ်သည်။

အထူးသဖြင့် တရုတ်သမ္မတရှီကျင့်ဖျင်သည် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့်ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ် ၈၀ ပြည့်အထိမ်းအမှတ်အခမ်းအနား၌ သမ္မတပူတင်နှင့် ကင်ဂျုံအန်တို့ကို ၎င်း၏ ဘယ်ညာဘေး တစ်ဖက်တစ်ချက်၌ ကပ်လျက်နေရာချထားခြင်းသည် သုံးနိုင်ငံကြားဆက်ဆံရေးကို ထင်ဟပ်ပေါ်လွင်စေခဲ့သည်။ သို့သော် တရုတ်နိုင်ငံသည် ၎င်း၏ အနီးအနားတွင် နျူကလီးယားလက်နက်ပြန့်ပွားလာခြင်းသည် ၎င်း၏ကိုယ်ပိုင်လုံခြုံရေးနှင့် လွှမ်းမိုးမှုတို့ ချည့်နဲ့လာနိုင်မှုအပေါ် စိုးရိမ်ပူပန်လျက်ရှိသဖြင့် ဒေသတွင်းတင်းမာမှုများကို စောင့်ကြည့်လျက်ရှိသည်။

ထိုအတောအတွင်း အမေရိကန်၏အနာဂတ် အမျိုးသားကာကွယ်ရေးမဟာဗျူဟာသည် ပြည်ပတွင် အဆင့်တူပြိုင်ဘက်နိုင်ငံများကို တုံ့ပြန်ရန်ထက် ပြည်မကြီးကာကွယ်ရေးနှင့် ကမ္ဘာ့အနောက်ခြမ်းဒေသကိုသာ ဦးစားပေးလုပ်ဆောင်လျက်ရှိသည်။ အမေရိကန်နှင့် ဗင်နီဇွဲလားနိုင်ငံတို့ကြား စစ်ရေးဆိုင်ရာတင်းမာမှုများသည် အမေရိကန်မဟာဗျူဟာပြန်လည်အလေးထားလာမှုကို ဖော်ညွှန်းလျက်ရှိသည်။ အမေရိကန်၏ အနာဂတ်အမျိုးသားကာကွယ်ရေးမဟာဗျူဟာအရ အမေရိကန်အနေဖြင့် ပြည်တွင်းလုံခြုံရေးကို ပိုမိုအာရုံစိုက်လာသဖြင့် ၎င်း၏မဟာမိတ်များအနေဖြင့် ကိုယ်ပိုင်လုံခြုံရေးအတွက် တာဝန်တိုးမြှင့်ထမ်းဆောင်သွားရတော့မည်ဖြစ်သည်။

အမေရိကန်၏ မဟာဗျူဟာပြောင်းလဲမှုသည် အရှေ့အလယ်ပိုင်းနှင့် ဥရောပတို့တွင် အမေရိကန်တပ်ဖွဲ့များတည်ရှိမှုအပေါ် သိသာထင်ရှားသော သက်ရောက်မှုများ ရှိလာနိုင်မည်ဖြစ်သည်။ အထူးသဖြင့် လစ်သူရေးနီးယား၊ လတ်ဗီးယားနှင့် အက်စတိုးနီးယားနိုင်ငံတို့ကို အထောက်အကူပြုနေသည့် ဘောတစ်ဒေသလုံခြုံရေးလုပ်ငန်းစဉ်အပေါ် ရန်ပုံငွေလျှော့ချသွားနိုင်သည်။ ထို့ကြောင့် နျူကလီးယား ပိုင်ဆိုင်ထားသောနိုင်ငံများ၏ လုံခြုံရေးဆိုင်ရာ အာမခံချက်သည် အမျိုးသားအကျိုးစီးပွားကိုသာ ရှေ့တန်းတင်ထားကြောင်းကို အလယ်အလတ်အင်အားရှိသောနိုင်ငံများ နားလည်သဘောပေါက်လာပြီဖြစ်သည်။

သာဓကအနေဖြင့် ပိုမိုခိုင်မာအားကောင်းသော လုံခြုံရေးအာမခံချက်အတွက် နျူကလီးယား လက်နက် သို့မဟုတ် NATO တပ်ဖွဲ့၏ စစ်ရေးအကူအညီကိုရှာဖွေခဲ့သော ယူကရိန်းနိုင်ငံ၏ဖြစ်စဉ်သည် အခြားသောနိုင်ငံများကို အလားတူဖြစ်ရပ်များ ကြုံတွေ့ရနိုင်ကြောင်း သတိပေးလျက်ရှိသည်။ အမေရိကန်နိုင်ငံသည် နိုင်ငံပေါင်းစုံပါဝင်သော ကမ္ဘာ့အခင်းအကျင်းတွင် အဆင့်တူပြိုင်ဘက်နိုင်ငံများကို ယှဉ်ပြိုင်နိုင်ရန် နိုင်ငံရေးဆိုင်ရာစိတ်အားထက်သန်မှုနှင့်အရင်းအမြစ်များဆုတ်ယုတ်လာလျက်ရှိသဖြင့် မဟာမိတ်နိုင်ငံများအနေဖြင့် အမေရိကန်၏ လုံခြုံရေးဆိုင်ရာအာမခံချက်များကို ပြန်လည်သုံးသပ်သွားရန်လိုအပ်နေပြီဖြစ်သည်။ အမေရိကန်အနေဖြင့် ပြည်ပတွင် တပ်ဖွဲ့များတည်ရှိမှုနှင့် ဘဏ္ဍာငွေလျှော့ချမှုများ ဆက်လက်လုပ်ဆောင်သွားမည်ဆိုလျှင် အင်ဒို- ပစိဖိတ်ဒေသသည်လည်း သက်ရောက်မှုခံစားရဖွယ်ရှိနေသည်။

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် အနာဂတ်တွင် တောင်ကိုရီးယားနိုင်ငံကို အင်အားသုံးသိမ်းပိုက်ရန် ကြိုးပမ်းသွားဖွယ်ရာမရှိသော်လည်း ကင်ဂျုံအန်မျိုးဆက်အာဏာဆက်လက်ဆွဲကိုင်နိုင်ရေးအတွက် စစ်ရေးနည်းလမ်းများနှင့် နျူကလီးယားခြိမ်းခြောက်မှုများကို အကန့်အသတ်ဖြင့် အသုံးပြုသွားဖွယ်ရာရှိနေသည်။ ထို့ကြောင့် တောင်ကိုရီးယားနိုင်ငံသည် မြောက်ကိုရီးယားနိုင်ငံကို တုံ့ပြန်နိုင်ရေးအတွက် နျူကလီးယားလက်နက်ပိုင်ဆိုင်နိုင်ရန် ကြိုးပမ်းလာဖွယ်ရာရှိနေသည်။ အလားတူ ဂျပန်နိုင်ငံအနေဖြင့်လည်း နျူကလီးယားလက်နက်ပိုင်ဆိုင်နိုင်ရေးအတွက် ကြိုးပမ်းလာဖွယ်ရာရှိနေသည်။ သို့သော် ဂျပန်နိုင်ငံသည် နျူကလီးယားစွမ်းအင်စက်ရုံ ၆၄ ရုံနှင့် ပလူတိုနီယံအရန်များပိုင်ဆိုင်ထားရှိသောကြောင့် နျူကလီးယားလက်နက်သုတေသနပြု တည်ဆောက်နိုင်ရန်အလားအလာပိုမိုကောင်းမွန်လျက်ရှိသည်။ ထို့ပြင် တရုတ်(တိုင်ပေ)အနေဖြင့်လည်း နျူကလီးယားလက်နက်ပိုင်ဆိုင်နိုင်ရေးအတွက် ကြိုးပမ်းလာဖွယ်ရာရှိနေသည်။

မည်သို့ပင်ဆိုစေ မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားဒုံးကျည်တင် ရေငုပ်သင်္ဘောတည်ဆောက်ရေးရည်မှန်းချက်နှင့် ရုရှားနိုင်ငံ၏ပံ့ပိုးကူညီမှုတို့သည် အရှေ့အာရှတစ်ဝန်း၌ လက်နက်အပြိုင်အဆိုင်တပ်ဆင်မှုများ ဖြစ်ပေါ်လာနိုင်ပေသည်။ အထူးသဖြင့် အမေရိကန်သည် ပြည်ပနိုင်ငံများတွင် စစ်အင်အားဖြန့်ကြက်မှုနှင့် ဘဏ္ဍာငွေသုံးစွဲမှုပိုမိုလျှော့ချလာမည်ဆိုလျှင် အရှေ့အာရှဒေသတွင် ကိုယ်ပိုင်နျူကလီးယားလက်နက်များတည်ဆောက်နိုင်ရေးအတွက် အပြိုင်အဆိုင်ကြိုးပမ်းလာဖွယ်ရာရှိကြောင်း သုံးသပ်တွေ့ရှိရသည်။

**ကိုးကား**

- **Russia aiding and abetting North Korea's nuke sub dream by Asia Times.**

**ဝင်းဇင်(သုတေသန)**

# တမူးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲဧက ၂၁၅၀ စိုက်ပျိုးမည်


ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

**တမူး အောက်တိုဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေပဲ ဧက ၂၁၅၀ စိုက်ပျိုးမည်ဖြစ်ကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တမူးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲစိုက်ပျိုးရန် မြို့နယ်လိုက်လျာထားမှုအနေဖြင့် မြို့သစ်မြို့နယ်တွင် ဧက ၄၀၀၊ တမူးမြို့နယ်တွင် ဧက ၇၀၀၊ ခါမ်းပါတ်မြို့တွင် ဧက ၁၀၅၀ ဧက စုစုပေါင်း ဧက ၂၁၅၀ ဖြစ်ပြီး ယခုနှစ် အောက်တိုဘာလ စတုတ္ထပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ တမူးခရိုင်မှာ မြေပဲဧက ၂၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးသွားမှာပါ။ ဆီထွက်သီးနှံ မြေပဲစိုက်ပျိုးမှု အနေနဲ့ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက် စိုက်ပျိုးလာကြပြီး အောင်မြင်တဲ့အနေအထားမှာရှိပါတယ်"ဟု တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

တမူးခရိုင်တွင် မြေပဲစိုက်ပျိုးရာ၌ တစ်ဧကလျှင် မျိုးတစ်တင်းခွဲ စိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများအပါအဝင် ကုန်ကျစရိတ် ငွေကျပ်နှစ်သိန်းကျော်ရှိကြောင်း၊ မြေပဲတစ်ဧကစိုက်ပျိုးပါက တင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

တမူးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးမည့် မြေပဲစိုက်ခင်းများကို အောင်မြင်ဖြစ်ထွန်းစေရေး၊ ပိုးမွှားရောဂါ ကျရောက်မှုမရှိစေရေး၊ ပေါင်းမြက် ကင်းစင်စေရေး အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများရယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ဆီထွက်သီးနှံမြေပဲကို အထွက်နှုန်းတိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ဆီထွက်သီးနှံမြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

# ဘိုကလေးမြို့နယ်တွင် ထောပတ်ပဲနီများ အရောင်းအဝယ် ကောင်းမွန်နေ

**ဘိုကလေး အောက်တိုဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ပဲဈေးကွက်တွင် ထောပတ်ပဲနီ (အပြားကြီး)များ အရောင်းအဝယ်ကောင်းမွန်လာကြောင်း ဘိုကလေးမြို့နယ် ပဲအမျိုးမျိုး ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်နီဝင်းက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်တွင် ပဲအမျိုးမျိုးရောင်းဝယ်ရေး ဈေးကွက်တွင် လက်ရှိ အောက်တိုဘာလပထမပတ်မှ ယနေ့တိုင် ထောပတ်ပဲနီ(အပြားကြီး) များ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါထောပတ်ပဲနီ(အပြားကြီး) ၁၆ ပြည်ဝင် အိတ်ရေအများအပြား အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း သိရသည်။


"လက်ရှိ ဒေသဈေးကွက်မှာ အခြားပဲတွေထက် ထောပတ်ပဲနီက ဝယ်လိုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေပါတယ်။ လက်ရှိ အောက်တိုဘာလ ပထမပတ်ကစတင်ပြီး အရောင်းအဝယ်ကောင်းလာတာပါ။ ပြည်တွင်းဈေးကွက်က ဝယ်လိုအားကောင်းလာလို့ အခုလို အရောင်းအဝယ်ကောင်းနေတာပါ။ ကုန်သည်တွေ၊ ဝယ်လက်တွေက ဆက်လက်ဝယ်ယူဖို့ ချိတ်ဆက်တာတွေလဲ ရှိပါတယ်။ အခုလို ထောပတ်ပဲနီတွေ အရောင်းအဝယ်ကောင်းလာတော့ ဒေသက ပဲစိုက်ပျိုးတဲ့သူတွေ အဆင်ပြေလာပါတယ်"ဟု ဘိုကလေးမြို့နယ် ပဲအမျိုးမျိုးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်နီဝင်းက ပြောပြသည်။


ဘိုကလေးမြို့နယ် ပဲမျိုးစုံ ရောင်းဝယ်ရေး ဈေးကွက်တွင် အရောင်းအဝယ်ကောင်းနေသည့် ထောပတ်ပဲ(အပြားကြီး) ၁၆ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၈၁၀၀၀ ထိ ပေါက်ဈေးရှိနေကြောင်း သိရသည်။

အဆိုပါ ထောပတ်ပဲနီ (အပြားကြီး)များ အရောင်းအဝယ်ကောင်းလာခြင်းကြောင့် ပဲစိုက်ပျိုးတောင်သူများ၊ ပဲသိုလှောင်ထားသည့် လုပ်ငန်းရှင်များ၊ ကုန်သည်များ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ၊ ကုန်တင်ကုန်ချ လုပ်သားများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

## ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်



# (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်း ရေးသား၊ စပ်ဆိုဖွဲ့နွဲ့ သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့်ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ အများအပြားကိုဖြစ်စေထည့်သွင်းဖွဲ့ဆိုရေးသားနိုင်ပါသည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန်အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာ့ဂန္ထဝင်ကဗျာရေးထုံးနှင့် ကိုက်ညီသည့်ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို(အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့်ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ)ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်း/ဝါသနာရှင်) စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့်ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်)နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု (ဝတ္ထုတို/ဝတ္ထုရှည်)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu Font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်းဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀,၀၀၀ ကျပ် |

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀,၀၀၀ ကျပ် |

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀,၀၀၀ ကျပ် |

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀,၀၀၀ ကျပ် |

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀,၀၀၀ ကျပ် |

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀,၀၀၀ ကျပ် |

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၆၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၄၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၃၀၀,၀၀၀ ကျပ် |

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၆၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၅၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၄၀၀,၀၀၀ ကျပ် |

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

INNWA BANK LIMITED

ယုံကြည်စိတ်ချ အားထားရန် မြန်မာ့အင်းဝဘဏ်







အင်းဝဘဏ်လီမိတက် ဘဏ်ခွဲပေါင်း (၅၅)ခု နှင့်
နိုင်ငံခြားငွေ လဲလှယ်ရောင်းဝယ်ရေးကောင်တာ
( MONEY CHANGE COUNTER )
(၁၃) ခုတို့တွင် လူကြီးမင်း၏ ငွေကြေးဆိုင်ရာ ကိစ္စရပ်များအား
လွယ်ကူလျင်မြန်စွာ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

- စာရင်းရှင်အပ်ငွေစာရင်း
- အချိန်ပိုင်းအပ်ငွေစာရင်း
- ပြည်တွင်းငွေလွှဲလုပ်ငန်း
- ဘဏ်အာမခံလုပ်ငန်း
- နိုင်ငံခြားဘဏ်လုပ်ငန်း
- ငွေစုဘဏ်အပ်ငွေစာရင်း
- ချေးငွေများထုတ်ချေးခြင်း
- ငွေပေးအမိန့်လွှာလုပ်ငန်း
- အပ်ငွေစာရင်းချိတ်ဆက်ခြင်း

အင်းဝဘဏ်လီမိတက်(ရုံးချုပ်)နေပြည်တော်
ဖုန်း-၀၆၇ ၃၄၃၄၇၅၁၊ ၀၆၇ ၃၄၃၄၇၅၂

အင်းဝဘဏ်လီမိတက်(ရန်ကုန်)
ဖုန်း-၀၁ ၂၅၆၂၅၄၊ ၀၁ ၃၇၄၇၅၂

အင်းဝဘဏ်လီမိတက်(မန္တလေး)
ဖုန်း-၀၂ ၄၀၃၆၅၇၇၊ ၄၂၄၅၉၅၊ ၄၀၂၂၀၁၊ ၂၈၄၈၄၁



ချစ်ရတဲ့သူတွေ လက်ဆောင်ပေးထားတဲ့ ထီလက်မှတ်တွေကို ဘယ်လိုယူကြမလဲ ?

5 Digits




ထီလက်ဆောင် ပေးရန် Scan

"လက်ဆောင်"သို့ဝင်ပြီး "ထီလက်မှတ်ရယူမည်" ကိုရွေးပါ။ ထို့နောက် လက်ခံရရှိထားသော QR ကို Scan ဖတ်လိုက်ရုံနဲ့ ထီလက်မှတ်လက်ဆောင်တွေ ပိုင်ဆိုင်နိုင်ပါပြီ။ လက်ခံရရှိထားသော ထီလက်မှတ်များကို "ကျွန်ုပ်၏ထီလက်မှတ်" တွင် စစ်ဆေးနိုင်ပါသည်။

*117# ကို ခေါ်ဆိုပြီး Mytel ဖုန်းဘေလ်ဖြင့် 5 Digits အောင်ဘာလေအွန်လိုင်းထီ ကံစမ်းလို့ရပါပြီ။


## ပျောက်ဆုံးကြောင်း

မဟာအောင်မြေမြို့နယ်၊ ဟေမမာလာမြောက်ရပ်ကွက်နေ ဒေါ်မာမာသင်း(၉/ပသက(နိုင်)၀၆၇၄၇၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-785883543

## ပျောက်ဆုံးကြောင်း

မဟာအောင်မြေမြို့နယ်၊ ဟေမမာလာမြောက်ရပ်ကွက်နေ မသဇင်ထွန်း(၉/မဟမ(နိုင်)၀၆၃၃၂၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-785883543

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်နေ ဦးခွန်မောင်မောင်ဆန်း (ဘ) ဦးတင်မြင့် (ခ) ခွန်နိုင်(၁/မညန(နိုင်)၁၆၀၃၅၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(MG-799987)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-259230988


ရှင်းသန့်

Painting service

ဆေးသုတ်ဝန်ဆောင်မှု

☎ 09774253254, 09983828949.


သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရှေ့တိုက် ကိုစိုး

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ အနီးစခန်းနေ (၈/ပခက(နိုင်)၂၇၅၂၄၁)ကိုင်ဆောင်သူ ဦးထွေးအောင်နှင့် ဦးထွန်းထွန်းဦးသည် တစ်ဦးတည်းဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ဦးထွေးအောင် (ခ) ဦးထွန်းထွန်းဦး
(၈/ပခက(နိုင်) ၂၇၅၂၄၁)

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ အထက(ခွဲ)ကြည့်မြင်တိုင်၊ Grade-11 တွင် ပညာသင်ကြားနေသော မောင်ရဲလင်းအောင်၏ဖခင်အမည်မှန်မှာ ဦးစောနိုင်ဦးဖြစ်ပါကြောင်း။

ဦးစောနိုင်ဦး(၉/တတဥ(နိုင်)၀၈၃၂၂၈)

## အမည်ပြောင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အထက(ခွဲ)-၁၄ ကျောင်း၊ Grade-3 တွင် ပညာသင်ကြားနေသော (ဘ) ဦးသန့်ဇင်ထူး၏သား မောင်မင်းဘုန်းပြည့်အား မောင်ဘုန်းမြတ်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ မောင်ဘုန်းမြတ်

## ဖခင်အမည်မှန်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဆွေသဟ(ဘက)ကျောင်း၊ Grade-3 တွင် ပညာသင်ကြားနေသော မသံစဉ်ချမ်းငြိမ်းသူ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးငြိမ်းချမ်းချစ်ဖြစ်ပါကြောင်း။

ဦးငြိမ်းချမ်းချစ်(၅/ကဘလ(နိုင်)၁၃၈၈၅၃)

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရောစင်တာသို့
ဆက်သွယ်နိုင်ပါသည်။
ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

❖ အလျင်အမြန်ပြောင်းလဲနေသည့် ကမ္ဘာ့စီးပွားရေးနှင့်အတူ ကောင်းမွန်စွာ လိုက်ပါရှင်သန်နိုင်ရေးအတွက် မိမိတို့အနေဖြင့် လူသားအရင်းအမြစ်များ ရင်းနှီးမြှုပ်နှံကြရမည်၊ လုပ်သားအင်အားစုကြီးကို ပညာသင်ကြားပေးမှုနှင့် လေ့ကျင့်ပေးမှုများ အသေအချာလုပ်ဆောင်ပေးရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် မတ် ၂၁ ရက်တွင် ပြုလုပ်သော ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ သုံးသပ်ဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနား ကျင်းပ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၃**

၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ရေခဲတောင်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ **စာမျက်နှာ ၁၉ ကော်လံ ၁** ☆

# မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ ယုတ္တိမရှိသည့် စွပ်စွဲမှုများ ကန့်ကွက်ပယ်ချ

ဂျီနီဗာမြို့တွင် စက်တင်ဘာ ၈ ရက်မှ အောက်တိုဘာ ၈ ရက်ထိကျင်းပခဲ့သည့် လူ့အခွင့်အရေးကောင်စီ၏ အကြိမ် ၆၀ မြောက် အစည်းအဝေးကာလအတွင်း ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီး၏အစီရင်ခံစာနှင့် မြန်မာနိုင်ငံဆိုင်ရာလွတ်လပ်သော စုံစမ်းစစ်ဆေးရေးယန္တရားဆိုသည့်အဖွဲ့၏ အစီရင်ခံစာတို့အပေါ် ပေါင်းစပ်အပြန်အလှန်ဆွေးနွေးမှုကို ပြုလုပ်ခဲ့ပါသည်။ ယခုအကြိမ်တွင်လည်း ယခင်အကြိမ်များနည်းတူ သက်ဆိုင်သည့်နိုင်ငံမှ ကိုယ်စားလှယ်အား ပါဝင်ခွင့်မပြုဘဲ ကျင်းပခဲ့ခြင်းသည် လူ့အခွင့်အရေးကောင်စီ၏အခြေခံမူများဖြစ်သည့် အပြုသဘောဆောင်သည့်ဆွေးနွေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့နှင့်သွေဖည်လျက်ရှိသည်။ **စာမျက်နှာ ၂၁ ကော်လံ ၁** ❑

# ၂၀၂၇ အာရှဖလားခြေစစ်ပွဲ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းနှင့် ဆီးရီးယားလက်ရွေးစင်ဘောလုံးအသင်းတို့၏ ခြေစစ်ပွဲစဉ် တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် အောက်တိုဘာ ၁၃**

၂၀၂၇ ခုနှစ် အာရှဖလားခြေစစ်ပွဲအဖြစ် မြန်မာ့လက်ရွေးစင်အမျိုးသားဘောလုံးအသင်းနှင့် ဆီးရီးယားအသင်းတို့သည် အောက်တိုဘာ ၁၄ ရက်**(ယနေ့)** ညနေ ၅ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်ကို ယင်းနေ့ ညနေ ၄ နာရီ ၄၅ မိနစ်မှစတင်၍ MRTV HD Channel၊ MRTV Entertainment Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

